

VIEW
PUBLISHED BY VIEW
ဗျူး
ချစ်သောစကားကိုဆိုခြင်း

# အခန်း (၁)

ဖုန်းသံက အဆက်မပြတ် မြည်နေသည်။

သူ ဂရုမစိုက်တဲ့ ရွှယ်စူးကို ညင်သာစွာ မွေ့ချို၍ မွေ့ရာထက်မှာ ချသိပ်လိုက်၏။

အချိန်တိုင်း ဒါကိုပဲ တဖုံမွှေးမွှေး ပူပင်စိုးရွံ့နေခဲ့သမျှ တကယ် ကြုံခဲ့ရပြီမို့ ရင်ထဲမှာ အေးစက်စက် မာကျောသွားခဲ့၏။

မှန်းတီးစရာကောင်းအောင် မနားတမ်းမြည်နေသည့် ဖုန်းရှိရာသို့ အေးဆေးစွာ ပြန်လျှောက်ခဲ့သည်။

အနားရောက်တော့ ဖုန်းကိုကောက်ယူလိုက်သည်။

သို့သော်

" ရှင်းရင်ပိုရှုပ်တယ်ကွ "

" မင်း ဂရုမစိုက်သလို သူကလည်း ဂရုမစိုက်ဖို့က အချစ်

ရှိဖို့လိုတယ် ”

ဦးရန်အောင်ပြောသည့် စကားတွေကို သတိရလိုက်သည်၊ ခုချိန်ထိ ရွှယ်ရှုးက သူ့ကို တကယ်မှန်းမသိ နောက်မှန်းမသိ ‘ မချစ်ဘူး ’ ဆိုသော စကားကို ပြောနေဆဲ။

ပြီးတော့ ဖုန်းကိုကိုင်လျက် သွတ်ကျသွားသည်အထိ ခေါင်းငုံ့သွားခဲ့သော ချောက်ချားနေသော မျက်နှာလေး။

“ ဟဲလို ”

“ တို့မှန်းသိတယ်မို့လား စက် ဟဲလိုတွေဘာတွေ လုပ်မနေပါနဲ့ စောစောက ဖုန်းကိုင်တာ ဘယ်သူလဲ ”

“ သူ့ဇာကျော် ဘာလုပ်မလို့လဲ ”

တစ်ဖက်က ဟင့်ခနဲ မဲ့လိုက်သံထွက်လာပြီး

“ မင်း မညာတတ်ပါဘူး ညာရလောက်အောင်လည်း တို့ကို ဂရုမစိုက်ခဲ့ဘူးလို့ ထင်တယ် မှန်မှန်ဖြေစမ်းပါ သူဘယ်သူလဲ ”

“ မညာမှန်းသိရင်လည်း ယုံလိုက်တော့လေ ထပ်မေးနေတာက ဇော်ကားတာလား ”

“ အရမ်းအံ့ဩစရာ ကောင်းနေလို့ပေါ့ မင်းကို တို့ဝေးကွာနေလည်း ကျေနပ်ထားခဲ့တာ မင်းရဲ့စောင့်ထိန်းတတ်မှုကို ယုံလို့ မိန်းကလေးတွေနဲ့ မရွှပ်တတ်ဘူးဆိုတာ သိလို့ ဒါပေမဲ့ အခုစိတ်ထဲမှာ

တစ်စုံတစ်ခု ဖြစ်သွားပြီ စောစောက ဖုန်းကိုင်လိုက်တဲ့ မိန်းကလေးက တို့အသံကြားတော့ သိပ်ကိုကြောက်လန့်သွားခဲ့တာ အဲဒါ မဟုတ်တာ လုပ်တဲ့ မရိုးသားမှုပဲ အခု မင်းဘယ်မှာလဲ ''

'' အိမ်မှာ သူ့ဇာကျော်က ဦးအောင်ရဲ့မိန်းကလေး သူ့မှာ ပြဿနာ နည်းနည်းရှိနေလို့ မနက်ကပဲ လာထားသွားတာ ဒီမှာ မမမိုး ကျွန်တော်ရှင်းပြနေတာ မဟုတ်ဘူး တစ်ဖက်ကမိန်းကလေးရဲ့ ဂုဏ်သိက္ခာ ကြောင့် ပြောပြနေတာ ''

'' ဘာ ဂုဏ်သိက္ခာ ဟုတ်လား မင်းပြောသလို ဦးရန်အောင်နဲ့ ပတ်သက်လာတဲ့ မိန်းကလေးမှန်ရင် ဘာဂုဏ်သိက္ခာမှ ရှိမှာမဟုတ်ဘူး မလိုချင်ဘူး စက် အဲဒီမိန်းကလေး မင်းအရိပ် မင်းခြံဝင်းထဲမှာ ကြာရှည် မရှိပါစေနဲ့ ''

'' အဲဒါ မမမိုး အမိန့်ပေးဖို့ မလိုပါဘူး ကျွန်တော့်ဘက်က ဘော်ဒါကဗျာ ''

'' ဘော်ဒါကဗျာကို မင်းကြိုက်သလို ကူညီလို့ရတယ် မိန်းကလေးတစ်ယောက် . . . ''

စက်က ဖုန်းကို နားမှခွာ၍ တက်ခေါက်သည်။

ပိတ်ပစ်လိုက်မှ အသံတိတ်သွားတော့သည်။

တကယ်ဆို ဒီမိန်းမကို သူဘယ်တုန်းကမှ ဂရုစိုက်ခဲ့တာမဟုတ်

ခုကျမှ . . . ဖူး

တစ်စုံတစ်ရာကို တွေးမိကာ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။ သူ မလုံမလဲ ဖြစ်သွားတာကို မမိုး ရိပ်မိသွားပြီလား။

အလွန်အကင်းပါး၍ ကွက်ကျော်မြင်တတ်သော မိုးကောင်းကင် မျက်ဝန်းတွေကို သတိရမိတော့ ရင်ထဲမှာ ပူလာပြန်သည်။

သူဟာ ဘယ်ကိစ္စကိုမှ ဖြေရှင်းပြောပြခဲ့ဖူးတာ မဟုတ်။

အခု သူလျှာခလုတ်တိုက်သွားတာကို သတိထားမိသွားပြီလား။

ဖုန်းနံပါတ်တစ်ခုကို ထပ်ခေါ်လိုက်သည်။

ဦးရန်အောင်ထံသို့

✿ ✿ ✿ ✿ ✿

# အခန်း (၂)

မျက်ရည်တို့သည် မြက်ဖျားနှင်းတို့လို တဖျတ်ဖျတ် တဖိတ်ဖိတ် ခိုတွယ်နေသော်လည်း ပါးပြင်ထက်သို့ ပြိုဆင်းမလာတော့ပါ။

အံကြိတ်ထိန်းချုပ်ထားတာလည်းမဟုတ်။

ရင်ထဲမှာ တင်းကျပ်စွာ နှောင်ဖွဲ့ထားဆီးနေရတာ မဟုတ်ဘဲ တရိပ်ရိပ် အေးခဲသွားသော ရေမျက်နှာပြင် တစ်ခုလိုဖြစ်သည်။

ရွှယ်ရွှး ဘယ်ကိုမှ ကြည့်နေခြင်းမရှိ။

မွေ့ရာထက်မှာ ငုတ်တုတ်လေးထိုင်ကာ တစ်ဖက်ထောင်ထားသည့် ဒူးပေါ်မှာ လက်ဖဝါးလေးနှစ်ဖက် ထပ်တင်လျက် ကပိုကရို ပုံစံလေးနှင့်ဖြစ်၏။

" ရွှယ်ရွှး ကိုယ့်ကိုစကားပြန်ပြောစမ်းပါ ဒါမှမဟုတ် ကိုယ်ထိ လက်ရောက်ဖြစ်ဖြစ် တစ်စုံတစ်ရာ ပေါက်ကွဲလိုက်ပါကွာ ဒီလိုကြီးကြိတ်ခံ

မနေပါနဲ့ ကိုယ့်မှာအပြစ်တွေ ရှိပါတယ် မင်းကိုလိမ်ညာခဲ့တယ် ဖျက်ဆီးစော်ကားခဲ့ပါတယ် အဲဒီအတွက် ''

ရွှယ်ရွှေးတဖြည်းဖြည်း လှည့်ကြည့်လှုပ်ရှားလာသဖြင့် စက်၏စကားသံ ရပ်တန့်သွားသည်။

'' ဘယ်သူမှ မမှားပါဘူး ရွှယ်ရွှေးမှားခဲ့တာ ဦးစက်က လိုက်ရှာခေါ်ခဲ့တာမှ မဟုတ်တဲ့ ရွှယ်ရွှေးကရောက်လာခဲ့တာ အားလုံးဟာ ပျက်စီးဖို့လမ်းကြောင်းရှိနေခဲ့တဲ့ ရွှယ်ရွှေးရဲ့ ကံကြမ္မာတွေပဲ ''

'' မဟုတ်ဘူး အဲဒီလို ကိုယ့်ကိုယ်ကို ပုံမချပါနဲ့ ဒါတွေ ကိုယ့်ကြောင့် ဖြစ်ခဲ့တာ ''

ရွှယ်ရွှေး နှုတ်ခမ်းအစုံမှ မဲ့ပြုံးကြောင့် စက် ရင်ထဲမှာ နင့်သွားသည်။

'' တော်ပါတော့ ဦးစက်ရယ် ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ဒုတိယနေရာရောက်ခဲ့ရတဲ့ ရွှယ်ရွှေးဘဝကို ဘာနဲ့မှ အဖတ်ဆယ်ယူလို့ မရတော့ပါဘူး ငါမှားပြီဆိုပြီးတော့ နောက်ပြန်ဆုတ်ဖို့လည်း ရွှယ်ရွှေးအတွက်မြေမရှိတော့ဘူး တစ်ဘဝလုံးမှာ တစ်ယောက်တည်း တစ်ကောင်ကြွက်ခြေဖဝါး လက်ဖဝါး သက်သက်နဲ့ ရပ်တည်နေရတဲ့ မိန်းမတစ်ယောက်အဖို့ဘာများတုံ့ပြန်ရှောင်ဖယ် နိုင်ဦးမှာလဲ ဦးစက်ထားသလို နေရမှာပါ 'ငါမိန်းမသိသွားပြီ ထွက်သွားတော့' ဆိုရင်လည်း သွားပေးပါ့မယ် ''

“ ရွယ်ရှူး ”

သူ ရွယ်ရှူးဘေးမှာ ဖျတ်ခနဲ ထိုင်ချလိုက်ကာ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။

ရွယ်ရှူးသည် အဆိပ်ပြင်းသော သတ္တဝါတစ်ကောင်၏ ရန်မှ ကာကွယ်သလို လက်နှစ်ဖက်လုံးကို ရင်ခွင်ထဲ ထည့်ပစ်၏။

ထို့နောက် သူ့မျက်နှာကို မော့ငေး၍ ပြည့်အိုင်နေသော မျက်ရည်တို့ကို မျက်တောင်ရှည်များနှင့် ပုတ်ခတ်ဖယ်ရှားဖို့ ကြိုးစား၏။

ဒါပေမဲ့ ခမ်းခြောက်သွားသည့်အပြင် ညာဘက်ပါးပြင်မှ မျက်ရည်ပူတစ်စက် လိမ့်ဆင်းကျလာ၏။

“ ထားသလိုနေမယ်ဆိုတာက အိမ်ဖော်အလုပ်သမားအနေနဲ့ ဖြစ်ဖြစ် နေပါ့မယ်လို့ ပြောချင်တာ ထွက်သွားဖို့အဆင်သင့် ပြင်ထားတာက ဦးစက်အားမနာတမ်း ပြောနိုင်ဖို့ပါ ရွယ်ရှူးကို မရိုးသားစွာ မဆက်ဆံပါနဲ့လို့ တားနိုင်စွမ်း မရှိပေမယ့် ဦးစက် ရွယ်ရှူးကို တကယ် စာနာသနားတယ်ဆိုရင် အဲဒါကို စဉ်းစားပေးပါ ရွယ်ရှူး အဖြစ်တစ်ခုကို သိနေလျက်နဲ့တော့ ဆက်ပြီးမကျူးလွန်ပါရစေနဲ့ ”

“ ရွယ်ရှူး မဟုတ်ဘူး မင်းဟာ ဒုတိယနေရာမှာ မဟုတ်ဘူး ဝါယာယတွေးမွေ့ခဲ့တာ မင်းသာပထမဆုံး မင်းကကိုယ့်ရဲ့အချစ်ဦးပါ ကိုယ့် ရင်ခွင်ထဲကနေ သီးခြားခွဲထွက်နေဖို့အတွက် မတောင်းဆိုပါနဲ့ ရွယ်ရှူးရယ်

နီးနီးဖြစ်ဖြစ် ဝေးဝေးဖြစ်ဖြစ် ကိုယ်ခွင့်မပြုနိုင်ဘူး ”

“ ဟင့်အင်း ”

စက်က ဖွတ်ဖက်သည်။

ရွှယ်ရူးက အတင်းပြန်ရုန်း၏။

နှစ်ယောက်လုံး မွေ့ရာနုနုထက်သို့ ရင်ချင်းအပ်လျက် လဲကျသွားသည်အထိ စက်ကမလွှတ်ပါ။

“ မင်းဟာ ကိုယ့်ရဲ့မဟေသီပါ အားလုံးကို ရှင်းပစ်နိုင်တဲ့တစ်နေ့ထိ မင်းသည်းခံပါ ရွှယ်ရူးရယ် မင်းကိုကိုယ်မစွန့်လွှတ်နိုင်ဘူး ဘယ်မှလည်း မသွားရဘူး ဘယ်သူယူသွားတာမှလည်း မခံနိုင်ဘူး အဲဒီအတွက် ကိုယ်ဟာလူကြမ်းကြီး ဖြစ်သွားလိမ့်မယ် အဲဒါမင်းကို ချစ်လွန်းလို့ပါ နောက်တော့ မင်းသိလာမှာပါ ရွှယ်ရူးရယ် ”

ရွှယ်ရူး အံကလေးကြိတ်ထားမိသည်။

“ အနမ်းများက မနွေးတော့ပါ။

ရင်ထဲမှာ ဖြစ်သင့်တာထက်ပို၍ ခံစားနေရသည်။

ကြေကွဲသင့်တာထက်ပိုကာ အရည်ပျော်လုလု ဖြစ်နေပါပြီ။

ရက်စက်လိုက်တာ ဦးစက်ရယ်။

ဦးစက်ဟာ ဒီလိုလူ

သူမဟာ ဒီလိုဘဝမျိုးထဲ ရောက်နေခဲ့သည်မှာ အိပ်မက်တောင်မှ

မမက်ခဲ့ဘူးပါ။

သူမဘဝတစ်လျှောက်လုံးမှာ နုသစ်သောရင်ခုန်ခြင်းဖြင့် တွယ်တာခဲ့ဖူးတာ လောင်းရိပ်တစ်ယောက်ပဲ ရှိသည်။

ဒါပေမဲ့ ဟိုတစ်ချိန် ဘဝများဟာ ပူလောင်လွန်းလှသည်။

သူမမှာ ချစ်ဖို့ ရင်ခုန်ဖို့ထက် ဝမ်းရေးက အဓိကဖြစ်နေခဲ့၏။

မပြည့်စုံသည့် ဘဝကို ပင်ပန်းနွမ်းနယ်စွာ လျှောက်ရင်း လောင်းရိပ်နဲ့သူမဘဝဟာ သူငယ်ချင်းထက်ပိုသော သံယောဇဉ်ဖြင့်သာ

ဦးစက်ကို သူမ အားကိုးခဲ့သည်။

ချောမောပြည့်စုံသော

ယုယကြင်နာတတ်လွန်းသော ဖွံ့မက်ဖွယ်ကောင်းအောင် ခန့်ညားတင့်တယ်သည့် မင်းစက်ရာဆိုသည့် ယောကျာ်းကိုတော့ အထင်ကြီး စွဲလမ်းခဲ့ခြင်းမှစ၍

ဦးစက်ကို ရှယ်ရူးချစ်ခဲ့လေသည်။

ဖွင့်မပြောဖြစ်သေး ၁၃ဉ်ထဲမှာ ဦးစက်ကိုပေးဖို့ နေရာက ရှိနေခဲ့သည်။

ခုတော့ သူမအဖြစ်ဟာ လူစားဝင်ပါဆိုလို့ မောကြီးပန်းကြီး ပြင်ဆင်လေ့ကျင့်ထားခဲ့ပြီးကာမှ တကယ်ပြိုင်တော့မှ

'မင်းပါဖို့ မလိုတော့ဘူး' ဆိုသည့် အဖြစ်မျိုး။

**စိုးမိုးစာပေ**

ကိုယ့်နေရာမဟုတ်တော့လည်း ဖယ်ပေးရုံပဲ ရှိတော့သည်။

ထို့ပြင် အုတ်အော်သောင်းနင်း ဆူညံစည်ကားနေသော မြို့ကြီးပိုင်းအတွင်းမှထွက်ဖို့ သူမအတွက် လမ်းကြောင်းရှာမတွေ့ပြီ။

သြော် အဆိပ်ဖြင့် ပြီးခဲ့သည်ပဲ။

✿ ✿ ✿ ✿ ✿

# အခန်း (၃)

" ရွှယ်စုး "

အခန်းတံခါးခေါက်ကြည့်လိုက်ပြီးမှ အထဲမှ လှုပ်ရှားသံ သဲ့သဲ့လေး တစ်ချက်ကြားလိုက်ရတာကို နားစွင့်ကြည့်သည်။

ပြီးတော့ ဘာမှတုံ့ပြန်မှုမလာသောအခါ စက် တံခါးကို တွန်းဖွင့် ဝင်လိုက်သည်။

ရွှယ်စုးက မှန်တင်ခုံရှေ့မှာထိုင်လျက် ခရေပန်းလေးတွေကို အေးဆေးစွာ သီကုံးနေ၏။

ဖြူဖျော့ဖျော့မျက်နှာလေးက အားနည်းနွမ်းလျသည့် အသွင် လေးဖြစ်နေပေမယ့် စက် မျက်လုံးထဲမှာ လှနေသည်သာ။

ခုတစ်လောမှာ အရင်လို ရယ်မြူးရွှင်ပျှဟန်တွေ ဘာတွေမရှိ တော့သော ရွှယ်စုးသည် သူခေါ်တိုင်းဘယ်တော့မှ ပြန်မထူးဖို့လည်း

ဆုံးဖြတ်ချက် ချထားပုံရလေသည်။

ဒါကိုလည်း စက် ခွင့်လွှတ်ခဲ့ရသည်။

နူးညံ့နွေးထွေးမှုတို့ ခမ်းခြောက်သွားပြီဖြစ်သော သက်မဲ့ရုပ်လေးလို မိန်းမလှလေးအား သူ့မှာ ခွင့်လွှတ်သည်းခံရင်း မြတ်နိုးယုယနေခဲ့ရတာကိုလည်း ကိုယ့်ကိုယ်ကို သိမ်ငယ်သည်မထင်မိ။

မျက်လွှာလေးချထားပြီး ပန်းသီနေသည့် ရွှယ်ရွှေး လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ မျက်နှာကို မြင်ရအောင် မုန့်တင်ခုံမှာ တံတောင်နှစ်ဖက်ထောက်၍ ငုံ့ကြည့်ရသည်။

" ရွှယ်ရွှေး "

မျက်လွှာပင့်ကြည့်လာသည့် ရွှယ်ရွှေးမျက်နှာလေးက အပြုံးအရယ်မဲ့ကာ ဘာမှမရှိ။

" ကိုယ်ဒီနေ့ ဘာလုပ်ခဲ့လဲ သိလား "

ရွှယ်ရွှေးကဘာမှမပြောဘဲ မျက်လွှာချပစ်၏။

လက်ကိုရုန်းတော့ သူကပန်းကုံးကိုပဲ ဖြေယူလိုက်ကာ လက်ကလေးကို လွှတ်ပေးလိုက်သည်။

ပြီးတော့ ဘေးစားပွဲက ခုံကိုဆွဲယူထိုင်ကာ ပန်းကိုကိုယ်တိုင်သီပေးမိသည်။

ရွှယ်ရွှေးက ပြန်ပေးပါလည်းမပြော လှုပ်ရှားသွားသည်လည်း

မရှိဘဲ ဒီတိုင်းတောင့်တောင့်လေး ထိုင်နေသည်။

မမေးတော့လည်း ပြောချင်နေသူကပဲ အလိုက်ကမ်းဆိုးမသိ ပြောရပါသည်။

" ကိုယ်ခြံနဲ့နှစ်ထပ်တိုက်လုံးချင်းလေး ဝယ်ခဲ့တယ် ဘယ်သူ့နာမည်နဲ့လဲ သိလား "

သူ စကားရပ်၍ ရွှယ်ရှူးကိုကြည့်သည်။

ရွှယ်ရှူးက စိတ်ဝင်စားဟန် မပြပါ။

အေးစက်စွာ ငြိမ်သက်နေခဲ့သည့် မျက်ဝန်းတို့က သက်ဝင်ပန်းချီကားတစ်ချပ်လောက်ပင် လှုပ်ရှားတောက်ပမှုမရှိ။

စက် မျက်နှာမသာမယာ ဖြစ်သွားမိသည်။

ဒါပေမဲ့ ရွှယ်ရှူးကို သူနားလည်သည်။

ဒီကနေ့ ရွှယ်ရှူး သွားခွင့်တောင်းသည်။ သူမပေးခဲ့။

လွှတ်လပ်ပါရစေဟု တောင်းဆိုသည်။

ဘယ်လိုအခင်အားနဲ့ သူခွင့်ပြုရမလဲ။

ချစ်သော လှသော နွဲ့သော ဒီမိန်းမလှလေးကို တွေ့မြင်နေရပါလျက်နှင့် ကင်းကင်းနေဖို့က စိတ်ကူးကြည့်လို့ပင် မရပါ။

ထိုအကြောင်းများနှင့်ပတ်သက်၍ ရွှယ်ရှူးကိုသူ ဒုတိယအကြိမ်သိမ်းပိုက်ရသလို ဖြစ်သွားသည်။

အချစ်ကိုမရသေးဘဲ အမုန်းခံလိုက်ရသည့် နယ်ပယ်ထဲမှာ ရွှယ်ရှူးကို သိမ်းပိုက်ထားခဲ့တာ သူဟာလူကြမ်းကြီးပဲ ဖြစ်သည်။

ထိုအခါ မခေါ်မပြောဘဲ နေခဲ့သော

အေးစက်စိမ်းကားစွာ ရှိခဲ့သည့် ရွှယ်ရှူး၏ ဆက်ဆံပုံ တို့ဖြင့် သမျှအတွက် သူ ရင်နာစွာနဲ့ပဲ လစ်လျူရှုနိုင်ဖို့ ကြိုးစားရ၏။

စက်က ထထွက်သွားရန် အရှိန်ယူလိုက်သည့် ရွှယ်ရှူး လက်ကလေးကို ဖမ်းဆုပ်ထားလိုက်စဉ်က

" အဲဒါလေ အဲဒါကို ရွှယ်ရှူးအတွက် ဝယ်လိုက်တာ သိလား ကိုယ့်အိတ်ထဲမှာ သော့တွဲနဲ့ တချုပ်တွေအားလုံးပါတယ် ရွှယ်ရှူးကို အခုလို အခန်းထဲမှာ ထည့်ပိတ်ထားတာက ချစ်လွန်းလို့ပါ ရွှယ်ရှူးရယ် အဲဒါကိုတော့ အထင်မလွဲပါနဲ့ မင်းကလွဲပြီး ကိုယ်တယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး ဆုံးရှုံးမခံနိုင်တာကို အနိုင်ကျင့်တယ်လို့ မထင်လိုက်ပါနဲ့ "

" ဦးစက် "

ရွှယ်ရှူးက တိတ်ဆိတ်စွာ နေခဲ့သမျှ နာကျည်းသော မျက်ဝန်းများနှင့်ပြန်၍ စိုက်ကြည့်ရင်း

" ဒီစကားတွေပဲ ဘာဖြစ်လို့ လာလာပြောနေရတာလဲ ချစ်တာ ခင်တာတွေ ရွှယ်ရှူးနားထဲမှာ မချိုတော့ဘူး အချစ်ခံရတာ မဟုတ်ဘဲ သစ်စိမ်းချိုးချိုးပြီး နေခြောက်လှန်းခံခဲ့ရတဲ့ ဘဝတစ်ခုကို ဦးစက် ဘာတွေပဲ

ထပ်ပြောနေနေ ပုံပြင်တွေပဲ ဒီနေ့ရော မနက်ဖြန်ရော ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး အဲဒါက ရွှယ်ရိုးဆိုတဲ့ ဘဝတစ်ခု ပျက်စီးသွားပြီ ဦးစက်ကို နားလည်လက်ခံပေးစရာ အသည်းနှလုံး မရှိတော့ဘူး ''

'' ပြောပါ မင်းကြိုက်သလို ပြောနိုင်ပါတယ် မရှိတော့ဘူးဆိုတဲ့ မင်းရဲ့အသည်းနှလုံး ပြန်လည်ရောက်ရှိပြီး အသက်ဝင်လာမယ့် တစ်နေ့ နေ့ကို ကိုယ်စောင့်မယ် ဒီထဲမှာ ထည့်ပိတ်ထားတာကိုတော့ ချစ်လွန်းလို့ ဆိုတာ မင်းနားလည်စေချင်တယ် ယုံကြည်ထိုက်တော့မှ ယုံပါ တနေ့နေ့မှာ သက်သေပြနိုင်မယ်လို့ ကိုယ်ထင်တယ် ''

ရွှယ်ရိုးကမဲ့သည်။

စက်က ပန်းကုံးလေးကိုပဲ ဝရုစိုက်၍ ပြုံးအောင်သီနေသည်။

အခန်းလေးဟာ ကြာရှည်စွာ တိတ်ဆိတ်သွားခဲ့၏။

အခန်းထဲမှလွဲ၍ ဘယ်မှလည်း သွားခွင့်မရသည့် ရွှယ်ရိုးသည် နေရာမှထလာကာ ပြတင်းပေါက်နားမှာ ရပ်၏။

ဒီနေရာဟာ တိုက်၏အပေါ်ထပ်နောက်ဖေးထောင့်ခန်း ဒါပေမဲ့ ကျယ်ဝန်း၍ ထည်ဝါသပ်ယပ်သည်။

အပေါ်စီးမှနေ၍ ပတ်ဝန်းကျင်ခြံတွေတိုက်တွေကို အနည်းငယ်မျှ မမြင်ရသော်လည်း သက်ရင့်ပင် ပန်းအလှပင်တို့နှင့် အုပ်ဆိုင်းလှပနေသည့် ကိုယ့်ခြံတွင်းကိုတော့ ရှင်းလင်းစွာ မြင်နေရ၏။

ဒီနေရာလေးမှာပဲ ရပ်နေခွင့်ရခဲ့သည့် ဘဝမှာ ရွှယ်စုး လွတ်လပ်စွာ ငေးခွင့်ကြည့်ခွင့်ရတာလည်း ဒီမြင်ကွင်းလေးတွေပဲ ဖြစ်သည်။

အစကတည်းက မကောင်းခဲ့သော ရွှယ်စုးဘဝတစ်လျှောက်လုံးသည် အဆုံးကိုမမြင်ရသေးပေမယ့် မျက်စိတဆုံးထိ မသေချာမလှပစွာ ရှိနေဆဲပါလား။

" ဒီမှာပြီးသွားပြီ ရွှယ်စုးပန်းမှာလား "

အနားကိုရောက်လာသော စက်က ရွှယ်စုးလက်ဖဝါးလေးကို ဆွဲယူဖြန့်၍ ခရေပန်းကုံးလေးကို ထည့်ပေးသည်။

ရွှယ်စုးက ပန်းကုံးကိုမကိုင်။

လက်ကိုတင်းနေအောင် ဆုပ်ပစ်၍ ပြန်ရုန်း၏။

စက်က ဖိကိုင်ထားသဖြင့် ဒီဘက်လက်နှင့် ပန်းကုံးကို ပုတ်ပစ်လိုက်သည်။

" မလိုချင်ဘူး ဒီပန်းကို ဘုရားတင်ရအောင် ရွှယ်စုးမှာ ဘုရားရှိခိုးခွင့်ရော ရှိလို့လား ဘုရားမမြင်ရ လူမမြင်ရနဲ့ ဒီထဲမှာ ကျင်ကြီးကျင်ငယ် စွန့် ရေချိုးခွင့်ပြုပေးထားတာနဲ့ပဲ ကျေးဇူးတွေဆပ်လို့ မကုန်ဖြစ်နေခဲ့တာ အပိုတွေ ဘာလို့မေးနေတာလဲ "

ပြောနေရင်း မျက်ရည်တွေကျလာတော့ စက်ဘာမှမပြောနိုင်ဘဲ ရူးစိုက်ငေးကြည့်နေခဲ့၏။

" ဟွန်း ခရေပန်းကို ပန်မှာလားတဲ့ ခရေကိုရွှယ်စုံးက ပန်မလို့ သိနေတယ်မှတ်လို့လား မုန်းလွန်းလို့ မုန်းသထက်မုန်းလို့ရအောင် တစိမ့်စိမ့် ခံစားမွေးမြူနေတာ ရွှယ်စုံးဘဝက ခရေထက်တောင် ဆိုးနေသေးတာ ဒီလိုမျက်နှာငယ်ရတဲ့ ပန်းမျိုးကို မြတ်နိုးစရာလား သွားပါဦးစက် ဒီကထွက်သွားပေးပါ "

" ရွှယ်စုံးရယ် မင်းဒီလောက်ထိ ခံစားနေရသလားဟင် "

" အို . . . ဟင့်အင်း လွှတ် . . . "

စက်က ရွှယ်စုံး တစ်ကိုယ်လုံးကို တင်းကျပ်စွာ သိမ်းကျုံးပွေ့ဖက်ထားလိုက်၏။ ပြီးတော့ လွှမ်းမောနာကျင်မှုများနှင့် ဖိကပ်နမ်းရှိုက်ခြင်းတို့ကို အခမဲ့ဆန်စွာ ပေးခဲ့၏။

နှစ်ယောက်ခြေထောက်တို့ကြားမှာ ဝပ်စင်းနေခဲ့ရှာသော ခရေပန်းကုံးလေးက ပိကပ်ပြားကြေသွားခဲ့၏။

ရွှယ်စုံးသည် သူမကိုယ်တိုင် ရင်ထဲမှာ ဘယ်ဟာအစိကမုန်းမသိမုန်းသော ကြောက်ရွံ့သော ဤသို့သော ခွေးတွေးမှုတို့ကိုလည်း မလွန်ဆန်နိုင်ခဲ့သည့် ကျရှုံးမှုများနှင့် ရွှေလောင့်ချိုင့်စံ မင်းသမီးလေး ဖြစ်နေခဲ့ရ၏။

သူမ ဘယ်လိုအချိန်မှာ ရုန်းထွက်နိုင်မှာလဲ။

## အခန်း (၄)

မျက်နှာကိုလက်ဝါးနှင့် ဖိပွတ်လိုက်မိသည်အထိ အမြင်ထဲမှာရော စိတ်ထဲမှာပါ ကြည်လင်လန်းဆန်း သွားတာမျိုးမဖြစ်။

နာရီကို မြှောက်ကြည့်နေစဉ် တယ်လီဖုန်းက မြည်လာ၏။

သူ လှမ်းကြည့်လိုက်သည်နှင့် အတွင်းရေးမှူးက ထလာပြီး ဖုန်းကိုင်သည်။

စိတ်ထဲမှာ ဘယ်သူ့ဆီကဖုန်း ဆိုတာလည်း မသိချင်။

အတွင်းရေးမှူး ဘာအကြောင်း ပြောနေတာကိုလည်း စိတ်မဝင်စား။

သူ မျှော်နေမိသည်က ဦးရန်အောင်ပဲဖြစ်၏။

ထိုစဉ် ရှေ့ကတံခါးချပ် ရှပ်ခနဲပွင့်သွား၏။

ဦးရန်အောင် မျက်နှာကို မြင်လိုက်ရမှ ကုတ်ကွေးနေခဲ့သော

စက် မျက်ခုံးအစုံ ပြေကျသွားကာ

" အဆင်ပြေလား "

ဦးရန်အောင်က ခေါင်းညိတ်ပြပြီး သူ့ဘေးမှာ ဝင်ထိုင်၏။

" တစ်နေရာသွားရအောင် "

ဟု ပြောတော့ နှစ်ယောက်လုံး ထရပ်လိုက်ကာ မှာစရာရှိတာ မှာခဲ့ပြီး သူတို့ပြောဆို တွေ့ဆုံနေကျ စားသောက်ဆိုင် တစ်ခုထဲက သီးသန့်ခန်းလေးထဲ ရောက်ခဲ့ကြ၏။

" ကျွန်တော် စိတ်မကောင်းပါဘူး "

စားစရာတွေ မှာလိုက်ပြီး စက် စိတ်ပျက်သံနှင့်ဆိုသည်။

ဦးရန်အောင်က ခေါင်းခါ၍ အသင့်ရှိနေသည့် ရေအေးဘူးလေးထဲက ရေနှင့်ပလုတ်ကျင်းလိုက်သည်။

" ဒါ မလိုပါဘူး ကိုယ့်အတွက်ပြဿနာ နည်းနည်းရှိပေမယ့် မင်းအတွက် အရမ်းခက်ခဲနေတာကို ဖြေရှင်းနိုင်တော့ ဒါအသေးအဖွဲပဲ မင်းကြောင့် ကိုယ် ပျော်ရွှင်ခွင့်ရခဲ့တယ် ပြည့်စုံခဲ့တယ် မင်း လိုက်လျှော ခဲ့တာတွေ နည်းတာမှမဟုတ်တဲ့ ကိုယ့်ဘက်ကတောင် နည်းပါသေးတယ်"

" သူဇာကျော်က ကျေနပ်ရဲ့လား "

" အစကတည်းက သူကကိုယ့်ကို မျှော်လင့်ခဲ့တာပါ မကျေနပ်ဖို့မှမရှိတဲ့ နေ့လည်က မင်းအိမ်မှာပဲ ကိုယ်အချိန်ကုန်ခဲ့တာ သူလည်း

မရှိပ်မိဘူး ပျော်နေတယ် အဟွန်း မကျေနပ်တဲ့ နေမလား၊ စက်ရယ် ကိုယ်တောက်ပံ့ခဲ့တာ နည်းတာမှမဟုတ်တဲ့ ဒါတွေလည်း မင်းပျည့်တွေ ကိုယ်ပင်ပန်းတာ ဘာမှမရှိဘူး ကိုယ့်အတွက် မပူစမ်းပါနဲ့ မင်းပဲ အားတင်းထား ဒီလိုပဲ စက်ရဲ့ ချော်မလဲဘူးတော့ အရက်ကွဲတာ ဒူးမြဲတာက ရေးကြီးခွင်ကျယ်ပေါ့ ခဏခဏ လဲကြည့်ပါလား ရှက်ဖို့ ရယ်ဖို့တောင် သတိမရတော့ဘူး"

ဦးရန်အောင်နဲ့တွေ့တိုင်း ရင်ထဲမှာ အားရှိသွားရတာတော့ အမှန်ပဲဖြစ်သည်။

သူ့မျက်နှာမှာ အခက်အခဲဆိုတာ ဘယ်တော့မှ မတွေ့ရ။

အမြဲတမ်း တပြုံးပြုံးပဲဖြစ်သည်။

ရှုပ်ပွေတတ်သည့် သူ့အကျင့်ကြောင့် ဒီလိုအဖြစ်မျိုးတွေကော ဒီ့ထက်ဆိုးဝါးသော အဖြစ်တွေလည်း ကြုံဖူးသည်။

ကြုံလာတိုင်းလည်း အပြုံးပျက်ခဲ့တာ မရှိခဲ့။

သွေးအေးတတ်တာ ကောင်းပေမယ့်လည်း သူ့အကျင့်ကို စိတ် မကြိုက်ခဲ့ပါ။

ဦးရန်အောင်ကို သူခင်၍ လက်မလွှတ်နိုင်ခဲ့တာက သပ်သပ်။

ဦးရန်အောင် ရှုပ်သမျှ သူမသိချင်ယောင်ဆောင်ခဲ့ရတာတွေ ကိုယ်တိုင်ရှင်းပေးခဲ့ရတာတွေ အများကြီးပဲ ဖြစ်သည်။

အားပေးနေခဲ့တာ မဟုတ်သော်လည်း ဦးရန်အောင်ကို သူ ခွင့်လွှတ်ခဲ့သည်။

သူ့ထံမှ ခွင့်လွှတ်လိုက်လျော့မှုများကြောင့်လည်း ဦးရန်အောင် တစ်ယောက် ပျော်ရွှင်ခွင့်ရခဲ့သည်။

သုံးဖြုန်း ရယ်မောနိုင်ခဲ့သည်။

ဒါတွေဟာ ကျေးဇူးတရားတွေ ဖြစ်ခဲ့၏။

ထိုကိစ္စများကြောင့် မိုးကောင်းကင်ကလည်း ပြောဖူးသည်။

" ဦးရန်အောင်ရဲ့ စရိုက်သဘာဝက မင်းနဲ့တူညီတာ မဟုတ်ဘူး နော်၊ သိပ်အရေးမပေးနဲ့ တို့ကသတိပေးတာ တို့မြတ်နိုးတာက မင်းရဲ့ တည်တည်တင်းတင်း နေထတ်တဲ့ မာနကြီးကြီး ရှိးသားတဲ့စတိုင်လ် ဒီစရိုက်မျိုးတွေ ကူးစက်မှာတော့ လက်မခံချင်ဘူး " တဲ့

သူ့မှာ တကယ်ကူးစက်သွားခဲ့ပြီလား။

အတွေးများနှင့် စက်မျက်နှာကပို၍ ညိုမှောင်လာ၏။

သူတော်ချင်းချင်း သတင်းမွှေ့ရွှေ့ ဟုဆိုသည်။

ဦးရန်အောင်နဲ့သူ တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားပြီလား။

တစ်ကိုတ်တည်း တစ်ဉာဏ်တည်း ဆိုတာမျိုးလား။

မဟုတ်ဘူးလို့ပဲ သူ ခေါင်းခါမိသည်။

တစ်သက်လုံးမှာ သူချစ်ခဲ့တာ ရွှယ်စုးကိုပဲဖြစ်သည်။

ပန်းများစွာကို တပ်မက်ခဲ့တာ မဟုတ်။

ဒါပေမဲ့ ဦးရန်အောင်ပါဝင်မှ ဖြေရှင်းလို့ရမည့် ပြဿနာက မလိုလားပေမယ့် တူညီတိုက်ဆိုင်စွာ ဖြစ်လာခဲ့သည်။

မရည်ရွယ်ပါဘဲ သူ့ဘက်မှာ မရိုးသားမှုတွေ ဖြစ်ခဲ့ရ၏။

အလွန်ဆိုးဝါးသော စည်းတစ်ဘက်ခြားထဲမှာ သူဟာ လူယုတ်မာ တစ်ယောက် ဖြစ်ခဲ့ပြီ။

ဒါပေမဲ့လည်း သူ ဂရုစိုက်တာ တစ်ခုပဲရှိသည်။

ဒါက ရွှယ်စုး မုန်းသွားမှာကိုပဲ ဖြစ်၏။

ထို့အတွက်ကြောင့် လွတ်မြောက်ခွင့်တစ်ခုရဖို့ သူ ကြိုးပမ်းနေရသည်။

ဤသည်မှာ လှည့်ပတ်မှုတွေ ယုံလွယ်မှုတွေ လုပ်နေရ၏။

တကယ်ဆို မိုးကောင်းကင်ကို သူ ဂရုမစိုက်ပါ။

မစိုက်လို့မရသည်က ရွှယ်စုးကြောင့်ဖြစ်၏။

မပိုင်ကြပေမယ့် ဆိုင်နေခွင့်ရှိအောင် မိုးကောင်းကင်က ချုပ်ကိုင်ထားနိုင်ခဲ့သည်။

ဟိုတုန်းကတော့ ဒါတွေကို သူ အမှတ်တမဲ့ နေခဲ့ပါသည်။

" မင်း ဒီပိန်းမနဲ့ပြတ်စဲထားဖို့တော့ ကောင်းတယ် ငက်

ကိုယ့်မှာတကယ့်ကို ရှေ့ဆက်ဖို့ ဆန္ဒမရှိတော့ရင် ပြီးခဲ့တာကို ဖြတ်ချ ထားခဲ့ဖို့ပေါ့ နောင်တစ်ချိန်ဆိုတာ မင်းအတွက်ရှိလာဦးမှာ ''

ဟု ဦးရန်အောင်က သတိပေးခဲ့တာကိုလည်း ခေါင်းငြိမ့်ခဲ့ဖူးသည်။

'' ဒီမိန်းမနဲ့ဘာကိစ္စကိုမှ မရှင်းချင်ဘူး သူစကားပြောတိုင်း ကောက်ကျစ်မှုတွေ ရှိနေတာကော ပိုင်စိုးချင်တဲ့ သူ့မျက်လုံးတွေကိုကော ဘာမှကျွန်တော် ရင်မဆိုင်ချင်ဘူး သူ့ဟာသူဘာဖြစ်နေနေ ကျွန်တော့် ဘက်က ပြတ်နေရင် ပြီးတာပဲ ''

လို့တောင် ပြောခဲ့မိသေးသည်။

ခုကျမှ ရှန်းထွက်ဖို့ ကြိုးစားဖို့က ဘေကယ့်ကျဉ်းထဲကျပ်ထဲ ရောက်နေခဲ့ပြီဖြစ်၏။

'' ဘာတွေတွေးနေတာလဲ ဝက် မင်း စိတ်ညစ်နေသလား ကိုယ်သိတယ် မင်းစိတ်ထဲမှာ အားငယ်စိတ်တွေလည်း ဖြစ်နေတယ် နောင်တတွေရော မွန်းကျပ်တာတွေရော အဲဒီထဲမှာ အချစ်စိတ်က ဝိတ်လျောင်ခံနေရပြီး ဆေးမင်ကြောင်တွေ ရှုပ်ယှက်ခတ်အောင် အခြစ်ခံ ထားရတဲ့ နံရံကြီးတစ်ခုလို အချစ်စိတ်တွေ ညစ်နွမ်းပျောက်ကွယ်နေပြီ''

ဦးရန်အောင်က သူ့ရင်ထဲကို ခွဲစိတ်ကြည့်ပြီး တစ်ခုစီအဖြေ ထုတ်ပေးနေသည်။

ခွဲစိတ်ဆရာဝန်တစ်ဦးထက် တိကျသော အဖြေကို ချပြပြောနေ

သော ဦးရန်အောင်၏ ပြုံးနေသည့် နှုတ်ခမ်းအစုံက ပိုင်နိုင်မှု များနှင့် ၅၅

စက် ဘာမှမပြောနိုင်။

ပြောသမျှ မဟုတ်ဘူးလို့ ငြင်းနိုင်တာ ဘာမှမရှိ။

" မင်း ကိုယ်အကြံပေးတာကို လက်ခံပါ ဆရာမတင်ချင်လည်း ပြောတဲ့အတိုင်းပဲ မင်းလုပ်ရင် အကျိုးမယုတ်နိုင်ဘူးဆိုတာ ယုံစမ်းပါကွာ မင်းကိုယ့်လိုလူကို ဆရာတင်ချင်မှာ မဟုတ်ဘူး ဒါပေမဲ့ လူဆိုးလည်း ဆိုးတဲ့ဘက်မှာတော့ သူကဘုရင်ပဲ ကိုယ်တော်တဲ့ဘက်မှာ မင်းက ညံ့နေတယ်ဆိုတော့ တတ်တဲ့သူကို ဆရာတင်ရတာ သည်းခံလိုက်ပါ "

" ကျွန်တော် ဘာလုပ်ရမလဲ "

ဦးရန်အောင်က အသံမထွက်ဘဲ ရယ်ရင်း ခေါင်းညိတ်လိုက်သည်။

" မင်း ဒီတိုင်းပဲနေလိုက် ငါအကြံပေးမယ် တပည့်လုပ်နိုင်းတာ မဟုတ်ဘူး နာခံဖို့ပဲ လိုတာ "

စက်က ရောက်လာသည့် စားစရာတွေကို အဓိပ္ပါယ်မဲ့ ငုံ့စိုက်ကြည့်ကာ

" ရွယ်ရှုးကို ကျွန်တော်သိပ်ချစ်တယ် "

" ဒါ ကောင်းတာပဲ "

" သူ့ကို စွန့်လွှတ်လိုက်ဖို့ ဘယ်တော့မှ စိတ်မကူးဘူး "

" စိတ်ကူးလိုက်ရင် မင်းမှားမှာပေါ့ "

ဦးရန်အောင်က တူတစ်စုံကို ဆွဲယူ၍ အိတ်ကို စိပ်ပြေနပြေ ဖွင့်ထုတ်နေသည်။

စားစရာကို စိတ်ဝင်စားသည့် မဟုတ်ဘဲ စက်၏ မျက်နှာကိုပဲ ကြည့်၍

" ရွယ်ရူးဟာ မင်းအတွက် မွေးဖွားလာတဲ့ ဝိန်းကလေးပါ မင်းရင်ထဲမှာ သူ့ကိုသန့်စင်တဲ့ ပန်းလေးတစ်ပွင့်ပဲဆိုတာကို စွဲနေတယ် မင်းမှတ်ထားစမ်းပါ ယောကျ်ားကောင်းဆိုရင် ဘယ်လိုပန်းနဲ့မဆို ထိုက်တန်တယ် အခုကာက ကိုယ့်ကြောင့် နွမ်းကြေမသွားဖို့ပဲ မင်းလက်ထဲက လွတ်ကျသွားရင်သာ ရွယ်ရူးဘဝပျက်မှာ "

" သူ ကျွန်တော့်ကို မုန်းနေတယ် ဒီအဖြစ်တွေကို သူလက်ခံနိုင်လာအောင် ကျွန်တော်ဘယ်လို ကြိုးစားယူရမှန်းမသိဘူး "

" မကြိုးစားနဲ့ ချောတိုင်တက်သမားလို တက်ဖို့ကြိုးစားလေ ချော်ကျလေပဲ အခုက မင်းဆုပ်ဖမ်းထားရမှာက မင်းရဲ့စိတ် စိတ်ကို အများနဲ့ ဆုံးဖြတ်ထားတဲ့ တစ်စုံကိုပဲ မဖြစ်မနေလုပ် မိုးကောင်းကင် အခု ကိုယ့်နောက်မှာ တတန်းတန်းပါနေတာ ကိုယ်သိသားပဲ သူ မင်းကို ထိပ်ပုတ်ပြီး ရန်မစရဲသေးဘူး "

" မစရဲတာ မဟုတ်ဘူး ဦးအောင်၊ နောက်ကိုခြေတစ်လှမ်း

ဆုတ်ထားတဲ့သဘော မပိုင်သေးလို့ ရှေ့မတက်တာ မိုးကောင်းကင်ကို ခင်ဗျားရှော့မတွက်နဲ့ "

" မတွက်ပါဘူး ကိုယ်ဆိုလိုတာက သူ့ရဲ့ပစ်မှတ်က အခု လောလောဆယ်မှာ ကိုယ်ကအဓိက ဖြစ်နေတာလို့ ပြောချင်တာ မင်းက သူဇာကျော်လို့ ပြောလိုက်တော့ ဒါ ဟုတ် မဟုတ် သူလိုက်တာ ကိုယ့်နောက်ကိုပဲလေ ဒါကြောင့်လည်း ကိုယ်က ပြီးခဲ့တဲ့ဇာတ်လမ်းကို ပြန်ဆက်နေရတာ "

" အဲဒီအတွက် စိတ်မကောင်းပါဘူး ကျွန်တော့်ပါးစပ်ထဲကို အဲဒီနာမည် ရောက်လာတာ ဘာဖြစ်လို့မှန်း မသိဘူး "

" သူ့ကိုမင်းက သနားခဲ့တာကိုး "

ရယ်နေသည့် ဦးရန်အောင်မျက်နှာကို စက်က မျက်မှောင်ကုတ်ကြည့်သည်။

မဟုတ်လို့လားဆိုသော ရယ်သံသဲ့သဲ့နှင့် ဦးရန်အောင်က မေးဆတ်ပြ၏။

ဟုတ်ခဲ့ပါသည်။

ပြောရလျှင် သူဇာကျော်ဆိုသော မိန်းကလေးကလည်း ရှယ်ရှား ဘဝနှင့် ခပ်ဆင်ဆင်ပဲ ဖြစ်၏။

ဦးရန်အောင်နဲ့သူဇာကျော် စပြီးဆုံဆည်းစဉ်ကတည်းက

ဦးရန်အောင် ပြောလို့သူသိခဲ့သည်။

ရှုပ်တာပွေတာကို မနှစ်မြို့သည့်စိတ်က ယဉ်စစ နုနုငယ်ငယ်လေးနှင့် ဆင်းရဲရှာသော သူဇာကျော့ကို တနာစိတ်နှင့် ကြည့်မိခဲ့ခြင်းဖြစ်သည်။

ကောင်မလေးအပေါ် ဂရုစိုက် လိုက်လျောဖို့လည်း ပြောခဲ့ဖူးသည်။

“ ဦးအောင်ရဲ့စိတ်အားလုံးကို သူ့အပေါ်မှာပဲ စုပုံအဆုံးသတ်လိုက်ပါ အချစ်ဆိုတာ မြတ်နိုးအပ်တဲ့အရာပဲ ”

“ ဟား ဟား ဟား ”

ထိုစဉ်က ဦးရန်အောင် ရယ်လိုက်တာကိုလည်း သူ သဘောမကျခဲ့။

နောက်တော့ သူဇာကျော့်နဲ့ဇာတ်လမ်းလေး ပြီးဆုံးသွားပြီဟုကြားခဲ့ရ၏။

အခု မထင်မှတ်ပဲ ကိုနှာမည်ကို သူထည့်ပြော သုံးစွဲမိသောအခါ ဦးရန်အောင်ကိုပဲ အကြောင်းကြားခဲ့ရသည်။

သူ ထိုနာမည်ကို ပါးစပ်ထဲ ဘယ်လိုရောက်လာခဲ့မှန်းမသိ။

ဒါပေမဲ့ သူဇာကျော့်နဲ့ ဦးရန်အောင်ကတော့ နောက်ထပ်တစ်ကြိမ် ဆုံဆည်းသွားခဲ့ပြီ ဖြစ်သည်။

ဒါက ဦးရန်အောင်သည် သူ့အတွက် သက်သက်နှင့် ကူညီလိုက်ခြင်းဖြစ်မှန်းလည်း သူသိသည်။

ထို့ကြောင့် ကိုယ့်အပြစ်မကင်းသလို ခံစားနေမိရကာ ဦးရန်အောင်ကို တောင်းပန်နေမိခြင်းဖြစ်၏။

" မလိုပါဘူး သူ့ဇာ့ကို ကိုယ်တကယ်ချစ်ခဲ့တာပါ လမ်းခွဲခဲ့ဖူးတာက အဆင်မပြေနိုင်တာလေးတွေ ရှိနေလို့ အခုအဆင်ပြေသွားပြီလို့ပဲ မင်းမှတ်လိုက် မင်းကြောင့် မဟုတ်ဘူး " တဲ့။

စက် ပင့်သက်မောကို ချ၍ မတို့မထိရသေးသည့် စားစရာတွေကို မဟုတ်ဘဲ နာရီကိုမြှောက်ကြည့်သည်။

ဦးရန်အောင်က ပြုံးလိုက်၏။

စက် ဒီကနေ လစ်တော့မယ်ဆိုတာ သူသိနေလို့။

✿ ✿ ✿ ✿ ✿

# အခန်း (၅)

" သေချာလား "

" သေချာပါတယ် သူ့ဇာကျော်ဆိုတဲ့ အမျိုးသမီးကို တစ်နေ့ကနိ 'ကိုမင်းစက်' အိမ်မှာပဲထားပြီး ညနေစောင်းမှ ခေါ်ထုတ်သွားတာ ဒီနေ့တော့-အဝတ်အိတ်တစ်လုံးပါ ပါတယ် "

ဒါ ဟုတ်ပုံမလား။

မိုးကောင်းကင် ဆိုဖာမှာ ခြေချင်းချိတ်ထိုင်လျက် အလွန်လက်ရာမြောက် ကြွရွနေသော ကျွန်းကုလားထိုင်ကြီး၏ နောက်မှီမှာ ခပ်လျော့လျော့ မှီလိုက်သည်။

လက်တင်ပေါ်မှာ လက်ထောက်မေးတင်ကာ လေးလေးနက်နက် စဉ်းစားနေ၏။

တစ်နေ့တည်း တစ်ရက်တည်း မဟုတ်။

သူမ စုံစမ်းစောင့်ကြည့် ခိုင်းခဲ့တာ တစ်ပတ်ရှိတော့မည်

ဒီအတိုင်းပဲ ပြန်ပြောနေခဲ့၏။

သတင်းပေးသူကလည်း တစ်ယောက်တည်း မဟုတ်။

နှစ်ယောက်လုံး တူညီစွာ ပေးပို့လာသည့် သတင်းဟာ အမှ
တော့ မဖြစ်နိုင်။

ပြီးတော့ စက်ဟာ သူမသိသာယဝင်ဲ့သလို ဖြစ်ခဲ့လျှင်တော့
ဒီလောက်ထိ ယုတ္တိ ယုတ္တာရှိအောင် ကြိုးစားဖုံးဖိ နေမည့်သူ မဟုတ်

ပြောကြကြေးဆို သူမနဲ့အကြင်လင်မယား ဆိုသည့်အဖြစ်ကို
ကြာခဲ့ပါပြီ။ မပေါင်းသင်းကြ ကွဲကွာခဲ့ကြတာလည်း နှစ်တွေကြာပြီ ဖြစ်

သူမကသာ ပြတ်သားကျောနိုင်းကြသည့် အဖြစ်ကို အရော
မခံနိုင်သောကြောင့် စက် ရှိသည့်နေရာတိုင်း တကောက်ကောက်
လိုက်ခဲ့သည်။

မုန်း၍ပဲဖြစ်ဖြစ် သူ မကြည့်၍ ရန်ဖြစ်နေရသည့် အဖြစ်မျိုးကို
ဖြစ်စေ သူမ ကျေနပ်လက်ခံနေခဲ့ပါသည်။

ခုချိန်မှာ ဒီလိုဖြစ်လာရင် သူမ ပါဝင်ပတ်သက်နိုင်ဖို့

စက်ကို သူမချစ်သည်။

ဝေးနေရတာကို လက်ခံထားနိုင်တာက ကိုယ့်ကိုမချစ်မှန်း
သိ၍ဖြစ်သော်လည်း သူများအတွက် ရင်ခွင်တစ်ခု မဖြစ်စေရ။

စက်အား ဘယ်သူ့ကိုမှ ပိုင်ဆိုင်ခွင့်မပေးနိုင်ပါ။

ခုချိန်မှာ စက်ကသာ လွတ်လပ်ခွင့် တစ်စုံတစ်ရာနှင့် ပတ်သက်၍ ရင်ဆိုင်ပြောဆိုလာမည်ဆိုလျှင်

" ကျွန်တော်တို့ စောင့်ကြည့်ပေးရဦးမလား သူငွေး "

ရှေ့မှာရှိနေသည့် လူတစ်ယောက်လုံးကို အသံကြားမှ သတိရ၏။

" အင်း ဒီလောက်တော့ မလိုတော့ဘူး ဦးရန်အောင်ဆိုတဲ့ လူကို မျက်ခြေမပြတ်စေနဲ့ အခုဒီအတိုင်းပဲနော် စက် လုံးဝမရိပ်မိစေနဲ့ "

" စိတ်ချပါ ကျွန်တော့်ကောင်တွေက စိတ်ချရတဲ့သူတွေပါ "

ထိုလူရွယ် ထွက်သွားတော့ မိုးကောင်းကင် စားပွဲပေါ်မှာ ချထားသည့် ဟန်းဖုန်းလေးကို ကောက်ယူလိုက်၏။

" ဟဲလို. . . ကိုယ်ပါ "

" . . . . . . "

" အင်း. . . ပြောပါဦး. . . ဘယ်လို "

နားထောင်ရင်း ခြေချင်းချိတ်ထားတာကို ပြင်ထိုင်ကာ ကိုယ်ပါ ကြွတက်သွားခဲ့သည်။

" သေချာပြောစမ်းပါ ပေရယ်ရယ် သူဇာကျော်နဲ့ ပြတ်နေတာ ကြာပြီ ဟုတ်လား ဘယ်လိုအနေအထားမျိုး တွေလဲ "

" . . . . . . "

" ဟင် တစ်ပတ်လောက်ပဲ ရှိသေးတယ် "

မိုးကောင်းကင် မျက်လုံးအစုံက အကျည်းတန်သွားအောင် ပြူးကျယ်နေခဲ့၏။

ပြောသမျှကို နားထောင်ရင်း ဘာမှပြန်မပြောဖြစ်ဘဲ ဒေါသဖြစ်လွယ်သော ကိုယ့်ရင်ဘတ်ကြီးကိုပဲ မောက်ကြွလှုပ်ရှား မလာအောင် ထိန်းချုပ်နေရ၏။

ဒါ သေချာသေးတာမှ မဟုတ်တာ။

စက်က ဒီလောက်ထိ စီစဉ်နိုင်မယ့်သူလား။

မဟုတ်ပါဘူး။

ဖုန်းကိုင်ရင်း ကိုယ်ကကျောက်ရုပ် ဖြစ်သွားခဲ့၏။

နှလုံးသားဗဟိုထဲမှာ ကိန်းဝပ်နေခဲ့သည့် သံသယမီးပွားလေးဟာ မီးရှူးမီးပန်းများလို ဒိန်းခနဲထိုးဆောင့် ထွက်သွား၏။

ကိုယ့်ကိုယ်ကို ဖြေသိမ့်ဖို့ ကြိုးစားရင်း သေချာနေသည့် အဖြစ်တစ်ခုကို စိတ်ထဲမှာ ခံစားနေမိသည်။

ဦးရန်အောင်ဟာ ပွေရှုပ်တတ်သူ ဖြစ်သည်။

ဤကဲ့သို့သော ပြဿနာမျိုးတွေလည်း မကြာခဏ ရှိတတ်၏။ စက်က ရှင်းပေးခဲ့ရတာတွေလည်း ရှိသည်။

ခုဖြစ်ပုံကလည်း ဖြစ်လေ့ဖြစ်ထရှိခဲ့ဖူးသော ပြဿနာမျိုးလိုပဲ

ဖြစ်သည်။

ဒါပေမဲ့

" သိပ် စိတ်မပူနဲ့ဦး ငါစုံစမ်းဦးမယ် "

ဟု ဖုန်းချသွားသော ပေရယ့်အသံ ပျောက်သွား၏။

မိုးကောင်းကင် ငိုင်နေမိဆဲ။

✿ ✿ ✿ ✿ ✿

# အခန်း (၆)

ဖွေးဖွေးလှုပ်အောင် သာနေသော လရောင်ရိပ်မှာ ရွှယ်ရှုး၏ ဆုပ်ခဲထားသော လက်သီးဆုပ်လေးကို ခပ်ဖိဖိ ဆုပ်ထား၍ အရှေ့ လျှောက်ခဲ့သည်။

ခြံကျယ်ကြီးထဲမှာ ပန်းရောင်စုံတို့ကို အနီ အဝါ သဲကွဲစွာ မမြင်ရသော်လည်း ရနံ့တို့ဖြင့် မွှေးပျံ့နေသည်။

သေသပ်လှပစွာ စီရီထားသော ပန်းပင် ပန်းအိုးလေးတွေ ကြားမှာ လမ်းကလေးတွေက လရိပ်မှာ ပြန့်ပြူးထင်ရှားလျက်

နွေဘက်ဆို အလွန်လှသော ရောင်စုံပန်းအုပ်ဆိုင်းလေးနှင့် သယ်ပေပတ်လည် သာသာကျယ်သည့် အပြာရောင်ခုံတန်းလေးတွေက လရိပ်အောက်မှာတော့ ရောင်စုံမဟုတ်တော့တဲ့ ဖြူပျော့ပျော့ အလှများနှင့် မာယာတွေ ကင်းစင်နေပြန်သည်။

" ထိုင်လေ ရွှယ်ရုံး "

တစ်ချိန်လုံး သူဆွဲခေါ်လာသည့်ဘေးမှာ ထောင့်မတ်စွာ လေးကာန်ထုံထိုင်းလျက် ပါလာခဲ့သည့် ရွှယ်ရုံးကို ဘေးမှာထိုင်ဖို့လည်း မရမက ဆွဲယူနှိမ့်ချနေရသည်။

" ရွှယ်ရုံး "

မျက်နှာလေးငုံ့ချထားသဖြင့် ကာကွယ်သလို ဖြစ်နေသော ဆံနွယ်ရှည်တွေကို သူ သပ်တင်ပေး၍ မေးဖျားလေးကို မော့ယူလိုက်မိသည်။

ရွှယ်ရုံးက မျက်နှာဝှိမ်းဖယ်ဖို့ ကြိုးစားတော့ ပခုံးလေးနှစ်ဖက်မှ ဆွဲယူကာ အတင်းအကျပ်ပဲ မျက်နှာချင်းဆိုင် ကြည့်ရသည်။

" ကိုယ်ပြောတာတွေကို ယုံပါရွှယ်ရုံးရယ် ကိုယ့်ဘဝမှာ ဒီမိန်းမတစ်ယောက်ကြောင့် အနမှောင်ကျသွားခဲ့ဖူးတယ် ခဏအတွင်းမှာပဲ ကိုယ်တွတ်ရှန်းထွက်ခဲ့တယ် မိဘအနှောင်အဖွဲ့တွေလည်း ဘာမှမရှိတော့ဘူးဆိုတော့ သူနဲ့ကိုယ်လုံးဝမပတ်သက်ဘဲ နေခဲ့ကြတာ ကြာခဲ့ပါပြီ မင်းဟာကိုယ့်ရဲ့ အချစ်ဦး အိမ်ထောင်ဦးဆိုတာ မှသားမဲ့သစ္စာပါ "

" တော်ပါတော့ ရွှယ်ရုံးကိုဘာမှ ရှင်းမပြပါနဲ့တော့ ဦးစက်တို့ဘယ်လိုပဲ ပတ်သက်ပတ်သက် နောင်ဘယ်လိုဖြစ်ဖို့တွေပဲ ရှိနေနေ ရွှယ်ရုံးက အရှုံးပေးပြီးသားပါ တံခါးပိတ်ပြီး သော့ခတ်ထားခဲ့လည်း

နေပေးတယ် ထွက်ခဲ့တော့လည်း အခုထွက်လာခဲ့ရတယ် မကျေနပ်သေးဘူးလား ရွှယ်ရှူးဘာလုပ်ပေးရမလဲ "

" အဲဒါတွေက မင်းကိုချစ်လို့ပါ ကိုယ်ဘယ်လိုမှ မစွန့်လွှတ်နိုင်လို့ မလုပ်ချင်ဘဲ လုပ်နေရတာ တစ်ချိန်က မပြတ်သားမိတာ ကိုယ့်အပြစ် မင်းကိုလက်ရှိဘဝထဲ ဆွဲယူခေါ်ထားမိတာလည်း ကိုယ့်အပြစ်ပါပေမဲ့ ကိုယ်မမှားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါ မင်းကို ကိုယ်တကယ်ချစ်လို့ "

ရွှယ်ရှူး ဆတ်ခနဲ မျက်နှာလွှဲသည်။

စက်က အတင်းအကျပ် ပြန်လှည့်ယူ၏။

ရွှယ်ရှူးက တအားရုန်းတော့ သူ့ရွှတ်တရွှတ် ပွေ့ဖက်ချုပ်နှောင်ဖို့ကြိုးစားသည်။

" လွှတ်ပါ လွှတ်ပါ ဦးစက်ရယ် ရွှယ်ရှူးသွားပါရစေ "

အားမပါသော လက်သီးဆုပ်လေးများနှင့် စက်ရင်ဘက်ကို ထုရိုက်ရင်း သွားပါရစေဆိုသော ရွှယ်ရှူးကိုယ်လေးက ရင်ခွင်ထဲမှာ ညွတ်ခွေကျလာ၏။

တအင့်အင့် ရှိုက်ငိုချလိုက်ကာ ရင်ခွင်ထဲမှာပဲ မျက်နှာလေးအပ်လေသည်။

စက်သည် ရွှယ်ရှူးကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားရင်း

ဘယ်သို့သော အကြောင်းတရားနှင့် မည်သို့နှစ်သိမ့်စကားကို ဆိုရမည်မသိ။

သူ့ရင်ထဲမှာ ခိုင်မာနေသည့် အချစ်တစ်ခုကို မြင်သာအောင် ဆွဲထုတ်မပြနိုင်။

ဆိုးဝါးစွာ တည်ရှိနေသည့် အဖြစ်က သူ့မှာဇနီးဟောင်း ရှိနေသည်။

ရွှယ်စုမျက်နှာလေးကို မော့လိုက်ပြီး မျက်ရည်တွေကို သုတ်ပေးမိ၏။

သနားညှာတာသော ချစ်ခြင်းတို့ဖြင့် မြတ်နိုးစွာ နမ်းရှိုက်မိသည်။

ရွှယ်စုးသည် တရှိုက်ရှိုက် ငိုနေဆဲ။

“ ခဏလေး သည်းခံပေးပါ ရွှယ်စုးရယ် နောင် ကိုယ်တို့ လွတ်မြောက်ကြတဲ့ တစ်နေ့ကျရင် ကိုယ်တယ်လောက်ချစ်တယ်ဆိုတာ မင်းသိလာမှာပါ မင်းဟာ ကိုယ့်ဘဝရဲ့ ပထမဆုံး အရင်ဆုံးချစ်သူဇနီး ဘယ်တော့မှ ဒုတိယမဖြစ်ရဘူး ကိုယ့်ကိုနားလည်ပေးပါ ကြိုးစားခွင့်ပေးပါ မင်းရဲ့နူးညံ့ချွေးတွေးမှုတွေနဲ့ ကိုယ်ခွန်အား ဖြစ်ပါရစေ။ အရင်လို ပျော်ရွှင်ကြည်နူးမှုလေးတွေ ကိုယ်ပြန်လိုချင်တယ် ”

မဆုံးနိုင်သော အနမ်းများဖြင့် ချော့မော့ဖြားယောင်းခဲ့သော

ညထဲမှာ ရွှယ်စူး ကျဆုံးခဲ့ပါသည်။

ဦးစက်ချယ် ဦးစက်တောင်မှ အချစ်ဦး အိမ်ထောင်ဦးဆိုရင် ရွှယ်စူး ရင်ထဲမှာကျတော့ရော ...

# အခန်း (၇)

မိုးတွေသည်းကြီးမည်းကြီး ရွာချနေသည်။

ဝတ်ထားသည့် စကတ်အင်္ကျီက ပို၍ဒုက္ခပေးကာ ရှေ့ကို လှမ်းလို့မရအောင် စိုရွှဲကပ်တုပ်နေသည်။

ဒီကြားထဲ နောက်မှာတစ်ချိန်လုံး ကပ်တွယ်စနောက် လာကြသည့် နှစ်ယောက်က ဘေးနှစ်ဖက်ကို ရောက်လာသည်။

မိုးကြောင့်ရော နဂိုကတည်းက လူသွားလူလာ သိပ်မရှိ တတ်သည့် နေရာလည်းဖြစ်သည်မို့ ပို၍ရဲတင်းလာကြသည်။

" လှလိုက်တာကွာ မိုးရေစိုစိုနဲ့ တစ်ကိုယ်လုံးက ရေဆေး ငါးလေး လိုပါပဲ "

" ဟဲ ဟဲ ဖြည်းဖြည်းလျှောက်ပါကွ ကိုက်မစားပါဘူး မင်းကို နွေးထွေးမှုပေးမယ့် သူတွေပါ "

" အို မကိုင်ပါနဲ့ "

သူဖာ ခပ်သုတ်သုတ် လျှောက်နေရာမှ လက်ကိုတစ်ယောက်က ဆွဲတော့ ဆောင့်ရုန်းပစ်လိုက်ပြီး ထွက်ပြေးမိတော့သည်။

" ဟေ့ . . . "

သူတို့လိုက်လာကြပြီ။

ပြေးရင်းဖိနပ်က ပြုတ်ထွက်သွား၏။

ခြေတစ်ချက်အချော်မှာ ဘယ်လိုမှ မထိန်းသိမ်းလိုက်နိုင်ဘဲ ဒူးတုပ်လျက် ပစ်လဲသွားလေသည်။

" အိုကွယ် . . . ကျွတ် . . . ကျွတ် "

" ပြေးတာကိုး ကလေးရဲ့ ထထ ကိုကိုထူမယ် "

" ဟင့်အင်း လွှတ် . . . လွှတ်ပါ ကယ်ကြပါဦး "

လူနှစ်ယောက်လက်ထဲမှာ သူဖာ ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်သွားသည်။

ကားလမ်းမကြီး ဖြစ်သော်လည်း မိုးစက်များကြောင့် မြင်ကွင်းက ပြာနှမ်းမှုန်ဝါးနေသည်။

အော်လိုက်ပေမယ့် မိုးသံလေသံတို့ကို မထွင်းဖောက်နိုင်။

လမ်းမသည် မြင်ကွင်းထဲမှာ အဆုံးအစမဲ့သည်အထိ လူရိပ် ကားရိပ်တို့ မရှိ။

“ လွတ် လွတ် ”

သူဇော်ကို သူတို့က နှစ်ယောက်ကပ်ချုပ်၍ ဘယ်ကိုခွဲခေါ်သွား ကြမှန်းမသိ။

ပတ်ဝန်းကျင်အနီးအနားမှာ ပုန်းခိုခြုံကွယ်စရာ ဘာမှ မရှိသော်လည်း ကူမယ့်သူတော့ မရှိခဲ့ပေ။

ထိုစဉ်မှာပင် မိုးစက်များကြောင့် မီးဖွင့်မောင်းလာသော ကားမီး နှစ်လုံးက ပေါ်လာသည်။

သူတို့ ခြေလှမ်းတွေ တုံ့သွားကြသည်။

“ မြန်မြန်ဆွဲကွာ ”

“ လူမိလိမ့်မယ်ကွ ”

“ သူ့ဟာသူသွားမှာပါကွာ ”

ရန်ကုန်မှာက တောနယ်တွေမှာလို လူနည်းစုမဟုတ်ကြ။

ကိုယ့်ကိစ္စနဲ့ကိုယ် သူ့အကြောင်းနဲ့သူ။

တော်ရုံတန်ရုံကိစ္စမဟာကို ပါဝင်ပတ်သက်ကြတာမျိုးမဟုတ်။

အော်နိုင်သည်ထင်သော သူဇော့ပါးစပ်ကို တစ်ယောက်က ဖက်ထားသလိုပုံစံနှင့် သိုင်းချုပ်ထားလိုက်သည်။

သွားပြီ။

သူဇာ ကြောက်ကြောက်လန့်လန့်နှင့် မျက်ရည်တွေပါ ကျလာ၏။

ဒါပေမဲ့ သူမကံကောင်းပါသည်။

ကားက သူတို့သုံးယောက်၏ ရှေ့နားမှာ တုံ့ခနဲရပ်သွားကာ

နောက်ကို ပြန်ဆုတ်လာ၏။

သူတို့လည်း ခြေလှမ်းတွေရပ်သွားကြ၏။

ကား၏သေးမှန်တစ်ချပ် အနည်းငယ်လျှောကျသွားကာ အမျိ

သမီးတစ်ယောက်၏ မျက်နှာပေါ်လာ၏။

" ဟေ့ သူ့ကိုလွှတ်လိုက် မင်းတို့ကို ချက်ချင်း ရဲခန်းပို့ပစ်

ရတယ် ဒီမှာတွေ့လား "

ဟန်းဖုန်းကို မြင်အောင်ပြတော့ သူတို့တက်ခေါက်ကြ၏။

" မိန်းမတစ်ယောက်ကိုကွာ "

" မတတ်နိုင်ဘူး "

ခပ်ကြိတ်ကြိတ်ဆဲသံများ အဆုံးမှာ သူတလွှတ်မြောက်သွား

လေသည်။

ကားမောင်းနေသော အမျိုးသမီးကို လက်ကလေးပိုက်ထား

မရဲတရဲ ကြည့်မိ၏။

ကောက်ထားပုံရသော ဆံပင်ပန်းလောက်ကို စုသိမ်း၍

နှစ်ဖက်အားလုံးကို နောက်မှာငွေရောင်ဆံညှပ်လှလှလေးဖြင့်

ထား၏။

ဆံပင်တချို့က ကျောနောက်မှာ ကျန်နေကာ ဟိုက်လွန်းသော အင်္ကျီလည်ပင်းက နောက်ကျောမှာ ဆံပင်၏အကာအကွယ် တစ်ခု ကြောင့်သာ ကြည့်ပျော်ရှုပျော် ကျန်သည်။

မဟုတ်လျှင် ကျော၏အပေါ်ပိုင်းတစ်ပြင်လုံးက အပြောင်သား ဖြစ်လိမ့်မည်။

ရှေ့မှာကျတော့ ရင်ညွန့်ပေါ်အောင် ဟိုက်နေသည့် အပေါ်မှာ လည်တိုင်မှာ စည်းထားသော ပဝါပါး၏ အနားစနှစ်ဖက်နှင့် ယှက်ကွယ် ထားသလိုဖြစ်ကာ ရိုင်းသည်ဟု မဆိုသာပြန်။

သူမပုံစံသည် ကိုရီးယားမင်းသမီးတွေလိုပဲ ဖြစ်၏။

အသက်အားဖြင့် နုနုငယ်ငယ် မဟုတ်တော့ပြီမှန်း သိသာသည့် ရုပ်မဆိုးပေမယ့် သိပ်လှသည်မဟုတ်။

ထူးခြားသည်မှာ သူမသည် ဘယ်လိုပဲကြည့်ကြည့် အထက်တန်း ကျကျ လှပနေသည်ပဲဖြစ်၏။

စတီယာရင်ကို ဖိဆုပ်ထားသည့် လက်တို့မှာ လက်ဝတ်ရတနာ တွေဖြင့် ပြည့်ကျပ်ကာ ဖြိုးဖြက်လက်နေသည်။

ကျပ်ကပ်နေသော လည်ဟိုက်အနက်ရောင်သည့် ခြေသလုံး တစ်ဝက်ဆီမှာ အဆုံးသတ်နေသည်။

လဲထားသဖြင့် ခြေလက်တွေ နာနေတာကို သူမမေ့သွားသည်။

မိုးရေတွေ စိုရွှဲနေသောကြောင့် သူမချမ်းနေတာကိုရော ကယ်တင်ခဲ့သော ထိုအမျိုးသမီးကို ကျေးဇူးတင်စကားဆိုဖို့ကိုပါ သူ သတိမရ။

သိပ်မလှပါဘူးဆိုသည့် ဆုံးဖြတ်ချက်ကို မျက်လုံးက ချက်ချင်း ချဖြစ်ခဲ့သည်။

သို့သော် သူမထံမှ ဘယ်လိုမှ မျက်လုံးလွှဲမရနိုင်ဘဲ ငေးမော နေခဲ့မိပြန်သည်။

သူ့ဇာငေးကြည့်နေမိဆဲမှာပင် ကားကိုဂရုစိုက်မောင်းနေသော သူမ၏ နှုတ်ခမ်းဖျားမှာ အပြုံးရိပ်လေးတစ်ခု ဖြစ်ထွန်းသွား၏။

ထို့နောက် သူမမျက်နှာ ဖျတ်ခနဲ လှည့်လာကာ

" မင်း ချမ်းနေလား "

" ရှင် ဩော် ဟို ဟုတ် . . . "

သူ့ဇာ ပျာပျာသလဲလေး ဖြစ်သွားတာကို စိုက်ကြည့်ပြီး ရှေ့ကို မျက်နှာပြန်လှည့်သွားသည်။ ပြီးမှ

" မင်း ဘယ်သွားမလို့လဲ "

" အိမ်ပြန်မှာပါ "

" ဒါဆို အရေးမကြီးဘူးပေါ့ အိမ်ကနီးလား "

" ရှစ်မိုင်မှာ "

" ဪ "

ဪ သံနှင့်အတူ ကားက လမ်းကွေ့လေးတစ်ခုထဲ ကွေ့ဝင်သွားၿပီ။

ပြီးမှ သူမက ပြန်ငုံ့ကြည့်၍

" မင်းချမ်းနေပြီမို့လား မိုးရွာတော့ တံခါးဖွင့်မရဘူး တို့က ကားထဲမှာ လေအေးစက်ဖွင့်ထားမှရတာ မင်းချမ်းမှာစိုးလို့ အဝတ်တွေ လဲလို့ရအောင်လေ "

" ရှင် "

သူဇာဟာ ထုံအအ မိန်းကလေး မဟုတ်ပါ။

ခေတ်လွန်အဝတ်အစားများလည်း ဝတ်နိုင်သွားနိုင်သူ ဖြစ်၏။

သို့ပေမယ့် သည်အမျိုးသမီးရှေ့မှာတော့ သူဇာ့စိတ်တို့က သွက်လက်ထက်မြက်မှုတွေ ပျောက်ဆုံးကာ ခေါင်းညိတ်ရုပ်လေးနှယ်။

ကားလေးက မီနီမားကတ်လေး တစ်ခုရှေ့မှာ ထိုးရပ်သွား၏။

သူမက ပြန်ငဲ့ကြည့်၍ မားကတ်ထဲကို မေးဆတ်ပြ၍

" အဲဒီထဲကို မင်းဝင်သွား တို့ဒီက ဖုန်းဆက်လိုက်မယ် "

စကားရပ်၍ ဖိနပ်မပါသော သူမခြေထောက်ထိ ဝေ့ခနဲ ကြည့်ကာ

" အဝတ်တွေလဲဝတ်ခဲ့ ဖိနပ်ရောပဲ အထဲမှာ ကြိုက်တာကို

မင်းယူလို့ရတယ် အမြန်ဆုံးလုပ်လာခဲ့ ပြီးရင်ထွက်လာ "

" မမ . . . သူ့ဇာက "

ပိုက်ဆံမပါဘဲ ဝင်သွားရမည်ဆိုတော့ သူ့ဇာမဝင်ရဲ။

သူမက မျက်မှောင်ကုတ်၍

" ပင်သွားပါ အဲဒါတို့ဆိုင်ပဲ "

" ဟင် "

အားလုံးဟာ နတ်တို့ဖန်ဆင်းသလိုပါပဲလား။

မားကက်ထဲက ပြန်ထွက်လာတော့ တည်တင်းနေသည့် သူမ မျက်နှာမှာ နူးညံ့မှုတွေရှိနေကာ စားသောက်ဆိုင်တစ်ခုမှာ ထိုင်ဖြစ်ကြပြန်သည်။

" မင်း အချိန်ရရဲ့လား "

" ဟုတ်ကဲ့ မမ ရပါတယ် "

မိုးလည်းအတော်လေး အားနည်းလျော့ကျသွားပြီ ဖြစ်သည်။

စားစရာတွေအလျှံပယ်မှာကာ သူမပြုံးနေပုံက ပုံပျက်ပန်းပျက် ဒုက္ခရောက်နေသည့် ကိုယ့်အဖြစ်ကို စာနာသနားသွား၍လား။

ဒါမှမဟုတ် ရေးရေစက်ကြောင့်ပဲ မြင်မြင်ခြင်း ခင်မင်တွယ်တာသွားခဲ့သည်လား။

" မင်းနာမည်ပြောပါဦး "

ဟု သူမက မေးတော့မှ

" သူစာကျော်ပါ မမ၊ မမကရောဟင် "

" တို့ကို မမလို့ပဲခေါ်ရင် ရပြီ တစ်မျိုးမထင်နဲ့နော် အိမ်မှာလည်း ဒီနာမည်ပဲလေ လူကြီးလူငယ် 'မမ' ပဲခေါ်ကြတာ၊ ရှေ့ကဘာဂုဏ်ထူးမှ တပ်ခေါ်လို့ မကောင်းလို့ "

ထူအမ်းအမ်း နှုတ်ခမ်းနှစ်လွှာ မပွင့်တပွင့်နှင့် ပြုံးပုံက သိပ်မလှ ပေမယ့် ဣန္ဒြေကြီးလွန်းသည် ထင်၏။

" ရပါတယ် မမရဲ့ မမကိုလေ သူစာအရမ်း ကျေးဇူးတင် ပါတယ် တကယ်ဆို ပြောတာထက်ကို ဝိုပါတယ် မမသာ မကယ်ရင် သူစာဘဝပျက်ပြီ "

" တို့လည်း အရဲစွန့်လိုက်တာပါ တနာမိလို့လေ မိန်းမသားချင်း တော့အတူတူပါပဲ ဒါပေမဲ့ ဒီတိုင်းကြီးတော့ ကျောခိုင်းမသွားရက်ဘူး"

" ဟုတ်ကဲ့ပါ မမကိုပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ် ဒီကျေးဇူးတွေကို သူစာဘယ်တော့မှ မမေ့ပါဘူး မမရယ် "

သူမ ပြုံးနေပုံက သဘောကောင်းကြီး သူလိုလို။

တစ်စုံတစ်ရာသော လေးနက်မှုတွေနှင့် ပြည့်ဝနေ၏။

သူစာကတော့ ဘာမှဆက်မတွေးဖြစ်ပါ။

မမကို သူမ ကျေးဇူးတင်နေသည်။

အထူးခင်မင်သွားမိသော စိတ်မှာအထင်ကြီးတာတွေလည်း

ပါသည်။

မမက လေးစားချင်လောက်အောင် စကားနည်းလှကာ ပြုံး

ကြည့်တာ အားလုံးမှာ အနုတ်အသိမ်း ညင်သာ၏။

ခပ်ရိုင်းရိုင်း ဝတ်ထားပေမယ့် အပြုအမူများက သိမ်မွေ့နူး

ဆန်နေသည်။

" မမက လူဆိုးတွေလက်ကနေ ကယ်တင်ခဲ့ရုံတင်မကဘ

အဝတ်အစားတွေလည်း ဝယ်ပေးတယ် သူဇာတကယ့်ကို မနေတတ်

တော့ဘူး ဘယ်လိုပြောရမှန်းလည်းမသိဘူး။သူဇာ့အကူအညီ လိုအပ်မ

ဆိုရင်ပြောပါနော် ဟို ပြောသာပြောရတာ သူဇာတို့က ဆင်းရဲပါတယ်

မမလိုလူက သူဇာ့အကူအညီမျိုး ယူဖို့တော့ မရှိပါဘူး။ ဒါပေမဲ့ ဒီလို

သူဇာ့ဘက်က ပြောနိုင်တာလေ တကယ်လိုအပ်ရင် တကယ်ကူညီဖို့တေ

ကတိပေးပါတယ် "

မမက နှစ်ခြိုက်စွာပြုံး၍ ခေါင်းညိတ်သည်။

" အင်း သိတတ်တာ ကောင်းပါတယ် ဒါပေမဲ့ မလိုပါဘ

တကယ် မလိုပေမယ့်လည်း အဲဒီလိုမမ မပြောရက်ဘူး ဒီတော့ တစ်ချိ

ချိန်မှာ တိုက်ဆိုင်စွာ ဆုံဆည်းဖြစ်ပြီး လိုအပ်တာရှိခဲ့ရင်ပေါ့ "

" စိတ်ချပါ မမ သူဇာ အမြဲအဆင်သင့် ရှိနေမှာပါ "

" ညီမက ဘယ်မှာနေတာလဲ "

" ရှစ်မိုင်က 'သီရိ' ခြံကျယ်ကြီးမှာ နေပါတယ် ဒါပေမဲ့ ကိုယ်ပိုင်တော့ မဟုတ်ပါဘူး မမရယ် ဒေါ်လေးအိမ်မှာ နေတာပါ "

" မိဘတွေရော "

" မရှိတော့ဘူး သူဇာက မိဘမဲ့ အခြေမဲ့ပါ ဒါပေမဲ့ ဒေါ်လေးက ဂရုစိုက်ပါတယ် အစ်မဝမ်းကွဲ မမသီဂီက Beauty Sloon တစ်ခု ဖွင့်ထားတယ်လေ သူဇာက အိမ်မှာရော မမသီဂီဆိုင်မှာပါ ဝေယျာဝစ္စ လုပ်ပေးရင်း ပညာသင်နေတာ "

မမက သူဇာ့မျက်နှာလေးကို စူးစိုက်ကြည့်၍ တစ်စုံတစ်ရာ ပြောရန် နှုတ်ခမ်းဟာ၏။

ပြီးမှ ချက်ချင်းပြန်ပိတ်ပစ်လိုက်ပြီး ပြုံး၏။

" ဒါပဲလား ဒီ့ပြင်အလုပ်မရှိဘူးလား ဥပမာ ခုခေတ်မိန်းကလေးတွေ လုပ်ကိုင်နေကြသလိုမျိုး ကုမ္ပဏီတွေ ဘာတွေမှာ ဒါမှမဟုတ် စက်ရုံတစ်ခုခုမှာ လုပ်တာမျိုး "

" ဟို . . . "

သူဇာ ဖျတ်ခနဲ မျက်လွှာချလိုက်ကာ မျက်နှာလေး ပျက်ယွင်းသွား၏။

ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ငြိမ်ကျသွားသဖြင့် မမကလည်း

စိုက်ကြည့်နေခဲ့သည်။

" လှပါတယ် ဒါပေမဲ့ အဆင်မပြေပါဘူး မမရယ် သူဇာတို့က ဆင်းရဲတော့ "

" အင်း ဖြတ်လမ်းနည်းနဲ့ တချို့တော့ ဆုံးဖြတ်ကြတာပဲ မိဘမဲ့ အားကိုးမဲ့လာတဲ့ မိန်းကလေးတချို့ဟာ အားကိုးရတဲ့ ချစ်သူတွေရင် အိမ်ထောင်ပြုလိုက်ကြတယ် ဒါလည်း တစ်မျိုးတော့ ကောင်းတာပါပဲ ကိုယ့်ကိုယ်ကို မထိန်းသိမ်းနိုင်ရင် ပျက်စီးတာပဲလေ အိမ်ထောင်ပြုလိုက်တာက ပိုသင့်တော်တာပေါ့ မင်းကိုတို့က တိုက်တွန်းနေတာ မဟုတ်ဘူးနော် ရှိခဲ့တာကိုပြောပြတာ "

" ဟုတ်ကဲ့ သူဇာနားလည်ပါတယ် မမရယ် အဲဒီလိုအားကိုးရှာတော့လည်း သူဇာတို့လို အဆင့်အတန်းလောက်နဲ့ အထင်သေးခံရတာပဲ အဖတ်တင်မှာပါ လက်ထပ်တယ်ဆိုတာ လိုအပ်တဲ့အချိန်ရှိတာတောင် ယူလိုက်လို့ရတဲ့ ပစ္စည်းတစ်ခုမှ မဟုတ်တာ "

" မှန်တယ် ကိုယ့်ကိုယ်ကို ထိန်းသိမ်းတတ်ဖို့ အဓိကလို့ပဲ ပြောရတော့မယ် အဟွန်း မင်းကို တို့ခင်ပါတယ် "

" သူဇာလည်း မမကို ခင်ပါတယ် "

သူမက နက်နဲစွာ ပြုံး၏။ လျှို့ဝှက်သော အပြုံးတစ်ချက်၏ နောက်ကွယ်က ကြိုး တစ်ချောင်းကို သူဇာ မသိခဲ့ပါ။

သူ့ သိသည်က မမဟာ ခင်မင်လေးစားဖွယ်ကောင်းသော မိန်းမတစ်ယောက်ပဲ။

တကယ်တော့ သူမဟာ မိုးကောင်းကင်ပဲ ဖြစ်လေသည်။

✿ ✿ ✿ ✿ ✿

# အခန်း (၈)

မကြာခဏ ရောက်ဖူးနေပေမယ့် ဒီနေ့တော့ တစ်အိမ်လုံးကို သေချာလှည့်ပတ် ကြည့်ပြီးမှ ဆိုဖာမှာ ထိုင်ဖြစ်သည်။

ရှေးခေတ်သူရဲကောင်းတို့၏ ပန်းချီကားချပ်ကြီး တွေမှအပ ဓါတ်ပုံပိုစတာ တစ်ပုံတစ်လေ မျှပင်မရှိသော ဧည့်ခန်းကျယ်ကြီး

ခေတ်မီသားနားသော ဖွဲ့စည်းမှုများနှင့် အဖိုးထိုက်တန်သော ပရိဘောဂ ပစ္စည်းအဆောင်အယောင်များက ထည်ဝါနေသည်။

နှစ်ထပ်တိုက်မြင့်ကြီးဖြစ်ကာ သူမ မရောက်ဘူးသေးသော လက်ယာဘက်အခြမ်းနှင့် အပေါ်ထပ်။

နောက်ဖေးခန်းများ။

ပြီးတော့ သူမပူထာခဲ့ဖူးပေမယ့် ဘယ်တော့မှလည်း ဆင်း ကြည့်ခွင့် မရခဲ့သည့် မြေကျယ်ကြီးပတ်လည်။

ဒီခြံနဲ့တိုက်ကြီးဟာ ကြီးကျယ်ထည်ဝါသလောက် ပိုင်ရှင်က သူဌေး မင်းစက်ရာ ထိုသူတစ်ယောက်တည်း နေသည်တဲ့။

မျက်လုံးတွေ ဝေ့ကာစားရင်း သူဇာ့မျက်နှာလေး ညှိုလာသည်။

ဦးရန်အောင်က ဒီကိုလာတိုင်း ပါလာနေကျဖြစ်သော စားသောက်စရာတွေ ဝယ်ခြမ်းလာသမျှကို သူပဲ ကားပေါ်ကနေ ဒိုင်ခံသယ်ချလာကာ စားပွဲပေါ်မှာ သေချာချနေသည်။

" ကိုရန် "

" ဟင် "

" ကိုရန့်မှာ အလုပ်တွေ အရမ်းရှုပ်တယ်ဆိုပြီး သူဇာ့ကို ဒီခြံထဲခေါ်ခေါ်လာဖို့တော့ အချိန်တွေ ရနေသားပဲနော် "

ဦးရန်အောင်က ဆိုဟာကို အိခနဲ မှိုချလိုက်ပြီး လှည့်ကြည့်၏။

" ဘာဖြစ်လို့လဲ သူဇာ ဒါ ဟိုတယ်လ်ကြီးတစ်ခုလို မခမ်းနားပေမယ့် မင်းနဲ့ကိုယ့်အတွက် အများကြီး လုံခြုံနွေးထွေးတဲ့ စည်းဝိုင်းတစ်ခုပါ နှစ်ယောက်တည်း စားသောက်နေရင်း ဘယ်လောက်အေးချမ်းသလဲ "

" ဘာပဲဖြစ်ဖြစ် သူဇာလည်း သူများအတွဲတွေလို ရှော့ပင်နဲ့ ထွက်တာတို့ လျှောက်လည်တာတို့ ရှိချင်တာပေါ့ ကိုရန်က ဘယ်ကိုမှလည်း လိုက်မပို့ဘူး ချစ်သူကိုခေါ်တာ ဒီခြံကြီးထဲတစ်ခုပဲ ရှိနေသလား သူဇာ

နားကိုမလည်တော့ဘူး ''

နှုတ်ခမ်းဆူနေသည့် သူဇာ့ကို ဦးရန်အောင်ကကြည့်၍ ချော့မော့ သလိုပြုံးလိုက်သည်။

" မင်းနဲ့ကိုယ်က ချစ်သူတွေမှ မကတော့တာ သူဇာရယ် လျှောက်လည်ဖို့ ရှောပင်ထွက်ဖို့ လိုသေးလို့လား ပြီးတော့ ကိုယ့်ဘက်က အနေအထားကို မင်းပဲနားလည်တယ်ဆိုလို့ လက်တွဲခဲ့ကြတာ ဘာတွေ နစ်နစ်ရှရှ စိတ်ကူးယဉ်နေပြန်တာလဲ မင်းလိုအပ်တယ်လို့ ဟလိုက်တာနဲ့ ကိုယ်ကဖန်တီးပေးတယ် ကိုယ့်ကြောင့် မင်းနောက်ထပ် စိတ်မဆင်းရဲ စေရဘူး ကဲ ဘာလိုသေးလဲ ''

" ဟုတ်ပါတယ် ကိုရန် ဒါပေမဲ့ ''

" ဘာဖြစ်သေးလဲ ဆက်ပြော ''

" ကိုရန် ဒီထဲကို လာလာနေရတာ တာဝန်ဝတ္တရားကြီး တစ်ခုကို ထမ်းဆောင်နေတာနဲ့တူလို့ ''

ဦးရန်အောင် မျက်နှာတစ်ချက်ပျက်သွားပြီး သူဇာ့ကို ကြည့်၏။

" သူဇာပြောတာ ဒီလိုလေ ရောက်လာတော့လည်း လွတ်လွတ် လပ်လပ် နေကြရတာမှ မဟုတ်တာ ဒီစည်ခန်းနဲ့ ရေအိမ်ကလွဲပြီး ဘယ်မှမသွားရဘူး အိမ်စောင့်ကြီးတွေလိုပဲ ''

" ဒါ ကိုယ့်သူဌေးရဲ့ တိုက်လေ ကိုယ်ထင်သလို နေခွင့်မှ

မရှိတာ။ သူ မတားမြစ်ပေမယ့် ကိုယ့်ဘက်က စောင့်စည်းခဲ့တာ ဘာပဲဖြစ်ဖြစ် ကိုယ်ရည်ရွယ်တာက မင်းနဲ့ကိုယ် သိက္ခာရှိရှိ နားနိုင်ဆုံနိုင်အောင်လို့ပဲ သူဇာ စက်နဲ့ကိုယ်သာ မရင်းနှီးခဲ့ရင် စက်ကသာ သဘောထားမပြည့်ခဲ့ရင် ကိုယ်တို့ဒီထဲမှာ ဒီလိုတောင်မလွယ်ဘူး နားလည်ပါ သူဇာ မင်းနဲ့ကိုယ့်အဖြစ်က ဆယ်ကျော်သက် ရည်းစားအတွဲတွေလို စိတ်ကူးယဉ်နေကြဖို့ မလွယ်ဘူးဆိုတာ "

သူဇာက သူ့ရင်ခွင်ထဲမှာ မှီခွေ့ထားရင်း ခေါင်းညိတ်ရှာသည်။ တကယ့်ကို သူမအားကိုးရှာခဲ့ရင်း ချစ်ခင်စွဲလမ်းသွားခဲ့တာပါ။ ဦးရန်အောင်ကို သူမချစ်ခဲ့သည်။

ဦးရန်အောင် ထားရစ်ခဲ့စဉ်မှာ အားကိုးမဲ့၍ မဟုတ်ဘဲ ချစ်၍ကျွမ်းလောင်ခဲ့သော အပူမီးက မငြိမ်းခဲ့နိုင်။

ပြန်လည်အဆင်ပြေခဲ့ကြတာ ဘာများကြာသေးလို့လဲ။

" ကိုရန် "

" ဟင် ပြော "

" သူဇာ စကားများသွားတယ်နော် အဲဒါတွေ မပြောတော့ဘူး"

ထိုသို့ ပြန်လည်ရုတ်သိမ်းလိုက်တာလေးကိုလည်း ဦးရန်အောင်ကရုဏာ သက်မိပြန်သည်။

သူလည်း ဒီပိန်းကလေးကို တွယ်တာမိခဲ့သည်ပဲ။

" ငါ့တိုက်ကြီးထဲမှာ သူဌေးက တစ်ယောက်တည်း နေတာပေါ့နော် "

" ဟုတ်တယ် "

" သူက ဘာဖြစ်လို့ အိမ်ထောင်မပြုတာလဲ ဟင် "

" ကြိုက်တာမတွေ့လို့ ဖြစ်မှာပေါ့ "

သူဇာ ဘာတွေ စိတ်ဝင်စားနေပြန်ပြီလဲဟု စိုးရိမ်စိတ်နှင့် တွေးလိုက်မိစဉ် ဘေးမှာ ချထားသည့် သူဇာ့ဆလင်းဘက်ထဲက ဖုန်းမြည်သံလေး ပေါ်လာ၏။

သူ ဝယ်ပေးထားသည့် ဖုန်းလေးဖြစ်သည်။

" ဒီနံပါတ် ဘယ်သူ့မှမပေးနဲ့နော် ဖုန်းခေါ်တာနဲ့ မင်းချက်ချင်းကိုင်ရမယ် မအားဘူး ဘာညာဖြစ်နေမှာ စိုးလို့ " ဟု သေချာ ပြောထားခဲ့သည်။

ဖုန်းသံလေးမြည်လာတော့ သူဇာက မလုံမလဲလေး ပြုံးပြီး ဖုန်းကို ထုတ်ယူသည်။

ပြီးတော့ မျက်နှာကြီး မှုံသွားသည့်သူ့ကို ပြန်ကြည့်၍

" မမဆီကထင်တယ် သူဇာ မမကိုပဲ ဖုန်းနံပါတ် ပေးဖူးတာပါ ကိုရန်ရဲ့ ဘယ်သူမှမဟုတ်ပါဘူး "

" ဘယ်ကမမလဲ "

“ ပြောမယ် ခဏလေး ”

ဟု လက်ဝါးလေးကာပြပြီး သူဇာက ပြောနေသည်။

“ ဟုတ်ကဲ့ မမ လာခဲ့ပါမယ် ဟုတ် . . . ဟုတ် ”

ခေါင်းတညိတ်ညိတ်ဖြင့် သူဇာ့ကို စိတ်မရှည်သလိုကြည့်၍ ဦးရန်အောင် နေရာမှ ထရပ်လိုက်သည်။

ထိုဖုန်းကို စိတ်မဝင်စားခဲ့မိသော ပထမဆုံးအမှားသည် အားလုံးသော အမှားတို့၏ နိဒါန်းဆိုတာ ဘယ်သူမှမသိ။

✿ ✿ ✿ ✿ ✿

# အခန်း (၉)

“ ဟား ဟား ဟား ”

အလွန်ပြုံးရယ်ခဲ့သော မိုးကောင်းကင်၏ နှုတ်ခမ်းအစုံက အစွမ်းကုန် လှစ်ဟကာ သွားစွယ်ကလေးများပါ ပေါ်နေသည်။

ပခုံးနှစ်ဖက်လှုပ်၍ မျက်နှာမော့သွားပြီးမှ သူ့မျက်နှာကို ခပ်မတ်မတ် ပြန်ကြည့်သည်။

“ အလုပ်က ထွက်မယ်ဟုတ်လား ရိုပ် ”

သူမရှေ့မှာလက်နှစ်ဖက် နောက်ပစ်ရပ်လျက် မျက်လွှာချနေသည့် ရိုပ်ကို ခြေဆုံးခေါင်းဆုံး ထပ်ကြည့်၏။

“ ဘာလဲ သူ့အကျော်ဆိုတဲ့ မိန်းကလေး တစ်ယောက်နောက်ကို လိုက်ပြီး စောင့်ကြည့်နိုင်းမိလို့လား ”

ရိုပ် ဆတ်ခနဲ ခေါင်းညိတ်၍ မိုးကောင်းကင်ကို ကြည့်သည်။

" ဟုတ်ပါတယ် အလုပ်ရှင်ရဲ့ သဘောကျ ကျေနပ်အောင် ကျွန်တော် မဆွမ်းဆောင်နိုင်တဲ့အတွက် "

" နေပါဦး ကားပေါ်ကနေ အသာလေး ဘီးလိုမ့်လိုက်ပြီး ကြည့်နေရုံပဲ ဒါ အမြဲလည်း မဟုတ်ပါဘူး မင်းကဘာဖြစ်လို့လဲ "

ရိပ် မျက်နှာမှာ ရဲရင့်ခြင်းတွေ ထပ်ဟပ်နေသည်။

ပြီးတော့ မာန

" မိန်းကလေးတစ်ယောက်နောက်ကို လျှောက်လိုက်နေဖို့ အတွက် ကျွန်တော်စိတ်မဝင်စားလို့ပါ "

" ဒါကို တို့က ခိုင်းတာပဲ "

" ဟုတ်ပါတယ် မမိုး မမိုးအတွက် အခ်ပွါယ်ရှိနေမှာပါ တစ်ချိန်တုန်းက အဖေဟာ သူ့လိုမျိုး တစ်ဦးတစ်ယောက် တစ်မိသားစု အတွက် ဘဝကိုပုံပြီး အချိန်မဖြုန်းစေချင်လို့ ဒီအလုပ်ကိုတောင် တားဆီး ခဲ့ဖူးပါတယ် "

ပြောနေရင်း ခုံးကျွားပုံဖြစ်သည့် ဖခင်ကြီးကို သတိရကာ ဘာမှပြင်ဆင်ကာကွယ်ချိန် မရလိုက်မီ မြန်ဆန်စွာ ပြောင်းလဲ ကုန်ခဲ့သော ပြီးခဲ့သည့် အတိတ်ကို သွားမိသည်။

" ကျွန်ဂတော် မမိုးဘေးမှာ ရှိနေပေးတာနဲ့ပဲ လွန်လှပါပြီ ဒီအလုပ်က ထွက်သင့်ပြီလို့လည်း ကျွန်တော်ထင်လို့ပါ နောက်ပြီး ခက်ခဲ

နက်နဲလွန်းတဲ့ အိမ်ထောင်ရေး အရှုပ်အထွေးတွေထဲ မပါချင်ဘူး ''

'' ဖြစ်ရလေ ရိပ်ရယ် မင်းက တို့အိမ်ထောင်ရေးကြောင့် မငြိချင်တာကိုး ဒါလေးလောက်နဲ့တော့ မင်းဒီက မသွားပါနဲ့ မင်းရဲ့ အဖေမနှစ်မြို့ခဲ့ဖူး ဆိုတာလည်း တို့ကခုမှ သိရတာ ဒါပေမဲ့ သူမရှိကာမှ မင်းကိုပဲ တို့ယုံကြည်ထားခဲ့တာ မင်းသိတာပဲ သွားမှာပဲဆိုရင်တောင် ကာလတစ်ခုခုအထိတော့ ယုံကြည်ထားခဲ့တာ မင်းသိတာပဲ သွားမှာပဲ ဆိုရင်တောင် ကာလတစ်ခုခုအထိတော့ မင်းကိုတားဆီးရမှာပဲ ''

ပြောနေရင်း မိုးကောင်းကင် မျက်နှာက ငေးသွား၏။

ရိပ် ဆေးကြောသန့်စင်ထားပြီးစ ကားကို လက်ဖဝါးနုနုနှင့် အဓိပ္ပါယ်မဲ့ ပွတ်သပ်ရင်း အတန်ကြာအောင် ငိုင်နေပြန်သည်။

ထို့နောက် လက်ကိုရုတ်၍ ကားကို နောက်ပြန်မှီပြန်သည်။

လက်ကလေးဖွဖွပိုက်ပြီး ခြံထဲဆီကို ငေးကြည့်နေကာ

'' မင်းကတော့ထင်မှာပဲ ခိုးကြောင်ခိုးဝှက်တွေလုပ်ပြီး သူ့ရဲ့ ဘောကြောင်နေတယ်လို့ ''

'' ကျွန်တော် သူများတစ်ဖက်သားအပေါ် မဝေဖန်တတ်ပါဘူး ''

'' ဒါပေမဲ့ တို့လုပ်ရပ်က ဒီလိုပဲ ဖြစ်နေတာ တို့သိတယ် တို့ သူ့ရဲ့ဘောနည်းလို့ မဟုတ်ပါဘူး ကိုယ့်ခြေသံကို ရန်သူကြားသွားမှာ စိုးတာ ကိုယ်က အယောင်ပြလိုက်မှ အရိပ်ကို မြင်စေချင်တာ တို့

သိချင်တာ တစ်ခုကို တိုက်ရိုက်ကြီးစားဖော်ထုတ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့အတွက် လှည့်ပတ်ကြိုးစားနေတာပဲ တို့ဘဝမှာ မင်းစက်ရာ ဆိုတဲ့ယောက်ျားနဲ့ ပတ်သက်လာမှ အားလုံးပြောင်းလဲခဲ့ရသလို နောက်ထပ်မထင်မှတ် ထူးဆန်းစွာ ထပ်ဖြစ်ထပ်လုပ်ဖို့လည်း ဝန်မလေးဘူး ဒါပေမဲ့မင်းဒါတွေနဲ့ ပတ်သက်ပြီး မပါဝင်ချင်ဘူးဆိုရင်နေပါ အလုပ်ကထွက်ဖို့မလိုပါဘူး ''

ထိုစကားကို ပြန်ရောက်လာတော့ လောင်းရိုပ် မျက်နှာမှုံကုတ်ကုတ် ဖြစ်သွားခဲ့၏။

မိုးကောင်းကင်ဆိုသော မိန်းမတစ်ယောက်ကို သူ နားမလည်နိုင်။

သူမမှာအလှရှိသည်၊ စည်းစိမ်ဥစ္စာ ပညာဘာမှပြောစရာမရှိ။

ဒါပေမဲ့ ထိုအရာများနှင့် ဆန့်ကျင်စွာ မဖွယ်ရာသော လှုပ်ရှားကြံစည်မှုများနှင့် သူမဘဝက မအေးချမ်းခဲ့ပေ။

ဒါကလည်း ကိုယ့်အပူကိုယ်ရှာလို့ပဲ သူကတော့မြင်သည်။

တည်ဆောက်ခဲ့ဖူးသည့် အိမ်ထောင်တစ်ခု

ထိုအဖြစ်များဟာ လူအတော်များများ ကြုံတွေ့ဖြတ်သန်းခဲ့ဖူးကြတာပါပဲ။

မြတ်နိုးမက်မောခဲ့ပါလျက် စွန့်လွှတ်ခဲ့ရသည်။

မှန်းတီးနာကျည်း၍ လမ်းခွဲခဲ့ကြသည်။

ဝိဘအသိုင်းအဝိုင်းနှင့် ပတ်သက်သည့် အမျိုးမျိုးသော အကြောင်းများကြောင့် ကွဲကွာကြရ၏။

ဘယ်လိုအနေအထားမျိုးကြောင့်ပဲ ဖြစ်ဖြစ် အတိတ်ကို အတိတ်မှာပဲ ထားခဲ့ကြရသည်။

ရေစက်မကုန် ပြန်ဆုံကြသည့် အခါ ပေါင်းသင်းချစ်ခင် ရပြန်သည်။

အားလုံးဟာ မမြင်နိုင်သော ကံတရားကြောင့်ဟု ပြောရမည်သာ မပြောင်းမလဲ ပည်မြဲကြတာ ဘာမှမရှိ။

ကိုယ်ဖြစ်ချင်တာ မဖြစ်ရ။

မဖြစ်ချင်တာလည်း ဖြစ်ကြရသည်။

မြန်မာပီပီ ဗုဒ္ဓတရားတော် ရှိခဲ့သည့်အတိုင်း ကံ ကံ၏ အကျိုးကို မယုံကြည်လို့ မရသည့်တရားပဲ ဖြစ်သည်။

မိုးကောင်းကင်ကတော့ ဒီလိုမဟုတ်။

မြန်မာအမျိုးသမီးစစ်စစ် ဗုဒ္ဓဘာသာပေမယ့် ကံကလူကို စီရင်လို့မရ လူသာအဓိကဟု ခံယူနေခဲ့၏။

မင်းစက်ရာ ဆိုသည့် ယောကျာ်းတစ်ယောက်ကို အရှုံးအမူး ချစ်ခဲ့သည်။

ဆုပ်ကိုင်ဖမ်းဆွဲထားလို့ ရနိုင်သော လူတစ်ကိုယ်လုံးကိုပင် သူမ စွန့်လွှတ်ခဲ့ရပြီးမှ အကောင်အထည်မဲ့သော အချစ်တစ်ခုကို ဆွဲသိမ်းရယူဖို့ ကြိုးစားခဲ့ပြန်သည်။

မနေချင်တဲ့လူက သွားခဲ့ပြီးပြီ။

မတားဆီးနိုင်လို့လည်း ကျန်ခဲ့ရပြီ။

အချိန်ကာလတို့ဟာလည်း မနေ့တစ်နေ့ကမှ မဟုတ်ခဲ့ဘဲ။

ဒါကို ခုချိန်ထိ တယုသန်အတွေ့များနှင့် သူမမျက်လုံးတွေမှာ တရားတာ မတရားတာ ဘာမှလည်း မြင်ပုံမပေါ်။

မချစ်၍ ပြစ်သွားသော မင်းစက်ရာ၏ လွတ်လပ်မှုအားလုံးကို ပိတ်ပင်ဖျက်ဆီးဖို့အတွက် လက်နက်မျိုးစုံနှင့် ခင်းကျင်းနေသည့် အနိမ်းမတစ်ယောက်၏ ဘေးမှာ လောင်းရိပ် မနေလိုပါ။

အဖေဟာ ခရီးထွက်သွားကတည်းက သူ့ကိုစိတ်ချယုံကြည်စွာ ထားပစ်ခဲ့တာမဟုတ်။

" မိုးကောင်းကင်ရဲ့စိတ်ဓါတ်ဟာ ထက်မြက်တာ တစ်ခုကို ဖယ်လိုက်ရင် သိပ်ကိုကြောက်စရာကောင်းတယ် သား မင်းဒီကနေ တခြားသွားဖို့ပဲ ကြိုးစားပါ သူနဲ့ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် မငြိမိစေနဲ့ "

ဟုလည်း မှာခဲ့သေးသည်။

နောက်တော့ ထွက်သွားကတည်းက အဖေမကျန်းမာလို့

သူသွားတွေ့ခဲ့ရတာပဲ ရှိသည်။

ထိုအကြောင်းများနှင့်ပတ်သက်၍ ဘာမှမပြောဖြစ်ခဲ့တော့၊

ကျန်းမာရေးကြောင့် အနားယူနေရရင်း သေဆုံးသွားခဲ့သည့် အထိ အဖေဟာ သူ့ကိုထပ်၍ မမှာကြားဖြစ်ခဲ့ပေမယ့် မိုးကောင်းကင် ထံမှာ အလုပ်မလုပ်စေလိုသော ဆန္ဒတွေတော့ ရှိနေခဲ့သည်သာ

" ကျွန်တော်လည်း ဘဝကို ဒီလိုပဲ မြှုပ်နှံသွားဖို့ မဟုတ်ပါဘူး အဖေ ကျွန်တော့်အတွက် လိုအပ်နေတဲ့ အတိုင်းအတာ တစ်ခုထိပါပဲ ခြေတစ်လှမ်းပြီးတစ်လှမ်း မြင့်သထက်မြင့်အောင် တက်သွားမှာပါ "

သူလည်း အဖေ့ကို ကတိတွေ ပေးခဲ့သည်။

ဒီနေ့ထိ မိုးကောင်းကင်၏ အရိပ်အောက်က သူ မထွက်ခွာ နိုင်ခဲ့ပါ။

ဒါဟာ သံယောဇဉ်ကြောင့် မဟုတ်။

မဖြစ်သာသည့် အကြောင်းတစ်စုံတစ်ရာလည်း မရှိပါ။

ယောက်ျားဖြစ်ပြီး လိုလျှင်ချက်ချင်း မလိုတော့ချက်ချင်း ဆိုသည့် အဖြစ်ကို ရုတ်တရက်ကြီး မဖန်တီးချင်တာဖြစ်သည်။

ပြီးတော့ အဖေ ချန်ရစ်ခဲ့သည့် အလုပ်လက်စတချို့က သူ့ ခေါင်းပေါ် ရောက်နေခဲ့သည်။

ဘာပဲဖြစ်ဖြစ် သူထွက်ခွာဖို့ ပြင်ဆင်ပြီးနေပါပြီ။

မိုးကောင်းကင်က ပြောင်းလဲနေသည့် လောင်းရိပ် မျက်နှာပေါ်က ရွေ့လျားမှုများကို ပိုက်စိပ်တိုက်ကြည့်နေ၏။

သူမ ပြောသည့် စကားအပေါ်မှာ လောင်းရိပ် စိုးမျှော်ခြင်း မရှိတာကိုလည်း သိ၏။

“ ပြောပါဦး မင်းဘယ်မှာ လုပ်ငန်းအသစ် လုပ်ထားတာ ရှိလို့လဲ ”

“ ကျွန်တော် သင်္ဘောလိုက်မလို့ပါ ”

“ ဟင် ဘာ သင်္ဘောလိုက်မယ် ”

မိုးကောင်းကင် မျက်နှာမှာ အံ့ဩသလို ဖြစ်သွားပြီးမှ ပြုံးယောင်သမ်းသွားကာ။

“ ဘာလဲ ရေဝတီ သင်္ဘောလား ”

လောင်းရိပ်က မျက်နှာမပျက်ပါ။

မိုးကောင်းကင်ကိုကြည့်၍ ပြုံးပြလိုက်သေးသည်။

“ မဟုတ်ပါဘူး နိုင်ငံခြားသင်္ဘောလိုက်မှာပါ ”

ဟု ရှင်းပြတော့ မိုးကောင်းကင်က မျက်နှာပိုးသတ်၍ စိုက်ကြည့်၏။

“ တို့က မင်းကို [illegible]တာမဟုတ်ပါဘူး ဆယ်တန်း အောင်ထားရုံနဲ့ သင်္ဘောမှာ မင်းဘာသွားလုပ်မှာလဲ ကုန်းပတ်တိုက် ထမင်းချက်

ဂလောက် အလုပ်မျိုးနဲ့တော့ အဲဒီက ဝင်ငွေလောက်ကို မင်းမက်မောရင် တို့ပေးနိုင်တယ် ''

လောင်းရိပ် မျက်နှာညိုခနဲ မှောင်သွားသည်။

ဒါပေမဲ့ ခပ်ယဲ့ယဲ့မဲ့ပြုံးလေးတော့ ပြုံးလိုက်မိသေးသည်။

'' ကျွန်တော်က အလုပ်လုပ်ချင်တာပါ ငွေလိုချင်တာ မဟုတ်ဘူး ''

'' သဘော်ာလုပ်မှ ဖြစ်မှာလား ''

'' အဲဒါ ကျွန်တော့်ရည်ရွယ်ချက်ပဲ မမမိုး နောက်ထပ် မင်းစည်းစိမ်မျိုးနဲ့ လဲမယ်ဆိုရင်တောင် ရည်ရွယ်ချက်ကို မပြင်ဘူး ''

'' ဘယ်တော့လဲ ''

မိုးကောင်းကင် မျက်နှာမှာ တကယ်စိုးရိမ်သော အမူအရာတွေ ရွှန်းထင်းလာခဲ့၏။

သူမ တကယ်အားငယ်သွားတာမှန်း သိတော့လည်း လောင်းရိပ် စိတ်မကောင်းပါ။

ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာ ကိုယ့်ဘဝအတွက် အစိက ပေမယ့် အချိန်သိပ်မဆွဲချင်တော့တာက မိုးကောင်းကင်ဆိုသော မိန်းမ တစ်ယောက်နှင့် နီးနီးမနေလိုတော့၍ ဖြစ်နေသည်။

အဆိုးဆုံးက ကိုယ်ဟာ သပ်သပ်မဆိုင်သလို နေ၍မရ။

သူမ သွားလာရာလိုက်နေရသည့် ဒရိုင်ဘာ။

သူမ ကနေသည့်ဇာတ်မှာ တစ်ချိန်ချိန် တစ်နေရာရာမှာ ပါဝင်ဖို့ ဖြစ်လာမှာက သေချာပါသည်။

ဘာဖြစ်လို့လဲဆိုတော့ သူ့ဆန်စားရဲ့မှ

ဒီအဖြစ် ဒီလိုကောင်တွေ လှည့်ပတ်ခြင်းတွေကို သူ စိတ်မဝင်စား။

ဒါပေမဲ့

မိုးကောင်းကင် မေးသောမေးခွန်းကိုတော့ သူ ရုတ်တရက် မဖြေနိုင်ဘဲ ဖြစ်ခဲ့လေသည်။

✿ ✿ ✿ ✿ ✿

# အခန်း (၁၀)

ခြံဝကိုပြေးထွက်လာခဲ့စဉ်တွင် ခြေထောက်မှာ ပါလာသည်က အိမ်ပေါ်မှာစီးသည့် အဝတ်ဖိနပ်လေးပဲ ဖြစ်၏။

ပန်းချိတ်ထားသော တဆက်တည်း ဂါဝန်ပျော့ပျော့ ကပ်ကပ်လေးနှင့် ဖြစ်သလို ဆွဲဝတ်လာခဲ့သော စက်၏ ဂျာကင်အနက်ဖားဖားမွမွကြီးက အပေါ်ကထပ်လို့

ပြေးလွှားထွက်ခဲ့ရင် တဖျတ်ဖျတ် လွင့်ပျံကျလာသည့် မျက်နှာပေါ်က ဆံပင်တွေကိုလည်း လက်တစ်ဖက်နှင့် ထိုးသိပ်တင်သည်။

ခြေဖျားမလွှတ်သည့် ဂါဝန်စကို တစ်ဖက်က 'မ' ကာ ခြံဝရောက်လျှင်

" မိန်းကလေး. . ."

" အို. . . ဖယ်ပါ "

" နေဦး. . . ဘဘပြောမယ် "

" ဟင့်အင်း ဟင့်အင်း ဖယ်ပေး ဖယ်နော် "

ဦးတိုးက ရှေ့ကကာထားပေမယ့် ဆွဲလည်းမဆွဲရဲ

လွှတ်ပေးလိုက်လို့လည်း မဖြစ်။

တိုးသည့်လူက ရှေ့တိုး။

ဦးတိုးက ကာထားရင်း နောက်ဆုတ်ပါသွားသဖြင့် ခြံတံခါးကြီးမှာ ကျောကပ်မိသွား၏။

အတွင်းဘက် လက်ဝဲထောင့်မှာ အုတ်ခုံသဖွယ် ဆင့်ခံထားသည့် ပန်းစင်တစ်ခု ရှိသည်။

ရွှယ်ရှူးက ပန်းစင်ဆီကို ဦးတည်သွားသည်ဖို့ မတတ်သာတော့ဘဲ ဦးတိုး ဆွဲထားလိုက်ရ၏။

" မိန်းကလေး ညည်းဘာလုပ်မလို့လဲ ဘဘကို နည်းနည်းပြောပါ ဘဘ စီစဉ်ပေးပါ့မယ် "

ရွှယ်ရှူးက ဦးတိုးလက်တွေကို ပုတ်ချပစ်လိုက်ပြီး ဆတ်ခနဲလှည့်၍ ရင်ဆိုင်သည်။

" ဘာလဲ ရွှယ်ရှူးကို အခန်းထဲ ပြန်ထည့်ပိတ်ပြီး ဦးစက်ကို ဖုန်းဆက်ခေါ်မှာ မဟုတ်လား "

" ဒါက ဒီလိုရှိသေးတယ် "

" ဘယ်လိုပဲ ရှိရှိ ရွှယ်စူး မနေနိုင်ဘူး လွှတ်လွှတ်လပ်လပ် ရွှယ်စူး စိတ်ရှိတိုင်း လျှောက်သွားပါရစေ ရွှယ်စူး ပြန်လာမှာပါ ဦးစက်ကို အကြောင်းကြားချင် ကြားပါ ဒါပေမဲ့ လိုက်မရှာဖို့ ပြောပေးပါ အချိန်တန်ရင် ရွှယ်စူးပြန်လာမယ် ဒါမှမဟုတ်လို့ ဘဘ ရွှယ်စူးကို အခု အနိုင်ကျင့် ချုပ်နှောင်ပြီး အခန်းထဲ ပြန်ထည့်မယ်ဆိုရင် ရွှယ်စူး ဘာလုပ်တော့မယ်ထင်လဲ "

ရူးစူးလက်လက် ဖြစ်နေသည့် ရွှယ်စူးမျက်ဝန်းလေးတွေကို ကြည့်ကာ ဦးတိုး သဘောပေါက်သွားခဲ့၏။

သူလေးဖင့်စွာ ခေါင်းညိတ်လိုက်ရပြီ။

" ဒီလိုဆိုရင်လည်း မင်းသွားပါ "

ပြောလိုက်ပြီး ခါးမှာ အမြဲချိတ်ထားဖို့ပြောပြီး စက်ပေးထားခဲ့သည့် ဟန်းဖုန်းကို ဖြုတ်၍ ရွှယ်စူးကို ကမ်းပေးကာ

" ဒါယူသွားပါ မင်းလိုအပ်ရင်. . . "

" မလိုဘူး လိုလည်းမဆက်ဘူး ဘဘ လိုတရ ပြည့်စုံအောင် ဖန်တီးပေးနေတဲ့ လူတွေကို ရွှယ်စူးမုန်းတယ် တကယ့်ပြည့်စုံမှု ဘာလဲ ဆိုတာ အခုသိပြီ ဒုက္ခဆိုတာ ရွှယ်စူးအတွက်က ချိုပါတယ် "

" ပိန်းကလေး "

ရွှယ်စူးက တားဆီးချိန်မရလောက်အောင် မြန်သည်။

ဂါဝန်စလေးကို ဒူးဆင်လောက်ထိ ဆွဲမလိုက်ပြီး အုတ်ခုံစင်လေးပေါ်ကနေ ခြေကျော့်ထွက်ဖို့ တာရှာ၏။

" နေဦး နေဦး မိန်းကလေး ဒီကပဲထွက်ပါ လာပါ ဘဘ တံခါးဖွင့်ပေးမယ် ပြန်လာမယ် ဆိုတာတော့ ကတိပေးပါ "

ခေါင်းညိတ်ပြီး တံခါးအပြင်ရောက်တော့ ရွှယ်ရှုးနာကျင်စွာ ပြုံးမိ၏။ ပြန်လာမှာပါ သူမမှာ ပြေးစရာမှ မြေမရှိဘဲ။

ဒါမှမဟုတ် ပြေးလို့ရမှာမှ မဟုတ်ဘဲ။

သူမဘယ်ကိုပဲသွားသွား ဦးစက်နောက်ကနေ ထပ်ချပ်မကွာ လိုက်လာမှာပဲ ဖြစ်၏။

ကိုယ်ကိုယ်တိုင်ကရော မင်းစက်ရာဆိုသော ယောကျ်ား အပေါ်မှာ တကယ်မုန်းတီးနာကျည်းခဲ့တာလား။

ထိုအဖြေကို ရွှယ်ရှုး မစဉ်းစားရဲပါ။

ချောမောတင့်တယ်၍ ကြင်နာယုယတတ်သည့် မင်းစက်ရာ၏ ချော့မော့နှစ်သိမ့်မှုများကို သူမ လွန်ဆန်နိုင်ခဲ့သလား။

ဒီမေးခွန်းကို ခေါင်းခါ၍သာ ဖြေရပါမည်။

သူမဘဝမှာ ရင်းနှီးထိတွေ့ခဲ့ဖူးသည့် ယောကျ်ားဆိုလို့ ရိပ်နဲ့ ဦးစက်သာ ရှိသည်။

ရိပ်ကို တွယ်တာဆဲကာလများမှာ ရင်ခုန်တတ်ခြင်းဟာ အချစ်

ကြောင့်လား သံယောဇဉ်လား

ဘာမှ မရေရာခဲ့ပေ။

အဝိက ရင်ထဲမှာ အချိန်ပြည့်ရှိနေခြင်းဟာ စားဝတ်နေရေး ဦးစက်ကိုတော့ အထင်ကြီးတာရော လေးစားတာရော ချောမွေ့သန့်စင်နေတတ်သည့် ထိုမျက်နှာကို နိုးနိုး၍လည်း ငေးခဲ့ဖူးသည်။

လွတ်လပ်စွာ ရင်ခုန်တတ်ခဲ့ချိန်တွင် ရွယ်စူး၏ အားကိုးရာမဲ့တစ်ကောင်ကြွက်ဘဝမှာ ဦးစက်၏ ရင်ခွင်တစ်ခုတည်းသာ အရိပ်တစ်ခု

ထိုရင်ခွင်ကို မက်မောကြည်ဖြူစွာ မှေးစက်ခိုလှုံခဲ့ပြီးကာမှ ဆတ်ဆတ်ခါ နာကျင်နေသော နှလုံးသားသည် မင်းစက်ရာ၏ နှလုံးသားနှင့် နယ်ခြားဝေးကွာသွားခဲ့သလို ခံစားရသောကြောင့်သာ အဝိက တကယ်တော့ အချစ်ဟာ သူမထံမှမှ မဟုတ်ခဲ့တာ။

ဦးစက်က သူမအပေါ် သနားငဲ့ညှာမှုတစ်ခုတည်းလား ဒါမှမဟုတ်။

ခိုကိုးရာမဲ့ မိန်းကလေးတစ်ယောက်မို့ ရက်စက်စွာ သိမ်းပိုက်ခဲ့ခြင်းလား။

ခြေလှမ်းတို့က မြန်သထက်မြန်ကာ အပြေးတစ်ပိုင်း ဖြစ်လာသည်။

ထို့နောက် လက်သီးနှစ်ဖက်ဆုပ်၍ ရွယ်စူးတအား ပြေး၏။

ခုလောက်ဆို ဟိုလူကြီး ဦးစက်ဆီကို ဖုန်းဆက်နေပြီ။

စိမ်းတချို့ ခြောက်တချို့နှင့် မြက်တို့ နှစ်ဖက်ရံနေသော ဟောဒီ ကားလမ်းကျဉ်းကလေးက မလွှတ်မြောက်မီ ရှေ့ကနေ ဦးစက်၏ ကား ဝင်လာလျှင်သွားပြီ။

လမ်းကလေးက မကျယ်လှပေမယ့် အတော့်ကို ရှည်ပါသည်။

ဆိတ်ငြိမ်ရပ်ကွက် တစ်ခုလုံး၏ လမ်းသွယ်ကလေးဖြစ်ကာ ကားလမ်းမကို ခပ်ကွေ့ကွေ့ လွန်တက်သွားပုံက ရှည်လျားလှ၏။

ပိတ်ကာထားသည့် ဝင်းတံတိုင်းနှင့် တံခါးချပ်ကြီးများက တစ်ခြံ ပြီးတစ်ခြံ ရှယ်စူးအမောဆို့အောင် ဖြတ်ပြေးနေတာကို အနည်းငယ်မျှပင် အသိအမှတ် မပြုကြ။

အဝင်အထွက် ပြုရုံသာ ဖွင့်လှစ်ရှိကြသော တံခါးတွေကို ဖြတ်ကျော်ပြေးလွှားရင်း ရှယ်စူး လမ်းမပေါ်ရောက်ဖို့သာ အားသန် နေသည်။

ဒီအချိန်မှာ လူသူတစ်စုံတစ်ယောက်နှင့်မျှ မတွေ့ချင်။

ကားတစ်စီးစီးဝင်လာ၍ မြက်ခင်းတို့အပေါ် ဆင်းပေးရှောင်ပေး နေရမှာလည်း မလိုချင်။

အထူးသဖြင့် မင်းစက်ရာ၏ကား

" ဟင် "

မျက်လုံးထဲမှာ ကားတစ်စီး၏ ဦးခေါင်းပိုင်းတစ်ခု ကွေ့ဝင်လာတာကို လှစ်ခနဲမြင်လိုက်ရကာ တစ်ကိုယ်လုံး တုန်တက်သွား၏။

သို့သော် မင်းစက်ရာ၏ ကားက မာစီးဒီး

တကယ်ဝင်လာသည့် ကားကတော့ ရူပါဆလွန်းကား အဖြူလေး

စိတ်ထဲမှာ ဝမ်းသာမှုက အတိုင်းအဆမရှိ။

ရှေ့ဝါးနှစ်ပြန်သာသာလောက်ဆို ကားလမ်းပေါ်ရောက်ပြီ။

ကားအဖြူလေးကို လမ်းဘေးဆင်းရှောင်ပေးရင်း ကွေ့ရှောင်ထွက်လိုက်စဉ်

“ ရွှယ်ရူး ”

နားထဲမှာ ဘယ်တုန်းကမှ မမေ့ခဲ့သည့်ခေါ်သံ။

ကားနှင့်ရွှယ်ရူး တော့ကပ်ရှောင်လိုက်ပြီးမှ ခေါ်သံကြောင့် ရွှယ်ရူး ချက်ချင်း လှည့်ကြည့်လိုက်မိသည်။

ဆံပင်များပင် လွင့်ခနဲ ခါတက်သွား၏။

“ ရွှယ်ရူး နေဦး ”

ကားက တုံ့ခနဲ ရပ်သွားကာ တံခါးတစ်ဖက် ပွင့်သွားသည်။

ကမန်းကတန်း ဆင်းလာသူက လောင်းရိပ်ပဲ ဖြစ်၏။

“ ရိပ် ”

မျက်ရည်စတို့ကြားမှ ရွယ်စူး မျက်နှာလေး ကြည်လင်ဝင်းပ သွားခဲ့၏။

လောင်းရိပ်သည် ဂျင်းဘောင်းဘီရှည် ဂျင်းဂျက်ကက်နှင့် အတွင်းမှာ အဖြူရောင် စွပ်ကျယ်လေးသာ ရှိသည်။

မမြင်တာကြာပြီဖြစ်သော လောင်းရိပ်သည် ဖြူနုနေပေမယ့် ရင့်ကျက်မှုတွေ ရှိနေ၏။

အရစ်ကြီးပဲပိုမြင့်လာသလိုလို ပိုချောသလိုလို တံခါးကို နောက်ပြန်ပိတ်ပစ်လိုက်ပြီး မော့ငေးနေသည့် ရွယ်စူးဆီ ခြေနှစ်လှမ်းတည်းနှင့် ရောက်လာ၏။

“ ရွယ်စူး နင့်ကိုတူလို့ ငါအဝေးကြီးကတည်းက ကြည့်နေတာ နင် ဒီမှာနေတာလား ဘယ်သွားမလို့လဲ ”

“ ငါ. . . ”

မေးလိုက်တော့မှ သတိရသွားသည်။

ဦးစက် မလာခင် သူမ ဒီလမ်းထဲက ထွက်ရမည်။

ရိပ်၏ ကားပေါ်လှမ်းကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက် ၏အပေါ်ပိုင်းကို မြင်ရသည်။

“ ငါ သွားတော့မယ် ”

“ ဟင် ရွယ်စူး ”

ရိပ်က ရွယ်စုးလက်ကို လှမ်းဆွဲလိုက်ပြီး တအံ့တဩ

" ဘာဖြစ်တာလဲ ဘာကိစ္စရှိနေလို့လဲ "

" ငါ ငါသွားစရာရှိသေးလို့ ဖယ်. . . နောက်တော့ တွေ့ကြဦးမှာပါနော် "

" ဟာ နေပါဦး ငါ ဒီညေ့သည်ကို ရှေ့နားမှာသွားဖို့ ပေးလိုက်ရုံပြီးပြီ "

" အင်းပါ သွားပို့ပါ ငါ အရေးကြီးနေလို့ သွားမယ်နော် "

" နေပါဦး ရွယ်စုးရယ် "

ရိပ် ဘယ်လိုတားဆီးရမှန်း မသိဘဲ ရွယ်စုးလက်ကိုလည်း မလွှတ် ခေါင်းလည်းမညိတ်နိုင်။

" မောင်လေး မောင်လေး ကိစ္စရှိရင် သွားလိုက်လေ အစ်မ ဒီကနေပဲ ဆင်းသွားလိုက်မယ် ရှေ့မှာရောက်ပြီပဲဟာ "

အမျိုးသမီး၏ စကားသံနှင့်အတူ သူမကားပေါ်က ဆင်း၏။ ရိပ်က တောင်းပန်သလို လှည့်ကြည့်ကာ

" ဆောရီးဗျာ မသူဇာကို တောင်းပန်ပါတယ် ကျွန်တော် "

" ရပါတယ် တို့ကတောင် အားနာရဦးမှာ မမကိုပြောပေးပါနော် လိုက်ပို့တာ ကျေးဇူးတင်ပါတယ်လို့ "

ကိုယ်ခန္ဓာခပ်သွယ်သွယ်နှင့် အမျိုးသမီးက ဆလင်းဘက်ကို

ပခုံးမှာ ကျကျနန ပြင်ချိတ်၍ ဆံပင်တစ်ချက်သပ်သည်။

ပြီးတော့ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ ကားဦးတည်ထား သည့်အတိုင်း ထွက်သွားလေသည်။

" လာ ကားပေါ်တက် "

ရိပ်က ရွှယ်စုးဆီက အဖြေကို မစောင့်ဘဲ လက်ကလေး တစ်ဖက်ကို ဆွဲကာ ကားထဲဝင်နိုင်းသည်။

သေချာတံခါးပိတ်ပေးပြီးမှ တစ်ဘက်မှာ ဝင်ထိုင်သည်။

ရွှယ်စုး ဘာမှမပြောဖြစ်ခဲ့။

✿ ✿ ✿ ✿ ✿

# အခန်း (၁၁)

ဘာစားမလဲ မေးတော့လည်း ဘာမှမစားချင်ဘူးတဲ့။

ဘယ်သွားမှာလဲ မေးတော့ လမ်းလျှောက်ထွက်လာသည်ဟု ဖြေသည်။

နောက်ဆုံးကျတော့ လူသူကင်းရှင်းပြီး တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေလို့ ရသည့်နေရာ ပို့ပေးပါဟု ပြောပြန်သည်။

" ငါလည်း သိပ်များများ မသွားဖူးဘူး အင်းလျားကန်ဘက်မှာပဲ ထိုင်ကြရအောင်နော် "ဟု သူပြောတော့လည်း ခေါင်းညိတ်ရှာသည်။

ဒီနေရာမှာ ခုံတန်းကလေးတွေလည်း မရှိ။

လမ်းလည်း သိပ်မကောင်းပါ။

ဒါပေမဲ့ ရေပြင်ကို ငေးကြည့်ရင်း အေးချမ်းစွာ နေဖို့အတွက် နှောင့်ယှက်ဖျက်ဆီးမည့်သူ မရှိ။

လူသူကင်းရှင်းကာ ဘာသံညာသံမှလည်း မကြား။

" ရိုဝ် "

" ဟင် ဘာလဲ "

" သိပ်များများ မသွားဘူးလို့ပဲနော် "

" ဘာဖြစ်လို့လဲ "

ဟုမေးပြီးမှ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ကာ လောင်းရိုဝ်က ရယ်သည်။

" ဒီကို ဘယ်သူနဲ့လာနေကျလဲ ပြော "

" မကြာခဏ မဟုတ်ပါဘူး တစ်ခါပဲလာဖူးတာ မမမိုးကို ပို့ရင်းနဲ့လေ "

" မမမိုးဆိုတာ "

"တို့အလုပ်ရှင်ပါ "

ထိုင်စရာအကွင်းအကွက်ကောင်း မရှိပေမယ့် ဖိနပ်တွေချွတ်၍ ဖိနပ်ပေါ်မှာပဲ ထိုင်ကြသည်။

ရွှယ်စုးက ကန်ရေပြင်ကို မျက်နှာမူလျက်

လောင်းရိုဝ်က ရွှယ်စုးဘက်ကို ခပ်စောင်းစောင်း လှည့်ထိုင်သည်။

" သူ့မှာ ခါးသီးချက် ဇာတ်လမ်းတစ်ခု အဲ အတိတ်အကြောင်း

ဆိုပါတော့ ရှိခဲ့တယ် သူ သိပ်မှန်းကျပ်တဲ့အခါ ဒီကိုပို့နိုင်းတယ်လေ "

" တစ်ခါပဲဆို "

ရွှယ်ရူးကို လောင်းရိပ်က စိုက်ကြည့်လိုက်ပြီးမှ

" ဟုတ်တယ် တခြားနေရာတွေကို မကြာခဏလေ ဒီကိုတော့ တစ်ခါပဲ အဲဒါကြောင့် ငါသိနေတာပါ "

" သူ့ကိုလိုက်ပို့ရင်း နင်လည်းသူနဲ့နေရ-ာပေါ့ သူကအပျိုကြီးလား၊ တစ်ခုလပ်ဘာညာ မုဆိုးမ . . . "

စောစောကတော့ ငိုထားပုံလည်းရကာ သူခွဲထားတာတောင် ထွက်ပြေးတော့မလို ဖြစ်နေသော ရွှယ်ရူးမျက်နှာလေးပေါ်က စပ်စပ်စုစု ပုံလေးကို လောင်းရိပ်ငေးကြည့်ကာ နှုတ်ခမ်းတို့မှာ ပြုံးရိသွားလျက်

" သူ့ဟာသူ ဘာဖြစ်ဖြစ် ငါ့အလုပ်ရှင်ပဲ ငါဒီထက်ပိုပြီး စိတ်မဝင်စားဘူး ပို့ပေးပါဆို ပေးလိုက်တယ် ပြန်မယ်ဆို ပြန်ရမယ် သူ့ခံစားချက် သူ့ရဲ့အတိတ်က သူ့ရင်ထဲမှာ ဖြစ်မှာပေါ့ နင်ပြောသလို ဖြစ်ခဲ့တာတွေ ဟုတ်မဟုတ် သူကလွဲပြီး ဘယ်သူသိမှာလဲ အပျိုကြီးပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ငါက သူ့ရဲ့ဒရိုင်ဘာ "

ရွှယ်ရူး မျက်နှာလေးညှိုကာ တစ်ဘက်လှည့်သွား၏။

လောင်းရိပ် ကိုယ်မတ်ခနဲ ဖြစ်သွားကာ ရွှယ်ရူးလက်ကောက် ဝတ်လေးကို ပျာပျာသလဲ လှမ်းဆွဲသည်။

" ရွယ်စူး ငါက နင်တစ်မျိုးထင်နေသလားလို့ ပြောတာပါ ပြီးတော့ ငါက နင့်အကြောင်းကို စိတ်ဝင်စားနေတာ နင်က သူ့အကြောင်း တွေ မဆီမဆိုင် ဝင်မေးလိုက်တော့ စကားလမ်းကြောင်းတွေ လွဲကုန်မှာ စိုးလို့ "

ရွယ်စူးက ပြန်လှည့်ကြည့်သည်။

" ဟင် "

ဒေါသမပါသော မျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်သိပ် နေလို့။

" ရွယ်စူး. . . ငါ ငါပြောတာက "

" ဟင့်အင်း "

ရွယ်စူး ခေါင်းလည်းခါသည်။

လက်ခုံနုနုလေးနှင့် မျက်ရည်ကို ပွတ်သုတ်ပြီး တစ်ဖက်ပြန် လှည့်၏။

လောင်းရိပ် ရွယ်စူးဘေးမှာ ရွေ့လိုက်ပြီး ကပ်ထိုင်သည်။

ပြီးတော့ မျက်နှာလေးကို လိုက်ငုံ့ကြည့်ကာ

" ဘာဖြစ်တာလဲ ရွယ်စူးရယ် ငါ့ကြောင့်လား ဘယ်သူ့ ကြောင့်လဲ ဘာဖြစ်လာတာလဲဟင် ငါ့ကိုအားလုံး ပြောပြစမ်းပါ နင်အခု ဘယ်မှာနေပြီး ဘာတွေဖြစ်နေသလဲ "

ရွှယ်စူးက ခေါင်းခါဆဲနှင့် ရှိုက်ငိုတော့သည်။

လောင်းရိပ် ခြေမကိုင်မိ လက်မကိုင်မိနှင့် ဘာလုပ်ရမှန်း မသိ။

ဘာမှလည်း မပြောတတ်။

ရွှယ်စူး ဘာတွေဖြစ်နေတာ သူမသိပါ။

ကွဲကွာခဲ့ကြသော ကာလများမှာ ဒိုက်ဦးရာမှဲ့ တစ်ကောင်ကြွက်ဘဝနှင့် လေလွင့်ပျက်စီးသွားပြီလို့လို့ သိခဲ့ရသော ရွှယ်စူးဘဝ အခုဘာတွေဖြစ်နေပြီလဲ။

သူ အံတစ်ချက်ကြိတ်၍ ရွှယ်စူးမျက်နှာလေးကို မေးဖျားလေးမှ ဆွဲလှည့်ယူသည်။

မျက်ရည်တွေကို တယုတယ သုတ်ပေးရင်း

" နင်နဲ့ငါ့ကြားမှာ ပြောမထွက်စရာ မပြောအပ်တာ ဘာမှ မရှိဘူး ရွှယ်စူး နင်ဘာဖြစ်ခဲ့ဖြစ်ခဲ့ ငါ ဂရုမစိုက်ဘူး နင်နဲ့ငါက ဘဝတူတွေပါ ငါတို့ကွဲကွာခဲ့ကြတဲ့ နောက်ပိုင်းမှာလည်း ငါ့ခွန်အား ငါ့အနာဂတ်တွေအားလုံးဟာ နင်ပါပဲ နင့်ကိုငါ အမြဲသတိရနေတာ ထွက်လာရင်လည်း ရှာဖွေနေခဲ့တာပါ အခုတွေ့ပြန်ဆုံကြပြီ ဘယ်တော့မှကွဲကွာဖို့ မလိုတော့ဘူးလို့ မှတ်ထားစမ်းပါ "

" ရိပ်ရယ်. . . "

ရွှယ်ရူး မျက်ရည်စက်တွေ ကျလာသမျှ ရိပ်က မညည်းမညူ သုတ်ပေး၏။

" နင် ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ မပြောချင်ဘူးဆို မပြောပါနဲ့ အားလုံးကို မေ့ပစ်ခဲ့မယ် ထွက်လာနိုင်မယ် ဆိုရင် ခုပြော နင့်လက်ကို ဆွဲပြီး ငါအားလုံးကို ရင်ဆိုင်မယ် "

ရွှယ်ရူးမျက်ရည်တွေ တစိမ့်စိမ့်ကျရင်း ရိပ်ကိုငေးနေရှာသည်။

" ရိပ် "

" ပြော ပြောစမ်းပါ ရွှယ်ရူးရယ် ဘဝတစ်ခုလုံး ဆိုးခဲ့တယ် ဆိုတဲ့ အကြောင်းတွေ ပါလာလို့ ငါမျက်နှာပျက်သွားခဲ့ရင် နင်ငါ့ကို တစ်သက်လုံး မုန်းသွားလို့ရတယ် "

ရွှယ်ရူးက ခေါင်းခါ၍ မဲ့မဲ့လေးပြုံးပြ၏။

ထို့နောက် ပခုံးလေးပါအောင် ရှိုက်လိုက်ပြီး

" ငါ နင့်ပခုံးပေါ်မှာ မှီပြီး အားရပါးရ ငိုပါရစေ "

" ဘာ "

" ငါ့မျက်ရည်တွေကို သုတ်မပေးပါနဲ့ "

လောင်းရိပ် ဘာမှမပြောနိုင်မီ ရွှယ်ရူး မျက်နှာလေး သူ့ပခုံး စွန်းမှာ ဖေးကပ်လာသည်။

ထို့နောက် တစ်ခါမှ မငိုခဲ့ရသေးသလို တရှိုက်ရှိုက် ငိုလေသည်။

ဟိုစဉ်ကတည်းက ရွှယ်စုးငိုတာကို ဘယ်လိုမှ မကြည့်တတ်ခဲ့သည့် နိုပ်လက်တွေ ရွှယ်စုးပခုံးလေးကို မချင့်မရဲ တွေးပွေ့လာခဲ့၏။

လက်ဖဝါး တစ်ဖက်သည် ရွှယ်စုး၏ ဦးခေါင်းဆံစလေးများထဲသို့ ဖွဖွတိုးဝင်ကာ တယုတယ ချော့မြူ၏။

ငိုပါစေတော့။

ရွှယ်စုးကို ဘာမှထပ်မမေးတော့ဖို့လည်း ဆုံးဖြတ်လိုက်သည်။

ရင်ထဲမှာ စုးအောင့်နာကျင်နေသည်က ရွှယ်စုးခုလို အဖြစ်ဆုံးသနပ်စုံထဲမှာ ဒုက္ခပင်လယ်ဝေခဲ့ရတာ သူ့ကြောင့်

ညီအစ်မနှစ်ယောက်တည်း ဒုက္ခတွေ ရောက်ခဲ့သည်။

မမသေစွာ ကျန်းမာရေးမကောင်းတာလည်း သူသိသည်။

ဒီနောက်ပိုင်းမှာ ပြတ်တောက်စွာ မနေသင့်ပေမယ့် ရွှယ်စုးဆီကို သူမရောက်ဖြစ်ခဲ့ပေ။

ရွှယ်စုးတို့ညီအစ်မ ရင်ဆိုင်ပြောင်းလဲသွားခဲ့ပုံကပဲ ဆိုးဝါးစွာ မြန်ဆန်လွန်းခဲ့တာလား။

သူကပဲ ဂရုမစိုက်စွာ နေခဲ့မိတာလား။

ဒါ ကံကြမ္မာပါ ရွှယ်စုးရယ်။

ငါ နင့်ကို ဂရုမစိုက်ဘူးဆိုတဲ့ နေ့ ည နာရီ

သုံးခုလုံး တိုက်ဆိုင်ခဲ့တာ မရှိခဲ့ပါဘူး။

သူ အသံတိတ် ဝေဒနာခံစားနေမိသည်။

နေ့ရော ညရော ဘယ်အချိန်ဖြစ်ဖြစ် ရွှယ်စုးကို သူလုံးလုံး လျားလျား မေမေ့လျော့ခဲ့သည်မရှိ။

ဘယ်ကိုကြည့်ကြည့် ဘာလေးပဲဖြစ်ဖြစ်။

သွားလာစဉ် ညအိပ်ရာဝင်

အကြောင်းတိုက်ဆိုင်တာတွေ ရှိခဲ့တိုင်း

တစ်ခါတစ်ခါ အလုပ်လုပ်နေရင်းတောင် သတိရသည်။

သူ့ဘဝ အားလပ်ချိန်များမှာရော တွေးစရာ သတိရစရာ ရှိတာ ရွှယ်စုးပဲဖြစ်သည်။

ရွှယ်စုး၏ ဦးခေါင်းလေးမှာ သူပါးတစ်ခြမ်းကပ်၍ ပခုံးလေးမှ သိမ်းကျုံးကာ တင်းကျပ်စွာ ဖက်ထားလိုက်မိတာလည်း ကိုယ့်ကိုယ်ကို သတိမထားမိခဲ့။

ထိုအချိန်မှာ ရွှယ်စုးရှိုက်သံလေး လျော့ကျသွားကာ

" ငါ. . . ပြန်တော့မယ် "

" ဟင် "

ရွှယ်စုး မျက်နှာမော့လာတော့ သူ ငုံ့ကြည့်၍ ခေါင်းခါ၏။

" ပြန်မယ်ဟုတ်လား ဘယ်ကိုလဲ "

ရွှယ်စုး မျက်နှာလေးလွှဲပစ်တော့ သူ အံ့ကြိတ်မိသည်။

" နင့်ကိုဘယ်ကလာတာလဲ ဘယ်ကိုသွားမလို့လဲ ဘာမှ ငါမမေးဘူး ဒါပေမဲ့ အခု နင်ရင်ဆိုင်နေရတဲ့ဘဝကို နင် လက်မခံနိုင်ဘူး မို့လား ကြေကွဲဝမ်းနည်းနေတာ ငါမြင်ရက်နဲ့ ပြန်မလွှတ်နိုင်ဘူး ရွှယ်ရူး ငါနဲ့လိုက်ခဲ့ပါ ဘာဖြစ်ဖြစ် ငါတို့ရင်ဆိုင်ကြမယ် "

" မဟုတ်ဘူး အဲလိုမဟုတ်ဘူး ရိုဝ် ငါ. . . ငါလေ. . . "

ရွှယ်ရူး ခေါင်းငုံ့ချလိုက်ပြီးမှ

" ငါ အိမ်ထောင်ကျနေပြီ "

" ဟင်. . . "

ပခုံးမှာ ဆုပ်ဖက်ထားသည့် လက်တစ်ဖက်က ပြေကျသွား၏။

ဘဝပျက်နေသည့် မိန်းကလေးတစ်ယောက်ကို အလွယ်တကူ ကောက်ယူကယ်ဆယ်လိုက်လို့ ရသည်။

အိမ်ထောင်ရှိပြီးသား မိန်းကလေး. . .

" ရွှယ်ရူး. . . နင်. . . "

ဆို့နင့်သွားခဲ့သော စကားသံက လည်ချောင်းထဲမှာ အက်ရှ သွားခဲ့၏။

သို့သော် မျက်ရည်စက်တို့ကြောင့် ရိုဝ် တစ်စုံတစ်ရာကို သတိ ရကာ

" နင် ချစ်လို့ယူခဲ့တာလား အချစ်တစ်ခုကို နင့်ဘဝသောကတွေ

ကြားမှာ ဒီလောက်လှယ်လှယ် မမွေးဖွားနိုင်ဘူးဆိုတာ ငါသိတယ် နှင့်ရဲ့ အိမ်ထောင်ရေးက ဘယ်လိုပုံစံမျိုးလဲ ဒီလို ငိုကြွေးပူဆွေးနေရတဲ့ ဘဝမျိုးလား ဘာဖြစ်ဖြစ် နှင် စိတ်ဆင်းရဲနေရတာဆိုရင်. . ."

ရွယ်ရှူး ခေါင်းခါပစ်လိုက်ကာ

" မဟုတ်ဘူး ရိုပ် ငါ့ရဲ့သောကတွေထဲမှာ ငါ အားကိုးရာခဲ့မိတာ မှန်ပါတယ် ဒါပေမဲ့ ငါမှားခဲ့တယ် ရိုပ်ရယ် သူလေ သူငါ့ကိုညာခဲ့တယ် ငါအညာမိခဲ့တယ် သိလား "

" ဘာ "

ဘာသံသည် ဆောင့်ခါခုန်ထွက်သွားတာ မဟုတ်ဘဲ နင့်နင့်နဲနဲ တုန်ခါလျက်ဖြစ်သည်။

" ဒါဆိုရင်. . . နင်. . . "

"ငါ သူ့ကိုချစ်မိနေပြီ ရိုပ်ရယ် "

ရင်တစ်ခုလုံးဟာ ဆုပ်ညှစ်ခြောက်ပစ်ခံလိုက်ရသလို ခိုက် တစ်ကိုယ်လုံး တစ်နေရာဆီ လွင့်ပါမျောရွေ့သွားသလိုပင်။

ထို့နောက် ပူလောင်ခေါင်းသီသော နယ်ပယ်တစ်ခုထဲသို့ ပစ်ခတ်ထိုးကျကာ အရိုးအဆစ်တို့ မွမွကြေသွားခဲ့သည့် ခန္ဓာတစ်ခုလို နေရာမှာပဲ ခွေခေါက်လဲကျသွားမတတ်။

ရွယ်ရှူးဘယ်လောက်ပဲ အဖြစ်ဆိုးဆိုး ဘဝပျက်ပါစေ။

သူ့ဘက်က အချစ်မပျက် သစ္စာကြီးမားစွာ အသင့်ရှိနေပေမယ့် အိမ်ထောင်ဆိုသည့် အဆီးအတား တစ်ခုထဲမှာ ရွှယ်ရုံးဟာ ဘဝကိုကော အချစ်ကိုပါ ပေးဆပ်ခဲ့ပြီးပြီဆိုလျှင်

" ရွှယ်ရုံး "

အားတင်း၍ ပုံမှန်အတိုင်း အသံထွက်နိုင်အောင် ကြိုးစား ပေမယ့် ငိုသံတွေပါနေခဲ့သလား။

ရိုပ်တံတွေးတစ်ချက် မျိုချမိသည်။

လည်ချောင်းထဲမှာ နာကျင်ရှုံးရှသွား၏။

" ရွှယ်ရုံး နင်ပြောလေ ငါ ငါဘာလုပ်ပေးရမလဲ နင်အခု ဘာဖြစ်ချင်သလဲ "

ပက်လက်လျော့လျဲစွာ ပြေကျနေသည့် သူ့လက်ဖဝါးပေါ်မှာ ရွှယ်ရုံးက ထပ်အုပ်ဆုပ်ကိုင်လိုက်ကာ

" နင် ငါ့ကိုဘာမှထပ်မမေးပါနဲ့နော် ဒါပေမဲ့ ငါပြောချင်တာ တွေတော့ နင်နားထောင်ပေးပါ အဲဒီလိုဆိုရင် ငါ တရားပွဲမလား "

ရိုပ်က မချိတချိပြုံး၍ ခေါင်းညိတ်၏။

" နင်စိတ်ချမ်းသာဖို့ဆိုရင် အားလုံးတရားတယ် "

" ငါလေ ငါပထမဆုံး ရင်းနှီးတွယ်တာခဲ့ရတဲ့ ယောက်ျားက နင်ပါ ငါ့ဘဝအမှောင်မိုက်ဆုံး အချိန်ထိ ငါနင့်ကိုတမ်းတနေခဲ့တယ်

အဲဒီအချိန်မှာ သူနဲ့ဆုံခဲ့တာပဲ "

ချေပြင်ကို ပြန့်ငေးရင်း အပြန်အလှန် ဆုပ်ကိုင်ထားကြသည့် လက်ဖဝါးနှစ်ဖက်က ပို၍တင်းကျပ်လာခဲ့၏။

" ငါ သူ့ကိုလက်ထပ်ခဲ့တဲ့အထိ အချစ်ကိုနားမလည်ခဲ့ဘူး ချစ်လို့ဆုံးဖြတ်ခဲ့တာ မဟုတ်ပေမယ့် ဆုံးဖြတ်ပြီးတဲ့နောက်မှာ ငါသူ့ကို မခွဲနိုင်တော့ဘူး ဒါပေမဲ့ရိုပ်ရယ် ငါလေ ငါမပျော်ဘူး အဲဒါ အချစ်ဟုတ်ရဲ့ လား ဟင် ငါသူနဲ့နေရတာ ငရဲကျနေသလိုပါပဲ ဒါပေမဲ့ ငါရုန်းမထွက် နိုင်ဘူး အဲဒါ နေစရာမရှိလို့လဲ မဟုတ်ဘူး ငတ်မှာစိုးလို့လည်း မပါဘူး သူ့ကိုမခွဲနိုင်တာ "

ရိုပ် နှုတ်ခမ်းကို ခပ်တင်းတင်းဖိပိတ်၍ မျက်နှာမသိမသာ လွှဲထားသည်။

" ရိုပ် "

" ဟင် "

သူ ဖျတ်ခနဲ ပြန်ပျှည့်ဂတော့ သူ့မျက်ဝန်းများကို အမြေရှာ တောင်းပန်နေသလို မှောင်ငေးနေသော ရွှယ်စူး အကြည့်များကြောင့် ကာကွယ်ပြုံးလိုက်ရသော နှုတ်ခမ်းအစုံက မပီပြင်။

" ငါ့ကို စိတ်ဆိုးသွားလားဟင် "

" ဘာဖြစ်လို့ဆိုးရမှာလဲ "

" နင်ငါ့ကို ဖွင့်ပြောခဲ့ဖူးတယ် သစ္စာရှိကြဖို့လည်း ကတိပြုခဲ့ဖူးတယ်လေ "

" ရွှယ်စုးရယ် ငါကပြန်တောင်းပန်ရမှာပါ တကယ်ဆို နင့်ဒီလောက်ထိ မျက်ရည်တွေကျခဲ့ရတာ ငါ့ကြောင့် အချစ်တွေသောကတွေနဲ့ လုံးထွေးသတ်ပုတ်နေခဲ့ရတဲ့ နင့်ဘဝဟာ မပီမပြင် ဆုံးဖြတ်ခဲ့ ကျော်လွှားခဲ့ရတဲ့ သင်းရဲချို့တဲ့မှုတွေကြောင့်ပဲ နင့်စိတ်ကြိုက်ရှုပ်ထွေးခဲ့ရတာ တစ်ခုမှ မရှိဘူး ငါစိတ်မကောင်းဖြစ်နေရတာပါ "

ရိပ် ဟန်ဆောင်ဖုံးဖိပြုံးနေရှာတာကို ရွှယ်စုးသိသည်။

ခွင့်လွှတ်တယ် စိတ်မကောင်းဘူးဆိုတာ တကယ်ပြောတာမှန်း သိပေမယ့် ရိပ်နှလုံးသားတွေ တဖျစ်ဖျစ် မြည်နေတာ ရွှယ်စုးကြားနေရပါ၏။

ဒါပေမဲ့. . .

" ဒါဆို နင်လည်း ငါ့ကိုမသနားပါနဲ့ ငါလည်းနင့်ကို ကယ်ပါယူပါလို့ တွေမခေါ်ရက်ပါဘူး ဒါပေမဲ့ နင်ငါ့ကို ခင်မင်တဲ့စိတ်လေး ရှိနေပေးဦးမယ် ဆိုရင်. . . "

" ပြောရက်လိုက်တာ ရွှယ်စုးရယ် ရှိနေပေးဦးမယ်ဆိုရင် တဲ့ ငါ့ရင်ထဲမှာ နင်ကလွဲပြီး ဘယ်သူငယ်ချင်းမှလည်း မရှိခဲ့ဘူး နောက်ထပ်ချစ်သူထားဖို့ဆိုတာလည်း မလွယ်တော့ဘူး ဘာဝရဒီရင်ခွင်က နင့်

အတွက် ခိုနားဖို့ပဲဖြစ်ဖြစ် ဖြတ်လျှောက်ရင်း ခဏနားဖို့ပဲဖြစ်ဖြစ် နင့်အတွက် အမြဲအဆင်သင့်ပဲ စကားပလ္လင်တွေ ခံမနေပါနဲ့ ဘာလုပ်ပေးရမလဲပြော ''

'' ငါ နင်နဲ့စကားပြောချင်တယ် ''

တစ်ခုခုမေးဖို့ပြင်ပြီးမှ ရိုပ် ပါးစပ်ပြန်ပိတ်၍ စဉ်းစားသည်။

'' ဖုန်းနံပါတ် ပေးရမလား ''

'' ငါ့ကို ဖုန်းကိုင်ခွင့်မှ မပေးတာ ''

'' ဘယ်လို့. . . ''

မျက်နှာကတင်းခနဲဖြစ်ကာ စကားလုံးတွေ ပါးစပ်ထဲမှာ ချက်ချင်းပြည့်တက် လာကြသည်။

သို့သော် ရိုပ်ဘာမှ မပြောဖြစ်ပါ။

ဂျက်ကက်အတွင်းအိတ်ထဲကို နှိုက်ယူလိုက်တော့ လက်ထဲမှာ ဟန်းဖုန်းလေးတစ်လုံး ပါလာသည်။

'' ဒါယူထားလိုက် ''

လက်ဖဝါးလေးကို ဖြန့်ယူထည့်ပေးပြီး ပြန်၍ထွေးဆုပ်ထားလိုက်၏။

'' နင် သတိရတဲ့အခါ ဆက်လိုက်ပေါ့ တွေ့ဖို့လိုရင် ငါ့ကို ခေါ်လို့ရတယ် ''

" နင့် ဖုန်းလားဟင် "

" ဟုတ်တယ် သင်္ဘောပြန်တက်တဲ့ကောင် ငါ့ကိုလက်ဆောင်ပေးထားတာ ငါ့မှာဆက်စရာ မိတ်ဆွေသူငယ်ချင်းလည်း သိပ်မရှိပါဘူး နင်ယူလိုက် "

" ငါက ဘယ်နံပါတ်ကို ဆက်ရမှာလဲ "

ရိပ်က ခဏစဉ်းစားနေပြီးမှ

" တစ်ရက်နှစ်ရက်တော့ မဆက်နဲ့ဦး ငါသူ့ဆီက ဖုန်းခဏငှားဦးမယ် ငှားမယ်ဆိုပေမယ့် ဒီကောင်က ပေးမှာပါ အားနာပေမယ့် ယူရမှာပဲ "

" သူက တော်တော်ချမ်းသာလို့လားဟင် "

" အင်း မိဘကလည်း ချမ်းသာတယ် သူကလည်း သင်္ဘောသားလေ သူ့အစ်ကိုက သင်္ဘောမှာ စက္ကင်းန် အင်ဂျင်နီယာ ငါဖုန်းရရင် ဘယ်အချိန် ခေါ်ရမလဲ "

" တစ်နေကုန် ခေါ်လို့ရတယ်."

ညဘက်မခေါ်နဲ့လို့ ပြောတာမှန်း ရိပ် နားလည်လိုက်သည်။

ရင်ထဲမှာ မှန်းကျုပ်ပူလောင်ခြင်းက စက္ကန့်တိုင်း မိနစ်တိုင်းမှာ ပိုမိုတိုးလာနေခြင်း ဖြစ်ရာ

" တစ်ခုခု သွားစားရအောင်နော် ရွယ်ရူး "

ရွှယ်စူး လက်လေးကို ဆုပ်၍ သူထရပ်လိုက်ရင်း ဆွဲတူတော့ ရွှယ်စူးက ထလိုက်ပေမယ့် ခေါင်းခါသည်။

“ ငါ ပြန်တော့မယ် ”

ထိုစကားရပ်ကို ရိုပ် နားထောင်နိုင်စွမ်းမရှိ။

ဖြစ်နိုင်လျှင် တစ်လောကလုံးကို မေ့ပစ်လိုက်ပြီး နှစ်ယောက်လက်တွဲကာ အားလုံးနှင့်လွတ်ရာ လွတ်ကြောင်း ထွက်ပြေးသွားချင်သည်။

“ ငါလိုက်ပို့လို့ရမလား ”

ရွှယ်စူး ခေါင်းခါလိုက်သည်။

မျက်လုံးချင်းဆိုင်နေရာမှ လှည့်ထွက်လိုက်တော့ ရိုပ်က လက်ကို ပြန်ဆွဲထားလိုက်ကာ

“ ဘာမှမမေးနဲ့ဆိုတဲ့အထဲမှာ ဘယ်မှာနေတာလေး လောက်တော့ ခြွင်းချက်ထားသင့်ပါတယ်ဟာ နင်မသိစေချင်တာတွေကို ငါက တူးဆွဆင်းရဲပေးမယ့်သူလား ”

“ မဟုတ်ပါဘူး ငါ့ကိုခွင့်လွှတ်ပါ ဘာမှမပြောပါနဲ့တော့ ”

ရွှယ်စူး ဖွတ်ပဲ လှည့်ထွက်ခဲ့သည်။

ရိုပ်က လက်ကိုဆွဲလျက်နှင့် အတူပါလာပြီး

“ ကားလမ်းပေါ်ထိ ငါပို့ပေးမယ် ”

ရွှယ်စူး ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။

သူကဒိုတာ မကြိုက်မုန်း သိပေမယ့် ခေါင်းငုံ့လျှောက်ခဲ့ရင်း မျက်ရည်တွေ ပြည့်တက်လာပြန်သည်။

ကန်ဘောင်ပေါ်က ဆင်းခဲ့ကြပြီး သူ့ကားဆီမသွားဘဲ ကားမှတ်တိုင်ထိ ရိပ်ကဲ လိုက်လာ၏။

" ရွှယ်စူး မငိုနဲ့လေ "

ခေါင်းငုံ့ရင်း မျက်ရည်တစ်စက် လက်ခနဲ ကြွေဆင်းသွားတာကို ရိပ်က မြင်လိုက်၏။

အတူရပ်၍ ကားစောင့်နေရာမှ ရွှယ်စူးလက်ကို သတိပေးသလို တစ်ချက်ဖျစ်ညှစ်ကာ

" မငိုနဲ့ ငါတစ်သျှူးဝယ်လိုက်ဦးမယ် "

ဟုဆိုကာ ခပ်လှမ်းလှမ်းမှာရှိသည့် ကွမ်းယာဆိုင်လေးသို့ ပြေးသွား၏။

ရိပ်၏ပြေးလွှားသွားသော ကျောပြင်ကို လှည့်ငေးနေမိဆဲ

" ရွှယ်စူး "

" အို "

ကြည့်လိုက်မိသည်နှင့် ရွှယ်စူးကို ဆွဲခေါ်ခံလိုက်ရခြင်းက တစ်ဆက်တည်း စက်၏လက်ထဲမှာ ရွှယ်စူးက အရုပ်ကလေးတစ်ရုပ်လို ကားပေါ်သို့ တွန်းတိုးထည့်ခြင်း ခံရကာ စက်ကိုယ်တိုင်ကားကို ပတ်ပြေး၍

ကားထဲဝင် မောင်းထွက်ခဲ့၏။

" ရိပ်ရယ် "

ကွမ်းယာဆိုင်မှာ ရပ်လျက် တစ်သျှူးထုပ်လေး ဝယ်နေသည့် ရိပ်ကို ရင်နင့်စွာကြည့်ရင်း နှုတ်ဆက်လိုက်မိသည်။

ပါးပြင်ထက်သို့ တလိမ့်လိမ့် ဆင်းကျလာသည့် မျက်ရည်တို့က ရေပူစီးကြောင်းများလို နွေးရုံမဟုတ်ဘဲ ပူလောင်ပြင်းပြနေခဲ့၏။

ရင်ခွင်နှစ်ခု၏ အေးမြခြင်းက ကွာခြားလှပါလား။

စက်သည် လက်ကလေးဖွဖွပိုက်၍ ခေါင်းငုံ့ကာ ကလေးလို တရှိုက်ရှိုက်ငိုကြွေးနေသည့် ရွှယ်စုးကို ကားမောင်းရင်း လှည့်တကြည့်ကြည့်

✿ ✿ ✿ ✿ ✿

# အခန်း (၁၂)

" သူငယ်ချင်း "

" ဘာ သူငယ်ချင်း ဟုတ်လား ခြံကိုကျော်ခွထွက်ပြီး မရမက ထွက်ပြေးပြေ့တဲ့သူက သူငယ်ချင်းလား "

တစ်ဘက်လှည့်လိုက်သည့် ရွယ်စူး ပခုံးလေးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲလှည့်၍ ဆောင့်ခါသည်။

" ကန်ဘောင်ပေါ်မှာ ပခုံးချင်းထပ် ရင်ချင်းကပ်နေကြတာ သူငယ်ချင်းလား "

ပြော၍ ဆောင့်တွန်းပစ်လိုက်သဖြင့် ရွယ်စူး မွေ့ရာပေါ်သို့ နောက်ပြန် ပစ်ကျသွားလေသည်။

" မင်းတို့ကို မြင်လာ ဘဲ နေရာမှာ ကိုယ်ရောက်နေတယ် မင်းအဲဒီရင်ခွင်ထဲ ရောက်နေတဲ့အချိန် ကိုယ့်ရင်ထဲမှာ ဘယ်လိုဖြစ်နေ

မလဲ မင်း စဉ်းစားကြည့် ''

ရွှယ်စူး မျက်ရည်ကျလျက် ရှိုက်ငိုဖို့ မေ့နေသည်။

ရွှယ်စူးနဲ့ရိပ်ကို ဦးစက် မြင်နေသည်တဲ့။

'' အဲဒီအချိန်မှာ ဒီကောင့်ရင်ခွင်ထဲက မင်းကိုဆွဲထုတ်ပစ်ပြီး အဲဒီကောင်ကို စိစိညက်ညက် ကြေအောင် ငါဆွဲထိုးချင်တာ ဘာဖြစ်လို့ ထိန်းချုပ်နေခဲ့သလဲ သိလား ရုပ်ရှင်ထဲကလို လူကြမ်းကြီးဖြစ်ပြီး မင်း ငါ့ကိုသေအောင် မုန်းသွားမှာကြောက်လို့ ''

စက်အံ့ကြိတ်ထားသဖြင့် မေးကြောများမှာထောင်ကားနေကြ၏။

လက်သီးဆုပ်ထားရင်း လက်တို့က တုန်ယင်နေသည်။

ရွှယ်စူး မမြင်ဘူးခဲ့သည့် ဒေါသမျက်နှာပြင်ဟာ နီရဲတင်းမာ လျက်

'' မင်း အဲဒီကောင်ကို အားကိုးပြီး ကိုယ့်ဆီကနေ ထွက်ပြေး တာလား ''

'' ရွှယ်စူး ထွက်ပြေးတာ မဟုတ်ဘူး ''

'' မဟုတ်ရင်ဘာလဲ လက်တွဲပြီး ဆင်းလာကြတာ ဘယ်လိုလဲ မင်းကို ကိုယ်ကသိပ်သနားစရာကောင်းတဲ့ တစ်ကောင်ကြွက် မိန်းကလေး လို့ ထင်ခဲ့တာ ခုတော့. . .''

'' အနိုင်ကျင့်ချင်တိုင်း ကျင့်လို့မရတော့ဘူး ဆိုတာသိလို့

ဒီလောက် ဒေါပွနေတာ မဟုတ်လား ''

ရွှယ်ရှူး ရှုးရှုးဝါးဝါး ထအော်တော့ စက်မှုက်နာမှာ အံ့ဩသလို ဖြစ်သွားကာ ဘာမှပြန်မပြောနိုင်။

'' တစ်ကောင်ကြွက် ဒိုကိုးရာမဲ့ တစ်ယောက်ပဲဆိုပြီး ဦးစက်ထင်သလို အနိုင်ကျင့်ခဲ့တာပေါ့ လူတစ်ယောက်လုံးကို အခန်းထဲထည့်ပိတ်ပြီး . . . ''

'' အဲဒါ မင်းကို ကိုယ်မချစ်လို့ ထည့်ပိတ်ထားတာ မဟုတ်ဘူး မြတ်နိုးလွန်းလို့ သိမ်းထားတာ မင်းဟာကိုယ်အမြတ်နိုးဆုံး ရတနာ၊ ပြည်တန်ပတ္တမြား ဖြစ်နေပစေ အိတ်ထဲကောက်ထည့်ချင်မှထည့်မှာ၊ မိန်းမတစ်ယောက်ရဲ့တန်ဖိုးဟာ မင်းနဲ့တွေ့မှကိုယ့်လောဘထဲ ရောက်ခဲ့တာပါ ဒီစကားကိုပဲ ထပ်ခါထပ်ခါပြောပြီး မင်းကရှုန်းထွက်တာပေါ့ ဟုတ်လား မင်းက ကိုယ့်ကို ကလဲ့စားချေပြလိုက်တာပေါ့ ''

'' မဟုတ်ဘူး ''

'' ဟုတ်လို့ မင်းကိုယ့်ကို စုံကန်ပြီး ဟိုကောင်နဲ့ . . . ''

'' မဟုတ်ဘူး ''

တအားအော်ပြီး ရွှယ်ရှူး ငိုချလိုက်တော့ စက် စကားသံတွေ တိတ်ကျသွားသည်။

'' သူနဲ့ရွှယ်ရှူး သူငယ်ချင်း သိပ်ချစ်ကြတာ မှန်တယ် ဒါပေမဲ့

မရှိးမသား ဘာမှမရှိခဲ့ဘူး သူ့ဆီရွှယ်စူးသွားတာ မဟုတ်ဘူး ဟောဒီ အခန်းထဲက ခဏလေးဖြစ်ဖြစ် လွတ်လပ်သွားချင်တာ ပြန်လာပါ့မယ်လို့ ပြောပြီးမှ ရွှယ်စူးသွားတာ ရှင် ရှင် ရွှယ်စူးကို အဲဒီလို မစွပ်စွဲပါနဲ့ ''

ရွှယ်စူး မွေ့ရာပေါ် မှောက်ချလိုက်ပြီး ရှိုက်ငိုသည်။

စက် ရှေ့ကို တစ်လှမ်းချင်း တိုးလာ၏။

ရွှယ်စူး ဘေးမှာထိုင်ကာ သူလည်း မျက်ရည်ဝေ့လာသည်။

တုန်ခါနေသော ပခုံးလေးနှစ်ဖက်ကို ဆွဲယူလိုက်ပြီး ရင်ခွင်ထဲမှာ တင်းနေအောင် ဖက်ထားလိုက်၏။

'' မင်းကို ကိုယ်ချစ်တယ် သိပ်ချစ်တယ် ကလေးရယ် ကိုယ်လေ မင်းကို အဲဒီလို မြင်လိုက်ရမှ ကိုယ်ချင်းစာမိတယ် တဆက်တည်း ရင်ထဲမှာ ပူလောင်သွားတာ အရည်ပျော်သွားတော့ မလားလို့တောင် ထင်မိပါတယ် ကိုယ်ချစ်တာက သပ်သပ် မင်းကိုတော့ ကိုယ်မပေးနိုင် ဘူး ရွှယ်စူးရယ် အဲဒီကောင် ဘယ်သူပဲဖြစ်ဖြစ် ကိုယ်မသိချင်ဘူး ထပ်လည်း ရှင်းမပြပါနဲ့ နောက်ထပ်လည်း တွေ့ဖို့မကြိုးစားပါနဲ့တော့ ချုပ်ချယ်တာမဟုတ်ဘူး မစွန့်လွှတ်နိုင်တာ ကိုယ့်ကိုနားလည်ပါ ရွှယ်စူး ရယ်နော် မင်းကိုကိုယ်မြတ်နိုးတယ် တန်ဖိုးထားလွန်းလို့ သိမ်းဆည်း ထားတာပါ တနေ့နေ့မှာ မင်းနဲ့ကိုယ် လွတ်လပ်ပျော်ရွှင်တဲ့ အိမ်ထောင်ရေး တစ်ခုကို တည်ဆောက်နိုင်ကြမယ် အဲဒီအချိန်ကို ရောက်ဖို့ ကြိုးစား

နေတာ တကယ်တော့ ကိုယ့်တို့အဖြစ်ထဲမှာ မသမာမှုတွေ ပါနေလို့ ခုလို ရှုပ်ထွေးနေတာ ဒီအရှုပ်အထွေးကို ကိုယ်ရအောင် ဖြေမယ် ကိုယ့်ကို ကြိုးစားခွင့်ပေးပါ ''

ရွှယ်စုး ခေါင်းခါသည်။

ရင်ထဲမှာ အေးစက်ခါးသီးနေသည့် အနမ်းတို့ကို လက်မခံနိုင်စွာ ရှောင်ဖယ်ပစ်မိ၏။

စက်က နွေးထွေးဖို့ ကြိုးစားရင်း မချိုသော အနမ်းများနဲ့ပဲ ရွှယ်စုး ဒူးထောက်ကျသွားခဲ့ရသည်။

အချစ်ဟာ ချိုသည်လား ခါးသည်လား မသိပါ။

သို့သော် အကြိမ်ကြိမ် ကျရှုံးခဲ့ရတာတော့ သေချာပါသည်။

နောက်ထပ် လှောင်ချိုင့်စံဘဝမှာ ရွှယ်စုးဘယ်လောက်ထိ ပေးဆပ်နေရဦးမည်လဲ။

✿ ✿ ✿ ✿ ✿

# အခန်း (၁၃)

ညည့်ခံပွဲတစ်ခုလုံးက သူနဲ့မိုးကောင်းကင်ကိုပဲ မျက်စပစ်ကြ နောက်ကြနှင့် ကြာတော့လည်း သည်းခံပြုံးပြနေရသည့် နှုတ်ခမ်းတို့က လှုပ်ရှားမှုတွေ တုံ့ဆိုင်းလာကြ၏။

" ထူးခြားတယ်နော် ဒီလင်မယား တိုက်တိုက်ဆိုင်ဆိုင် "

မကြာခဏ ဒီလိုပွဲမျိုးတွေမှာ မိုးကောင်းကင်နဲ့စက်တို့ ခုလို တစ်စားပွဲဆီ ထိုင်ဖြစ်ရင်း ဆုံဖူးကြပါသည်။

သူ့ရင်ထဲက အစိုင်အခဲကို နားလည်ကြသူ တချို့ကတော့ ပြုံး၍ မျက်စပစ် လက်တို့ကြတာလောက်ပဲ ရှိသည်။

ရှုပ်ပျက်ရယ်မော၍ စနောက်ကြတာမရှိ။

မိုးကောင်းကင်နှင့် ပတ်သက်သည့် တချို့ကတော့ လင်မယား တွေပဲဆိုသည့် အဖြစ်ကို မရမက ဆွဲယူကျီစယ်ရင်း

"ကိုစက်တို့ကလည်း နေနိုင်လိုက်ကြတာ လင်မယားဖြစ်ပြီး မခေါ်မပြောကြ အတူမနေကြနဲ့ နှစ်ယောက်လုံး ချောချောလှလှနဲ့ ဒီလောက် လိုက်ဖက်ကြတာကို "

ဟု ပြောင်ပြောင် တင်းတင်း ဝေဖန်ပေးနေကြသေးသည်။

" ဘယ့်နှယ်လဲ မင်းစက်ရဲ့ ပြန်ပေါင်းမထုပ်သေးဘူးလား "

ဆိုတာက တစ်မျိုး

" မမိုးကတော့ ယူ့ကို ပြေလည်ချင်နေတဲ့ပုံပါ "

နှစ်ဦးနှစ်ဖက်ကို ညှပ်ပူးညှပ်ပိတ် စနောက်နေကြသည့် လူတွေ ထဲမှာ သူမ၏ ဖြားယောင်းသော

ညှို့ငင်ပြုံးရီ၍ တောင်းပန်တိုးလျှိုးသော

ဝင်းလက်တောက်ပသည့် မျက်ဝန်းအစုံက စနောက်ရယ်မော နေကြသူတွေ ကြားထဲမှ သူ့ထံသို့သာ

" အန်ကယ်စော ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး "

သူ ထရပ်၍ နှုတ်ဆက်လိုက်သည်။

" ဟေး စက် ပြန်တော့မလို့လားကွ ခဏတော့ နေပါဦး "

ဦးစောလူ အနားရောက်လာပြီး လှမ်းကြည့်နေသည့် မိုးကောင်း ကင်ကိုလည်း မြင်ကာ

" တခြားစီနေတာပဲကွာ ဘာဖြစ်လဲ လူတွေက လင်မယားဆိုတဲ့

အမြင်ပဲရှိကြတော့ မဆောင်ခြင်မိကြတော့ပါ ခဏတော့ သည်းခံလိုက်ပါ"

ဦးဇောလှကာ စက်ကို နားလည်သူဖြစ်သည်။

သို့သော် စက်က ခေါင်းခါ၏။

လင်မယားလို့ လူတိုင်း၏ သတ်မှတ်ချက်ထဲမှာ အမြဲ ရှိနေအောင် မိုးကောင်းကင် ကြိုးစားခဲ့သည်။

ခုလည်း ကြိုးစားနေဆဲ

သူ့ တက်သမျှ ပါတီပွဲတိုင်း ဧည့်ခံပွဲတိုင်း

နောက်ဆုံး စားသောက်ဆိုင် လေလံပွဲသွားတာကအစ သူမနဲ့ ဆုံနေတတ်ခဲ့တာ တိုက်ဆိုင်တာတွေ မဖြစ်နိုင်မှန်း အစကတည်းက တွက်မိခဲ့သည်။

မင်းစက်ရော ဘာလုပ်လုပ်

ခြေလှမ်းလက်လှမ်း မိုးကောင်းကင် မသိတာ ဘာမှမရှိ။

ရွှယ်ရူးထံသို့ ဖုန်းဆက်ပြီးသည့် နောက်ပိုင်းမှာ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ထိုကိစ္စကို မိုးကောင်းကင် ရိပ်မိသွားပြီ ဆိုတာ သူသိသည်။

ခုချိန်ထိ အပြုံးမပျက် ခြေလှမ်းမစခဲ့တာ ဘာ့ကြောင့်လဲ

"အဲဒါ မင်းသတိတော့ထား စက် ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်တဲ့ သဘောပဲဖြစ်မယ် သူ့ဘက်က မသေချာသေးတာ ရှိနေလို့ ကိုယ်ထင်တယ် မင်းဂရုမစိုက်ပေမယ့် ရွှယ်ရူးအတွက် သတိတော့

ထားဖို့လိုလိမ့်မယ် ''

စက် မျက်နှာကို ပုံမှန်အတိုင်းနဲ့ပဲ ညှော်ခံပွဲထဲက ထွက်ဖို့ ကြိုးစားရသည်။

မိုးကောင်းကင်ရော လူတချို့၏ မျက်လုံးတို့က သူ့ဆီမှာသာ

'' စက် ပြန်တော့မလို့လား ''

ဟင်

ကားဆီသို့ လျှောက်ခဲ့ရင်း မှောင်ရိပ်ကျကျမှာ အသံကြောင့် လှည့်ကြည့်လိုက်တော့ သူ့နောက်မှာ တစ်လှမ်းချင်း လှုပ်လီလှုပ်လဲ့ လှမ်းလာသည့် မိုးကောင်းကင်။

အနက်ရောင် အပြောင်သား ကိုယ်ကျပ်အင်္ကျီက ဒူးဆစ် အောက်နားထိ ကျပ်ကပ်နေသည်။

ရှိုင်းအောက်မှာ ထဘီရင်လျှားထားသလို ကပ်ချိတ်ထားသော အပေါ်မှာ အပါးသားဝစွကုတ်လက်ရှည် ခါးတိုလေးကို ထပ်ဝတ်ထား၏။

သုံးလက်မခွဲ ဒေါက်ချွန်ဖိနပ်အထက်မှာ အနက်ရောင်ဇာခြေ စွပ်က ခြေသလုံးပေါ်တွင် အနက်ပွင့်အစက် သေးသေးလေးတွေပဲ မြင်ရပြီး အသားရောင်ဖြူနုနုက ဖွေးဥနေသည်။

အနက်နှင့် ဆန့်ကျင်သော စိန်ထည်တွေက ကိုယ်ပေါ်မှာ ပြိုးပြက်လက်နေ၏။

အမှောင်ထဲမှာ ခပ်နွဲ့နွဲ့လှမ်းလာသော သူမ၏ ပုံစံသည် ဆံပင်တွေပေါ်ကအစ တလက်လက် တပြောင်ပြောင်နှင့် နတ်သမီး ကိုယ်ယောင်ပြလာသလို ရှိနေ၏။

ရောင်စုံတင်ထားပေမယ့် အလွန်လှနေသည့် မျက်နှာက စက်နဲ့ သူမဟာ အလွန်ချစ်ခဲ့ပြီးမှ ဝေးကွာခဲ့ရသော ချစ်သူအား လွမ်းနေသလို

" ခဏလောက် စကားပြောရအောင် စက်ရယ်. . . နော် "

" ကျွန်တော် အချိန်မရဘူး "

" စက် "

ကားဆီသို့ လှမ်းလိုက်သည့် ခြေလှမ်းက တုံ့ခနဲ ပြန်ဖြစ်၏။

မိုးကောင်းကင် သူ့ရှေ့ကို ပတ်လျှောက်၍ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

ရပ်ပြီးမှ တစ်လှမ်းထပ်တိုးတော့ စက်ရှေ့မှာ ရင်ဘက်ချင်း ထိမတတ် နီးကပ်သွား၏။

အနက်ရောင် အငွေ့ကတ်တိုင်း ဝတ်စုံနှင့် ချောမွေ့နေသော စက် မျက်နှာကို ရွှန်းရွှန်းစားစား မော့ကြည့်၏။

" အချိန်မရပေမယ့် အချိန်ပေးမှ ဖြစ်မယ် စက် တို့ပြောမယ့် စကားကိုကြားရင် မင်းစိတ်ဝင်စားသွားမှာ ဖုန်းထဲကတစ်ယောက် အကြောင်းလေ "

ခေါ်နေရဲ့ မျက်နှာကို စက်က အထင်ပြင်သေးစွာ စိုက်ကြည့်၏။

မိုးကောင်းကင် ဤသို့ဤပုံ ပြင်ဆင်ပြီး ပွဲတက်လာတိုင်း လူတွေပါးစပ် အပေါင်းသားနှင့်ငေးမော လက်ဖျားခါကြသည်။

' လှလိုက်တာ ' တဲ့

ရောင်စုံကျားကွက်တွေ ပိုင်နိုင်စွာ ခင်းကျင်းပြသထား၍ လှနေသော ထိုမျက်နှာဟာ စက် မျက်လုံးထဲမှာ ဘယ်တုန်းကမှ မလှခဲ့ပါ။

မိုးကောင်းကင်က စက်မျက်နှာကို စူးစိုက်ကြည့်နေပြီး

" ဖြစ်သင့်တယ်လို့ အများက ပြောကြသလို တကယ်လည်း ဖြစ်သင့်နေတဲ့အတိုင်း မင်းနဲ့တို့ ပေါင်းစည်းကြဖို့ ကံမျှော်လင့်နေတယ်"

စက် မသိမသာမဲ့၍ မျက်နှာလွှဲသည်။

မိုးကောင်းကင်က မလွှဲတမ်း လိုက်ကြည့်နေသည်။

" မင်းကို အိမ်ထောင်ရေး ဖောက်ပြန်တဲ့ ယောကျ်ား တစ်ယောက်အဖြစ် လူသိရှင်ကြား တို့မလုပ်ချင်ဘူး အဲဒါ မင်းအပေါ် တို့သဘောထား ကြီးပေးလိုက်တဲ့ နောက်ဆုံးနားလည်ခြင်းပဲ "

စက် ဖျတ်ခနဲ ပြန်ကြည့်သည်။

မိုးကောင်းကင်က မဆုတ်မနစ် တုံ့ပြန်ကြည့်၏။

မှောင်ရိပ်ကျကျပေမယ့် သူမကိုယ်မှ စိန်ပွင့်များနှင့်အပြိုင် မျက်ဝန်းတို့က စူးလက်နေသည်။

ထိုရောင်စဉ်များထဲမှာ စက်ဆိုသော ယောကျ်ားနှင့်ကို အလဲ ထိုးနိုင်ဖို့ ပြင်ဆင်ထားခဲ့သည့် လက်နက်ကြီးငယ်များစွာ ရှိနေရကာ

" တို့စိတ်ဓါတ်ကို မင်းသိပါတယ် စက်ရယ် သံသယတစ်ခုကို ကြာရှည် တို့မသိမ်းဆည်းတတ်ဘူး ဒါပေမဲ့ မင်းလျှို့ဝှက်ထားတဲ့ တစ်စုံ တစ်ရာကိုတော့ အဆုံးထိ တို့မဖေါ်ချင်ဘူး တစ်အချက်က မင်းရဲ့ သိက္ခာဟာ တို့နဲ့လည်း သက်ဆိုင်နေလို့ နှစ်အချက်က တို့ရဲ့ဒေါသဟာ ဘာကိုမှ စောင့်ထိန်းနိုင်မှာ မဟုတ်လို့ ပြီးတော့ ဟုတ်နေတာကိုလည်း မသိချင်ဘူး "

" ခင်ဗျားရဲ့ ပိုင်စိုးပိုင်နင်း နိုင်ချင်နေတာတွေ ဘေးဖယ် ထားလိုက်စမ်းပါ ဘာတွေတစ်ဘက်သက်လုပ်ပြီး လာခြိမ်းခြောက်နေ တာလဲ ခင်ဗျားနဲ့ ကျွန်တော်ကရော ဘာတွေပတ်သက်ဖို့ ရှိနေလို့လဲ အားလုံးက ကြာခဲ့ပြီ အကုန်ပုံးကြီး ဆုံးခဲ့ပြီ "

" ပြော် ပျောင်းခွေးပြီးဆုံးသွားတဲ့ အိမ်ထောင်တွေ ရှိသလား ကြာသွားတာနဲ့ ပြီးခဲ့ပြီလို့ ပြောလို့ရတယ်လား မင်းနေချင်သလို နေခွင့် ပေးထားတာပဲ ရှိတယ် မင်းနဲ့တို့ ကွဲသွားကြတာ မဟုတ်ဘူး မင်းဟာ အမြဲတမ်း တို့ရဲ့ယောကျ်ား "

" တောက် "

" ဟွန်း "

သူ တက်ခေါက်တာကို မိုးကောင်းကင်က မဲ့၏။

" ရှိသေးတယ် အများအမြင်မှာ မင်းရဲ့ရက်စက်စွာ ပစ်ထားခံရရင်း သစ္စာရှိစွာစောင့်စားနေတဲ့ သနားစရာကောင်းတဲ့မိန်းမ တစ်ယောက်အဖြစ် တို့ရှိနေချိန်မှာ မင်းဘာမှလုပ်ခွင့်မရှိဘူး "

" အဲဒီလို ဖြစ်ဖို့ပဲ ခင်ဗျားအချိန်ပြည့် ကြိုးစားနေတာမို့လား ဒီမှာ မမိုး အချစ်ကို ခြိမ်းခြောက်ယူလို့ မရဘူးဆိုတာ ခင်ဗျားနားလည်စမ်းပါ ခင်ဗျားရဲ့လုပ်ဇာတ်တွေထဲမှာ ပရိသတ်ဘယ်လောက်ပဲ နစ်မျောနေပစေ အဲဒီထဲက မင်းသားက ကျွန်တော်ဖြစ်နေတဲ့အတွက် ဒါရိုက်တာ ခိုင်းတိုင်း လုပ်နေမှာ မဟုတ်ဘူး ခုရောနောင်ရော ခင်ဗျားနဲ့ကျွန်တော် ဘယ်တော့မှ ဆုံဆည်းကြဖို့ မရှိဘူး အဲဒါ နောက်ဆုံးစကားပဲ "

သူ မိုးကောင်းကင်ကို ကျေ့ရှောင်၍ ကားဆီသွားသည်။

တံခါးကို ဆွဲဖွင့်ကာ သီမ့်ခနဲ ဝင်ထိုင်ပြီး ခပ်ကြမ်းကြမ်း ပြန်ပိတ်၏။

မိုးကောင်းကင်က ကားထွက်လို့မရအောင် ရှေ့မှပိတ်ရပ်လိုက်ပြီး

" မင်းက စိန်ခေါ်လိုက်တာလား စက် ကောင်းပြီလေ မင်းကို အသေရရ အရှင်ရရ ယူမှာပဲဆိုတဲ့ ခပ်ကြောင်ကြောင် မိန်းမအဖြစ်ခံပြီး

အများတံတွေးခွက်မှာ ပက်လက်ရော မှောက်ခုံရော ဇောက်ထိုးမိုးမျှော်မင်းမျောနေမှ တို့အသားလေး ကောက်ယူပြမယ် မိုးကောင်းကင်ဟာမင်းရဲ့အထက်မှာ အမြဲရှိနေတာကို သဘောပေါက်ထားစမ်းပါ ''

ကားကို ဝူးခနဲဆောင့်နှိုးလိုက်မှ သူမနေရာရွှေ့ပေးသည်။

ကားက စထွက်ကတည်းက ကြမ်းတမ်းစွာပဲဖြစ်ကာ ည၏လမ်းမပေါ်မှာလည်း အရှိန်မလျှော့

ရင်ထဲမှာ ရှိသမျှ ကလီစာအားလုံး ပြုတ်ထွက်ခုန်ပေါက်နေသလို တုန်ယင်နာကျင်နေသည်။

အံကြိတ်လျက်နှင့် ထိန်းချုပ်မရသော တင်းကျပ်တုန်ယင်နေသည့် လက်ထဲမှာ စတီယာရင်က ရုန်းထွက်ချင်နေသည်။

ကားကဘေးကို ကပ်ကျသွားလိုက်

အလယ်ကို ပြန်မော့တက်သွားလိုက်

နံနက်ခင်း ကားတွေရှုပ်ရှက်သာဆို မလွယ်

မိုးကောင်းကင်ကို သူ ရှုံးနိမ့်နေခဲ့ရတာတွေ မကုန်နိုင်တော့ဘူးလား မချစ်ပါဘဲနှင့် လက်ထပ်ခဲ့ရသည်။

မုန်းတီးလာပေမယ့် ရုန်းထွက်လို့မရ။

ယောက်ျားဆိုသော ဧည့်တစ်ဘက်ခြားမှာ ပြောချင်တိုင်းပြောခွင့်မရတာတွေ

စိတ်ရှိတိုင်း ဆုံးဖြတ်လို့မရခဲ့တာတွေ

လုပ်ပိုင်ခွင့်အားလုံးက သူမဘက်မှာချည်း ရှိနေခဲ့၏။

အချစ်ကို လိုချင်ခဲ့ပေမယ့် သူမရပါ။

မပေးချင်သော်လည်း ဓါးပြတိုက်ခံနေရသည်။

သူ့နားထဲမှာ မိုးကောင်းကင်၏ ဟားတိုက်ရယ်မောသံတွေသာ

✿ ✿ ✿ ✿ ✿

# အခန်း (၁၄)

ညစဉ်ညတိုင်း သတိရသည်။

နေ့တက်ဆိုလည်း ဦးစက် ထွက်သွားသည်နှင့် သေချာသိမ်းထား သည့် ဖုန်းလေးကို ထုတ်ယူကြည့်မိ၏။

ဒီနေ့ပါဆို သုံးရက်တောင် ရှိပြီ။

ရိုပ် သူမဆီကို ဖုန်းမဆက်ခဲ့သေး။

တံခါးကို သေချာချက်ချ ပိတ်ထားပြီးမှ စားပွဲမှာထိုင်ကာ ဖုန်းလေးကို ရှေ့မှာချ၍ ငိုင်နေမိသည်။

ဖုန်းကိုမြင်နေရတာ ရိုပ်ကို တွေ့နေရသလို စိတ်ထဲမှာ ဖြေသာ သည်။

တကယ်လို့များ စကားပြောနေခွင့် ရမည်ဆိုလျှင်

]] w i$ w Dw D..တန်..."

ဖုန်းလေးက ထပ်မြည်လာ၏။

ရွှယ်စူး တုန်ခနဲ ဖြစ်သွားကာ ဝမ်းသာအားရ ကောက်ကိုင်လိုက်၏။

" ရွှယ်စူး "

" ရှိပ် "

တစ်သက်လုံးကြားဖူးခဲ့သမျှ ဒီအသံဟာ အချိုသာဆုံး ဝမ်းသာလွန်း၍ ဖုန်းကိုဖိဆုပ်ထားသည့် ရွှယ်စူးလက်ကလေးတွေ တုန်နေ၏။

" ရွှယ်စူး ငါဖုန်းရပြီ နံပါတ် မှတ်ထားလိုက်နော် "

" အင် "

" ရွှယ်စူး "

" ဟင် "

" ဟိုနေ့က နှင့်ကိုကားပေါ်ဆွဲတင်သွားတာ နင်ပြောတဲ့တစ်ယောက်လား "

" အင်း "

" အဆင်ပြေရဲ့လား နှင့်ကိုသူရိုက်နှက်တာရှိလားဟင် ငါလေ နင်ကားထဲ ရောက်သွားမှ လှည့်ကြည့်မိတာ လင်နဲ့မယားဆိုတော့ ဘာမှမတတ်နိုင်ပေမယ့် ငါ အံကြိတ်ထားရတယ် ဟာ၊ ပြောပါဦး ပြန်သွားတော့ ဘာဖြစ်ကြလဲ နည်းနည်းပါးပါးတော့ ပြောပါ ငါရင်တွေပူနေလို့ "

ပြန်ဖြေဖို့အတွက် ရွယ်စူး တံတွေးမျိုနေရတာ နှစ်ခါ

" ဘာမှမဖြစ်ပါဘူး သူ့နှင့်ကိုသေချာလည်းမသိဘူး ငါ ထွက်လာလို့ စိတ်ပူပြီး လိုက်ခေါ်တာ အဲဒါတွေထားလိုက်ပါဟာ ရိုပ် ငါလေ ဟိုသီချင်းလေး နားထောင်ချင်တယ် "

" ဟင် ဘယ်သီချင်းလဲ ဖုန်းထဲမှာ ဘယ်လိုလုပ်မှာလဲ "

" ဟို မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင် အကြောင်းဆိုထားတဲ့ သီချင်းလေး နင်နဲ့ငါ ပန်းခြံခန်းထဲမှာ ဆုံကြတုန်းက အဲဒီမှာကြားခဲ့ရတာလေ "

" ရွယ်စူးရယ် နင်နဲ့ငါ အဲဒီလို ပုံစံနဲ့ဘယ်လိုမှ အဆုံးမသတ်နိုင်ဘူး ဘာတွေ လျှောက်တွေးနေတာလဲ "

" ဟင့်အင်း ဆုံးတာစတာတွေ ငါ မသိဘူး အဲဒီသီချင်းလေး ငါနားထောင်ပါရစေ နင်ဖြစ်အောင် စီစဉ်ပေးပါနော် "

" အေးပါ နင်တစ်ယောက်တည်း အေးဆေးရှိတဲ့ အချိန်ပြော"

" နေ့လည် "

" ကောင်းပြီ ငါလုပ်ထားမယ် အခုနင်ဘာလုပ်နေလဲ "

" ဖုန်းကိုရှေ့ချပြီး နင်မခေါ်သေးလို့ ယိုင်စိတ်ညစ်နေတုန်း"

" ဖြစ်ရလေ ရွယ်စူးရယ် "

" ရိုပ် "

" ဟာင် "

" ငါနင်နဲ့ စကားတွေ ပြောချင်နေတယ် "

" ပြောလေ "

" ဘာပြောရမှန်း မသိဘူး ငါအရမ်း စိတ်ညစ်တယ် သိလား"

" ငါလည်း ပျော်လို့နေနေတာမှ မဟုတ်တဲ ရွှယ်စုးရယ် မဖြစ်ချင်ဘဲ ဖြစ်နေကြရတဲ့ မလွှဲသာမှုတွေပါ အားတင်းထားနော် နင့်အတွက်ငါ အမြဲရှိနေတယ် ဆိုတာ ယုံ "

ဖုန်းကိုင်လျက် ရွှယ်စုး မျက်ရည်ကျမိ၏။

' နင့်အတွက် ငါ ' တဲ့လား ရိပ်ရယ်. . .

ငါကတော့ နင့်အတွက်မှ မဖြစ်ခဲ့ဘဲ။

✿ ✿ ✿ ✿ ✿

# အခန်း (၁၅)

" ရွှယ်ရူးကိုခေါ်ပြီး နိုင်ငံခြားဖြစ်ဖြစ် အဝေးဆုံးတစ်နေရာရာကို ထွက်သွားချင်စိတ်တွေ ဖြစ်နေတယ် ဦးအောင် ဒါမှမဟုတ် ဒီမိန်းမနဲ့ ကျွန်တော် ရင်ဆိုင်လိုက်ချင်တယ် "

သူ ဒီစကားကိုပဲ ထပ်ဆိုမိ၏။

ပြောတိုင်းလည်း ဦးရန်အောင်က တားဆီးမြဲဖြစ်၏။

" ကိုယ့်စကားကို မင်းနားထောင်စမ်းပါ စက်ရယ် ခဏလေး သ ည်းခံလိုက်ပါ အဲဒီစကားဆိုတာ မင်းအတွက် သိပ်အရေးပါလို့ ပြောနေတာ ခုချိန်မှာ မိုးကောင်းကင်နဲ့ ပြဿနာထဖြစ်ကြရင် မင်းက ခံနိုင်ရည်ရှိပေမယ့် ရွှယ်ရူးသိပ်ကို နစ်နာသွားမှာ "

" ကိုယ်ကမဖြစ်လည်း သူကပြဿနာရှာမှာပဲ ဦးအောင် သူက စိန်ခေါ်သွားပြီးပြီ "

ဦးရန်အောင်က ပိုင်နိုင်သော အပြုံးနှင့် ခေါင်းခါလိုက်သည်။

" စိန်ခေါ်သွားတာက မင်းကိုလိုချင်တာ ရှိတာပဲ တကယ် သူဘာမှသိတာ မရှိသေးဘူး မင်းကာကွယ်ချိန်တွေ ရှိသေးတယ် "

" ကာကွယ်ရမယ်ဆိုတာ ဘာလဲဦးအောင် သူနဲ့ကျွန်တော်က စစ်တိုက်နေကြတာမှ မဟုတ်တာ ပြီးတော့ ကျွန်တော်မှားခဲ့တာရော ရှိလား သူနဲ့ဖြစ်ပျက်ခဲ့သမျှ အဝေးကြီးမှာကျန်ခဲ့ပြီ တွေးကြည့်ရင် ဘာမှကို မဆိုင်တော့တဲ့ ခံစားချက်တွေက သိပ်အခံရခက်တယ် "

" မခက်နဲ့ သူ့ဘက်က ဒီလိုဆိုင်နေနိုင်အောင် နှစ်ပေါင်းများစွာ စိတ်ရှည်ရှည်နဲ့ ကြိုးပမ်းခဲ့တာတွေ ရှိတယ် ဒါ သူစတေးခဲ့ရတဲ့ အိပ်မက်ပဲ မင်းဘက်က ဘယ်လိုပဲ လက်ခံနေကြပစေ သူနဲ့သူ့အသိုင်းအဝန်းမှာ မင်းကိုအလွန်အလိုလိုက် နားလည်ပေးနေတဲ့ ဇနီးကောင်း. . . "

" ခုချိန်ထိ ဒီလိုလား "

ဦးရန်အောင်က စိတ်မကောင်းစွာ ပြုံးလိုက်ပြီး

" ဟုတ်တယ် "

စက် မျက်နှာမှာ ငိုချတော့မလို မဲ့ကျသွားလေသည်။

" ရွယ်ရူးကို ကျွန်တော် သနားတယ် "

" သနားစရာလေးပါပဲ "

" သူသိပ်ကိုအားငယ်နေရှာတာ "

" ဒီ့ထက်ဆိုးဝါးတဲ့အဖြစ် ရှိမှမရှိတာ "

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ဘာမှလည်း ဆက်မပြောဖြစ်ကြဘဲ တိတ်ဆိတ်သွားခဲ့၏။

သူတို့နှစ်ယောက် အမြဲတွေ့နေရပေမယ့် အတွင်းစကားများ ပြောဖို့ရှိရင်တော့ ဒီမှာပဲချိန်းပြီး ပြောကြသည်။

တစ်ခါတစ်လေ အတူလာကြ၏။

ဒီဟိုတယ်က ဒီအခန်းလေးဟာ ဦးရန်အောင် အပန်းဖြေ အနားယူနေကျ

ဟိုတယ်ဝန်ထမ်းလေးများပင် ဦးရန်အောင်ကို သိနေကြသည်။

အောက်ထပ်နောက်တွဲ အခန်းပေမယ့် ထောင့်စွန်းအခန်းမို့ ဟိုတယ်အဝင်ဝကို မြင်နေရသည်။

ကားဖြစ်ဖြစ် လူဖြစ်ဖြစ် ဝင်လာသမျှကို မြင်ရသည်။

ပြီးတော့ ကပ်လျက်မှာ အသားကင်ခန်းနှင့် ဟူရိယာခန်းမို့ တော်ရုံပြောတာ ဆိုတာက အပြင်ကိုမထွက်နိုင်ပါ။

နံရံတွေမှာနားရှိလျှင်တောင် ကြားဖို့ကမလွယ်။

ဦးရန်အောင်တို့က ဤသို့ဤပုံ ကွက်ကျော်မြင်တတ်လေသည်။

နှစ်ချပ်လုံးပွင့်နေသည့် ပြတင်းမှန်ကို ဆွဲပိတ်လိုက်ပြီး အတွင်း ခန်းဆီးစတွေကိုပါ ဆွဲစေ့လိုက်သည်။

မဟာတဟာလေးထား၍ အပြင်ကိုတစ်ချက်ကြည့်ပြီးမှ ဦးရန်အောင်က ဒီဘက်ပြန်လှည့်လာသည်။

" ကိုယ် အကြံတစ်ခု ပေးချင်တယ် "

ဟုပြောပြီး ခုံမှာ ပြန်ဝင်ထိုင်လိုက်ကာ

" ရွှယ်စုးကို မင်း ဖုန်းတစ်လုံး ပေးထားသင့်တယ် "

" ဘာဖြစ်လို့လဲ "

" မင်းအတွက်လေ သူ့ကိုထားခဲ့ပြီး မင်းထွက်လာတိုင်း နောက်ဆံတင်း မနေဘူးလား "

စက် ငြိမ်နေတာကို ကြည့်ပြီးမှ ဆက်၍

" ဘယ်ရောက်ရောက် မင်း ဖင်ပူအောင်နေနိုင်လို့လား အဲဒါ မင်းရဲ့စိတ်ကနောက်ပြန်နေလို့ပေါ့ တကယ်လို့သာသတိရတာနဲ့ ဖုန်းလေး ကောက်နှိပ်ပြီး သူ့အသံလေး မင်းကြားလိုက်ရရင် ခဏဖြစ်ဖြစ် ရင်ပူပြေ သွားနိုင်တယ် မို့လား "

" ဒါက ဒါပဲ ကျွန်တော် သူ့လက်ထဲကို ဖုန်းမပေးတာက. . . "

" ရွှယ်စုး တစ်ခုခု အမြင်ကျယ်ပြီး ထွက်ပေါက်ရှာသွားမှာ စိုးလို့မို့လား "

" ဟုတ်တယ် "

" အခုလိုထားမှ သူ ငြီး စိတ်ပျက်အားငယ်မှာ အခန့်မသင့်ရင်

မင်းကိုပါ မုန်းသွားနိုင်တယ် သူ့ခမျာ အိမ်ကြီးထဲမှာ တစ်နေကုန်ကွာ"

စက် ရင်ထဲမှာ နင့်သွားသည်။

ကိုယ်မတရားတာကို သိပေမယ့် ရှယ်စူးမျက်ဝန်းလေးတွေ ပြောင်းလဲနေခဲ့တာကို နားလည်နေသဖြင့် ဘယ်လိုမှ စိတ်မချနိုင်။

ဖုန်းတစ်လုံးဟာ သူမအတွက် အားကိုးစရာတစ်ခု ဖြစ်သွား လွှင်

✿ ✿ ✿ ✿ ✿

# အခန်း (၁၆)

အခန်းရှေ့မှာ သူရပ်လိုက်တော့ အခန်းထဲက ဘာသံမှမကြား သဖြင့် အိပ်များပျော်နေသလားဟု တွေးမိသေးသည်။

အလုပ်ထဲမှာနေရင်း ရွှယ်စုး မျက်နှာလေးကိုပဲ မြင်နေတာ ဒီနေ့ကျမှ သူဘယ်လိုမှ ဖင်မကျအောင်ဖြစ်နေခဲ့သည်။

ထို့ကြောင့် နေ့လည်စာပင် မစားနိုင်တော့ဘဲ အိမ်ပြန်လာခဲ့တာ ဖြစ်၏။

နာရီကို မြှော်ကြည့်ပြီး တံခါးခေါက်လိုက်မိ၏။

ဒီအချိန် ရွှယ်စုးအိပ်နေတာ မဖြစ်နိုင်။

" ဒေါက် ဒေါက် "

" ရွှယ်စုး "

" ရှင် "

ထူးသံလေးနှင့်လှုပ်ရှားသံသဲ့သဲ့ ကြားလိုက်ရပြီး ဝံခါးဖွင့်သွားတော့၏။

" ဦးစက် ပြန်လာတယ် "

ပြောတာကို ဂရုမစိုက်မိသေး

ရွှယ်ရူး ငိုထားသလား

ပါးမို့လေးတွေ နီနေတာ သာမန်ထက်ပိုနေသလိုလို

မျက်တောင်ကော့လေးတွေပဲ စိုတွဲနေသလိုလို

သူ ရွှယ်ရူး မျက်နှာလေးကိုပဲ စိုက်ကြည့်ရင်း အခန်းထဲ ဝင်၍ တံခါးကို နောက်ပြန်ပိတ်လိုက်၏။

" ဦးစက် ကိစ္စရှိလို့လားဟင် "

" ကိစ္စ ဟုတ်လား။ ကိစ္စမဟုတ်ဘူး ဘဝ မင်းဟာကိုယ့်ဘဝပဲ"

စက် ရွှယ်ရူးကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲယူ၍ တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်မိသည်။

ထို့နောက် နူးညံ့ညင်သာသော အနမ်းတို့က အဆုံးအစမဲ့သော ခရီးရှည်တစ်ခုလို

" ဦး ဦးစက်. . . ရွှယ်ရူးကို လွှတ်ပါဦး "

" ဘာဖြစ်လို့လဲ ကလေးရယ် ကိုယ်ဒီနေ့ ဘယ်လိုဖြစ်မှန်း မသိဘူး မင်းကိုသတိရလိုက်တာ နေလို့ကိုမရတာ မင်းတစ်ယောက်တည်း

ငိုနေတာလားဟင် ''

ရွှယ်စုး ခေါင်းလေးခါပြီး စက် ရင်ခွင်ထဲက ရုန်းထွက်၏။

ပြီးတော့ မွေ့ရာစွန်းလေးမှာ သွားထိုင်၍မော့ကြည့်သည်။

'' ငိုနေတာလို့လည်း မဟုတ်တော့ပါဘူး ရွှယ်စုးပါးပေါ်မှာ မျက်ရည်ကျ မကျဆိုတာလည်း သတိမထားမိတော့ဘူး ဦးစက်မရှိတဲ့ အချိန်တွေမှာ ရွှယ်စုးဘာတွေ လုပ်မိသလဲ ဘာကိုခံစားနေလဲ ကိုယ့်ကိုယ်ကိုတောင် မသိဘူး ''

'' တော်ပါတော့ကွာ ''

သူ့ ရွှယ်စုး ကိုယ်လေးကိုဆွေ့ခနဲ ပွေ့ယူလိုက်ကာ ကလေးတစ်ယောက်လို မက်မောမြတ်နိုးစွာ နမ်းသည်။

ပြီးတော့ ပြတင်းတံခါးနားထိ ခေါ်သွား၏။

တံခါးအားလုံးကို ဖွင့်ပစ်လိုက်ပြီး ရွှယ်စုးကိုနောက်ကနေ သိုင်းဖက်ထားလိုက်ကာ

'' ကိုယ်လေ မင်းအတွက် ရင်ခွင်တံခါးကိုလွတ်လပ်စွာ ဖွင့်ပေးထားတာပါ ကိုယ့်ရင်ခွင်ထဲမှာ မင်းကြိုက်သလို လည်ပတ်ကျူးကျော်ပါ မဖွင့်နိုင်တဲ့ ဟောဒီတံခါးတွေ အတွက်တော့ ခွင့်လွှတ်နားလည်ပေးပါ ရွှယ်စုးရယ် နော် ''

တတွတ်တွတ် တောင်းပန်ရင်း နားသယ်စပ် ဆံစလေးတွေကို

နမ်းသည်။

နှမွတ်သော လည်တိုင်ကျောလေးဆီ အနမ်းတို့ကြွေဆင်းလာစဉ် တိုးသဲ့ညင်သာသော ဖုန်းသံလေးက ပုတ်နှိုးလိုက်သလို

" ဟင် "

ရွှယ်ရီ ကိုယ်လေးလည်း တုန်ခနဲဖြစ်သွား၏။

စက် ရွှယ်ရီကိုလွှတ်၍ အသံလာသည့် နေရာသို့ ခြေလှမ်းကျဲကြီးများနှင့် လျှောက်သွားသည်။

အဝတ်ဗီရိုကို ဆွဲဖွင့်ကာ တတိယထပ် ဂါဝန်တွေချည်းထပ်ထားသည့်ကြားထဲ အသံလာရာအဝတ်အကျဉ်ဆီ လက်နှိုက်သည်အထိ ရွှယ်ရီ မျက်လုံးအပြူးလေးနှင့် အကြောင်သား ကြည့်နေမိဆဲ

ဖုန်းကိုလက်ထဲမှာ ဆုပ်ကိုင်မိ

ဆွဲယူကြည့်လိုက်ပြီးသည်အထိ စက်မယုံနိုင်

တတီတီ မြည်နေသည့် ဖုန်းကိုကိုင်လျက် ရွှယ်ရီ မျက်ဝန်းလေးတွေဆီမှာ သူရှူးနင့်စွာ ကြည့်နေမိခဲ့ရှိကာ

" ရော့ "

ရွှယ်ရီ ဘေးကို ချက်ချင်းပြန်ရောက်လာပြီး ဖုန်းကို ကပ်ပေးသည်။

" ပြောပါ "

စက်အသံတွေ တုန်ခါနေ၏။

ရွှယ်စုးတုန်ယင်သော လက်ကလေးနှင့် ဖုန်းကိုဆုပ်ကိုင်ထားမိသည်။

စူးစိုက်ကြည့်နေသည့် စက်မျက်ဝန်းတွေကို ငေးရင်း နားမှာ ကပ်လိုက်မိ၏။

" ရွှယ်စုး "

ရိုပ်၏ ခေါ်သံက စိုးရိမ်သံတို့ စွက်လျက် ခပ်လောလော ဖြစ်ကာ

" ဘာဖြစ်လို့ ချက်ချင်း မကိုင်တာလဲ ငါခေါ်နေတာ ကြာလှပြီ နေကောင်းရဲ့လား နားထောင်နေရဲ့လား ဟင် ရွှယ်စုး ရွှယ်စုး "

" ဟင် အင်း. . . "

" နင်ပြောတဲ့သီချင်း ငါရလာပြီ အခု နားထောင်မလား "

" ရိုပ်. . . "

" ဟင် ဘာလဲ အခုအဆင်သင့် ဖြစ်နေပြီ ခဏလေး. . . ခဏလေး "

ရွှယ်စုး ဘာမှမပြောရသေးပဲ စကားသံခဏ တိတ်ကျသွား၏။ ထို့နောက် သီချင်းသံသဲ့သဲ့လေးကို ကြားလိုက်ရလေသည်။

ငှက်မောင်နှံ. . . တောင်ပံချင်းယှက်. . . မိုး. ထက်. သို့. ပျံ တောင်သမံအင်း. . . ရဲ့ သဏ္ဍာန်. . .

တစ်ရံသောအခါက အဖြစ်ဆိုး. . . တောင်သမံနယ်စား လေးဆောင်ဖေငယ်လို အဖြစ်မျိုး

𝄞 မြတ်နိုးယုယ ချစ်သူအလှဒိုင်းခင်ခင်ရယ်

𝄞 ငယ်ပေါင်းတွေမို့ နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ်. . .

𝄞 ရင်ဝယ်မျှိုသိပ်. . . ချစ်စိတ်တွေလည်း ဖွင့်မပြောရက်ခဲ့တယ်𝄞

နားထဲမှာ ဖြတ်သန်းတိုးဝင်လာသည့် သီချင်းသံသည် ရွှယ်ရူး၏ စိတ်ခံစားချက်အားလုံး စုယူဆုပ်ဆွဲလျက် ကြောင်ငေးနေခဲ့သော တစ်ကိုယ်လုံးသည် နေရာမှာပင် လဲကျသွားတော့မတတ်။

သို့သော် သူမရှေ့မှာ တောင့်မတ်စွာ ရပ်နေသော စက်၏ လက်တစ်ဖက် တိုးထွက်လာကာ လက်ထဲကဖုန်းကို ဆွဲယူသွားခဲ့၏။

𝄞 . . . ပွင့်သောပန်းတိုင်းကိုကွယ်. . . ဥယျာဉ်မှူး ခြွေခူးခက်လှတယ်. . . ချစ်သူအတွက် အနစ်နာခံမယ် ''

'' ခွမ်း ''

'' အို. . . မလုပ်ပါနဲ့ ''

ရွှယ်ရူး ရူးရူးဝါးဝါး အော်သည်။ ဒါပေမဲ့ ဖုန်းလေးက နံရံနှင့် ပြေးဆောင့်ကာ ကွဲကြေသွားပြီ ဖြစ်၏။

'' ရှင် ရှင်. . . အို. . . ''

ရွယ်ရူး ခွေကျလုလု ယိမ်းယိုင်လျက် ကွဲကြေသွားသည့် ဖုန်း၏ အပိုင်းအစလေးများဆီ ပြေးသွားသည်။

ကြမ်းပြင်ပေါ်မှ တစ်စစီ ဖြန့်ကျဲနေခဲ့သော အပိုင်းအစတို့ နားမှာ ဒွေခနဲ ပစ်ကျသွား၏။

“ ရက်စက်လိုက်တာ ”

နံပါတ်ခုံအပုံကလေးကို တုန်ယင်စွာကောက်ယူလိုက်၍ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

ထိုအပုံအစကလေးဟာ တယ်လီဖုန်းမဟုတ်ဘဲ သူမ၏ ရင်နှစ်ခြမ်းကွဲထွက်၍ ပုံစင်ကျလာခဲ့သော နှလုံးသား၏သွေးစက် တစ်စက်လား။

ရင်ထဲမှာ တဆစ်ဆစ် တဖျစ်ဖျစ် မြည်နေသည်။

ဘယ်လိုမှ မခံစားသည်းမခံနိုင်သောကြေကွဲခြင်းက ဟန်မဆောင်နိုင်အောင် ဖြစ်လာ၏။

ရိုပ်ကို သူမတွယ်တာခဲ့သော သံယောဇဉ်ကြိုး၏ နိုင်မာမှုကို ပီပြင်စွာ မြင်လာခဲ့၏။

မင်းစက်ရာဆိုသော ယောက်ျားကို တပ်မက်စွာယုံကြည် အားကိုးခဲ့မိတာ ရူးသွပ်စွာ ဖြစ်ခဲ့သည်ဆိုလျှင်

ကာလကြာမြင့်စွာ တစိမ့်စိမ့် တငြိမ့်ငြိမ့် စီးမျောနိုင်မာနေခဲ့သော

နိပ်နှင့်ပတ်သက်သည့် မေတ္တာစမ်းရေတို့ဟာ ထာဝရမပြီးဆုံးနိုင်သည့် နိုင်ငြိသော. . .

" ရက်စက်တယ် ဟုတ်လား "

ရွှယ်စူး ကိုယ်လေး မြောက်ခနဲ ကြွတက်သွားသည်။

ပန်းနုစ်ဖက်မှ တင်းကျပ်စွာဆုပ်ကိုင်ထားသော စက်ဒါလက်ထဲမှာ ရွှယ်စူးသည် ကြိုးစလေးတစ်စလို

" ရက်စက်တယ်လို့ မင်းပြောလိုက်တာ ကိုယ့်ကိုလား မင်းပြန်ပြောစမ်းပါ "

ပန်းနုစ်ဖက်မှ ဆောင့်ခါ၍ စက် အံကြိတ်မေးသည်။ ရွှယ်စူးအတွက် ဟန်းဖုန်းလေး ပေးထားဖို့ ဒီနေ့ပဲ သူစီစဉ်လာခဲ့သည်။

ဘောင်းဘီအိတ်ထဲမှာလည်း ပါလာခဲ့ပြီ၊ ခုတော့ ရွှယ်စူး လက်ထဲမှာ ဖုန်းတစ်လုံးနှင့်

" မင်းခေါ်လိုက်တာ နိုပ် ဟုတ်လား၊ အဲဒီကောင် ဘာကောင်လဲ ဟိုနေ့က ကောင်မို့လား မင်းကိုသူက ဖုန်းပေးထားတယ်ပေါ့ ပြောနေရင်း စက်က နာနာကျင်ကျင် မဲ့ပစ်သည်။

နားထဲမှာ တစ်ပိုင်းတစ်စ ကြားလိုက်ရသည့် သီချင်းသံက ခွဲထင်ကျန်ခဲ့၏။

" ဟွန်း ဒါ သူငယ်ချင်းတဲ့လား မင်းနဲ့သူ ငါမရှိတဲ့ အချိန်

တိုင်းမှာ ဒီဖုန်းနဲ့ ဖောက်ပြန်နေကြတာပေါ့ "

" ရှင်. . . ရှင်. . . လွှတ် "

ရွှယ်စူး စက်၏လက်တွေကို ဖယ်ချသည်။

ဒါပေမဲ့ လက်တို့မှာ အင်အားမဲ့နေ၏။

" ရွှယ်စူး တောင်းပန်ပါတယ် မမေးပါနဲ့ လွှတ်ပါ တကယ် ဘာမှမဖြေတတ်လို့ပါ ရှိုနိုးပါတယ် တောင်းပန်ပါတယ် "

စက်၏ရင်ဘတ်ကို အင်အားမဲ့စွာ ထုနှက်ရင်း ရွှယ်စူး လက်အုပ် လေးချီသည်။

ထို့နောက် အင့်ခနဲ တစ်ချက်ရှိုက်ရင်း ခေါင်းလေးငဲ့ကျ သွားလေသည်။

" ရွှယ်စူး. . . "

စက် အလန့်တကြား လှုပ်ခေါ်သည်။

မျက်ရည်တို့ စိုစွတ်ရွှဲနစ်လျက် သနားစရာ မိန်းမငယ်လေးဟာ သူ့လက်ထဲမှာ အသိမဲ့စွာ ခွေခေါက်လျက်နှင့်

✿ ✿ ✿ ✿ ✿

# အခန်း (၁၇)

" ရွှယ်စုး "

ရှိပ် ဖုန်းကိုင်လျက်နှင့် ဝုန်းခနဲထရပ်လိုက်မိသည်။

သီချင်းသံကို ခဏပိတ်ပစ်ပြီး ဖုန်းပြောဖို့ သူနားမှာပြန်ကပ်၍

" ဘယ့်နှယ့်လဲ သဘောကျရဲ့လား "

လို့ မေးလိုက်တာ မဆုံးသေး

အသံဗလံတွေ အစုံဝင်လာသည်။ ပြီးတော့ အားလုံးက တိတ်ဆိတ် ပြီးဆုံးသွားခဲ့သည်။

ဘာတွေဖြစ်ကုန်တာလဲ။

ရွှယ်စုး တစ်ခုခုဖြစ်ပြီလို့ သူသိလိုက်သည်။

ကိုင်ထားသည့် MP 4 ကိုရော ဖုန်းကိုပါ အိပ်ရာပေါ် ပစ်ချခဲ့ ပြီး အပြင်ကို ပြေးထွက်လိုက်သည်။

ဘာလုပ်ဖို့မှန်း မသိ။

ရွှယ်စုးဆီ ပြေးသွားချင်တာ ဖြစ်သော်လည်း ဘယ်ကိုလိုက်ရ မှန်းမသိ။

ရိပ် အရူးတစ်ယောက်လို ဟိုပြေး ဒီပြေး။

သူဖုန်းဆက်တာကို ရွှယ်စုး၏ ခင်ပွန်းဆိုသူ သိသွားတာလား။

ဒါပဲ ဖြစ်ဖို့ရှိသည်။

ဒါပဲမှန်လျှင် ရွှယ်စုးပြဿနာတက်နေပြီက သေချာပါပြီ။

ရွှယ်စုး အရိုက်နက်ခံနေရပြီလား။

မရိုက်ပါနဲ့ ရွှယ်စုးဟာ သိပ်ကိုသနားစရာကောင်းတဲ့ ကျွန်တော့် သူငယ်ချင်းလေးပါ။

ဘယ်သူ့ကိုမှန်းမသိဘဲ အထပ်ထပ်တောင်းပန်ရင်း ရိပ်ရင်ထဲ မှာလောင်နေသည်။

စိတ်ရောလူကိုပါ မနာကျင်ရအောင် ရွှယ်စုးရှေ့က သူကာပေး ချင်ပေမယ့် ရွှယ်စုးက ဘယ်မှာမှန်းမသိ။

" ရိပ် "

သူ့ရှေ့မှာ မိုးကောင်းကင် ပေါ်လာသဖြင့် ကတုန်ကယင် ခြေလှမ်းတို့ ရပ်တန့်သွားသည်။

" ခေါက်တုံ့ခေါက်ပြန် ပြေးလွှားနေတာ၊ ဘာလဲ ယောင်းမ

ခါးကြားထိုးပြီး ရှာနေတာလား။ ဒါမှမဟုတ် တရားမှတ်နေတာလား ''

'' မဟုတ်ပါဘူး ''

သူမျက်နှာပေါ်မှာရော ရင်ဘတ်ထဲမှာလှုပ်ရှားနေတာတွေကိုပါ ထိန်းချုပ်လိုက်ပြီး ရိုပ်ခေါင်းခါသည်။

တကယ်လည်း ဖွင့်ပြောဖို့ သူ့မှာ ဘာမှမရှိ။

"မဟုတ်ရင်လည်း သူဇာ့ကိုသွားကြိုပေးပါဦး၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့၊ မင်းကို တို့ကိစ္စထဲမှာ ထည့်ချင်လို့မဟုတ်ဘူး။ တို့ရဲ့ မိတ်ဆွေတစ်ယောက်ကို ကြိုပေးခိုင်းတဲ့ သဘောပဲ ''

ရိုပ်မျက်နှာ မသာယာပါ။

ခိုင်းတာကို သူစိတ်မဝင်စားနိုင်ဘဲ ဖြစ်နေသည်။

မိုးကောင်းကင်ဖြစ်ဖြစ်၊ ဘာကိစ္စပဲဖြစ်ဖြစ်

သူ့ခေါင်းထဲမှာ လောလောဆယ်ပူထူနေတာက ရွယ်စုံဘာဖြစ်နေပြီလဲဆိုတာ။

'' သူဇာက တို့အတွက် သိပ်ကိုအရေးကြီးတဲ့ လူတစ်ယောက်ဆိုတာ အသိပေးထားချင်တယ် မင်းကို တို့ကိစ္စမှာ အကူအညီ ပေးဖို့ မတောင်းဆိုပါဘူး။ တို့လိုအပ်နေတဲ့ သူဇာ့အတွက် ဂရုစိုက်ပေးရင်ပဲရပြီ''

ရိုပ် ဆံပင်တစ်ချက်သပ်၍ ခေါင်းညိတ်လိုက်သည်။

သူဇာဆိုသော အမျိုးသမီးက မိုးကောင်းကင်အဆင့်နဲ့ဆို ဘာမှ

မဟုတ်သည့် မိန်းမတစ်ယောက်ဖြစ်သည်။

အလွန်မာနကြီးသည့် မိုးကောင်းကင်ဟာလည်း စီးပွားဖက်၊ မိတ်ဆွေချင်းတောင် အနည်းငယ်မျှ လျှော့ပေါ့ဆက်ဆံခဲ့တာမရှိဘဲ ထိုတစ်ယောက်အပေါ်မှာတော့ အရေးပေး ဂရုစိုက်လွန်းသည်။

တစ်ခါတလေ ကလေးကို မုန့်ကျွေးချော့နေတာနှင့်လည်း တူသည်။

သူဇာကျော်ဆိုသည့်အမျိုးသမီးဟာ မင်းစက်ရာကို တုံ့ပြန်ရန် ဆိုသော စစ်ဆင်ရေးမှာ အလွန်အရေးပါနေပြီဆိုတာတော့ အကဲခတ်ရလွယ်ပါသည်။

ရိပ်ကလည်း ထို့ထက်ပို၍ စိတ်မဝင်စား။ မေးလည်း မမေးခဲ့ဘူးပါ။

ပြောလာမှာတောင် စိုးခဲ့သေးသည်။ အဘယ့်ကြောင့်ဆိုသော် သူမ မကျေနပ်သော သူမ၏ပြောစကားများအရ သူမအပေါ်မချစ်ခဲ့သော မင်းစက်ရာဆိုသည့် တစ်ယောက်နှင့်သူမ၏ အိမ်ထောင်ရေး အရှုပ်အရှင်း ထဲမှာ ရိပ်မပါချင်။

အတွေးထဲတွင် မိုးကောင်းကင်၏ အမြဲတမ်း ကြံစည်မှုတွေ မကောင်းဘဲ ရှိနေတတ်သည်။

နှုတ်ခမ်းသားတို့နှင့် မျက်နှာ။

သူစာကျော်ဆိုသော အမျိုးသမီး

သူကရော ထိုအရှုပ်အရှင်းတွေထဲမှာ ဘယ်လို ပါဝင်နေခဲ့သလဲ။ ရှုပ်ခနဲ၊ ဖျက်ခနဲဘာကိုမှ ဖျောက်ဖျက်မရဘဲ အားလုံးက ရှုပ်ထွေးစွာ ထွေးထဲနေခဲ့၏။

" ရွှယ်စူးရယ် ငါလေ နင့်ကြောင့်မဟုတ်ရင် ဒီမှာမရှိတော့တာ ကြာပြီ "

ရင်ထဲမှာ တမ်းတပြောမိရင်း ကားမောင်းနေရင်း အံကြိတ်မိ၏။ တကယ်တမ်းကျတော့

မိုးကောင်းကင်အပေါ် ငုံ့ညွှာငြိတွယ်နေစရာ ဘာမှမလိုပါ။

ရှုန်းထွက်တော့မည်။ ကျော်ခိုင်းတော့မည်ဆိုကာမှ ရွှယ်စူးနှင့် သူပြန်ဆုံခဲ့ရခြင်းသာ မရှိခဲ့ဘူးဆိုလျှင်။

✿ ✿ ✿ ✿ ✿

# အခန်း (၁၈)

" ဟင် "

ကားကို အချိန်မီဘရိတ်အုပ်ပစ်လိုက်၍သော

မဟာတ်လျှင် မိုးကောင်းကင်၏ ကားနှင့် ပက်ပင်းတိုးမှာ သေချာနေ၏။

ဝေးကွာနေသည့် ကား၏နောက်မြီးကို အကြာကြီး ကြည့်နေပြီးမှ ဦးရန်အောင် ကားကို ခြံထဲမောင်းဝင်လိုက်သည်။

သူ့ဇာကို သူထားတာ ဆိတ်ငြိမ်ရပ်ကွက်တစ်ခု မဟုတ်ပါ။

ဒါပေမဲ့ ဆင်းရဲသားရပ်ကွက်ငယ်လေးတစ်ခုလည်း မဟုတ်။

အတော်သင့် ပြည့်စုံသပ်ယပ်သော နေရာမှာ တစ်ထပ်တိုက်လုံးလေးနှင့်။ ခြံဝင်းကိုလည်း အနိုင်အမာ မခတ်ရသေး။

ဆိတ်ငြိမ်ရပ်ကွက်တွေမှာလို ကားအဝင်အထွက်မှလွဲ၍ တံခါး

ပိတ်ထား၊ သော့ခတ်ထားခြင်း၊ မရှိတာမို့ မိုးကောင်းကင်၏ကား နောက်ဆုတ် မောင်းထွက်သွားခြင်းက ကြာရှည်မှုမရှိ။

သူလည်း ချက်ချင်းမောင်းဝင်လာနိုင်သည်။

မိုးချုပ်တော့မှ သော့ခတ်ပိတ်သည့်ခြံဝန်းတံခါးမကြီးက တစ်နေကုန် လူရှိနေတာမို့ တစ်နေ့လုံးပဲ ဖွင့်ထားခဲ့၏။

အိမ်မှာ သူဇာက ညီအစ်မဝမ်းကွဲတစ်ယောက်ကို ခေါ်ထားသည်။ ခုချိန်မှာတော့ အထဲမှာ သူဇာရှိနေတာ သေချာပါသည်။

ဦးရန်အောင်က ကားကို အိမ်ရှေ့မှာ ခပ်ဆောင့်ဆောင့်ထိုးရပ်၍ ချက်ချင်းဆင်းသည်။

ရေခဲသေတ္တာဖွင့်၍ ရေဘူးကိုင်လျက် တန်းလန်းနှင့် သူဇာက တံခါးမဆီ လှည့်ကြည့်၏။

ဦးရန်အောင်ကိုမြင်တော့ အံ့သြဟန်လေးနှင့် ပြုံးသွားသည်။

" ကိုရန် "

ဖန်ခွက်ထဲကို ရေပြည့်အောင်ထည့်ပြီး ရေဘူးကိုပြန်ထည့်၍ ရေခဲသေတ္တာပိတ်သည်။

သူမ ဒီဘက်လှည့်လာသည်နှင့် ဦးရန်အောင် သူမရှေ့ရောက်သွားကာ တစ်ချိန်တည်း

" ကိုရန် ပြန်လာတာစောတယ်နော်၊ သူဇာက "

" ဒေဦး "

ဦးရန်အောင်က သူဇာ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး မျက်နှာကို အဖြေရှာသည့် မျက်လုံးများနှင့် စူးစိုက်ကြည့်၏။

" ဘာလဲကိုရန်၊ ဘာဖြစ်လို့လဲ "

သူက မျက်မှောင်လေးကုတ်သွားပြီး နားမလည်

" မင်းနဲ့ စောစောက ထွက်သွားတဲ့ကားက ဘာလဲ "

" ဩော် . . . "

သူဇာက နှစ်မြိုက်စွာပြုံးသည်။

သူမ နားလည်သွားတာက တစ်မျိုး။

" အဲဒါ မမရဲ့ ဒရိုင်ဘာပါ ကိုရန်ရဲ့ ငယ်ငယ်ပဲရှိသေးတာ မမက ပြန်ပို့ခိုင်းလို့ သူလိုက်ပို့တာ သူဇာနဲ့ ဘာမှမဆိုင်ဘူး "

ဦးရန်အောင်က ပို၍ စူးစိုက်ကြည့်နေရင်း

" မမ၊ ဘယ်ကမမလဲ "

" မမက မမပေါ့ သူက သူဇာ့ထက် အသက်ကြီးလို့ မမလို့ ခေါ်တာ ဒါပေမဲ့ သူ့နာမည်ကလည်း မမပဲတဲ့ သိပ်လှတာပဲ သိလား ချမ်းသာတာလဲ အရမ်းပဲ အခု လိုက်ပို့တဲ့ကား ကိုရန်မြင်လိုက်လား ကိုရန့်ကားထက် ကောင်းတယ်နော် "

ဦးရန်အောင် ဆုပ်ကိုင်ထားသည့်လက်က ပြေကျသွားသည်။

တစ်ဘက်ကို ချာခနဲ လှည့်ရပ်ပြီး ရှပ်ထွေးသွားတာကို သူ
ငေးစားမိတယ်။

မိုးကောင်းကင်

ဒါ မိုးကောင်းကင်ရဲ့ ကားပါ။

မှန်တွေထဲမှာ ဘယ်သူမောင်းသွားတယ်ဆိုတာ သူမသိလိုက်ပေမယ့် ဒီကားဒီနံပါတ်ကို သူမေ့စရာလား။

ဒါဆို မိုးကောင်းကင်ကနေ ဘာဖြစ်လို့ မမဖြစ်သွားတာလဲ။

ဦးရန်အောင် ဒီဘက်ကိုချာခနဲ ပြန်လှည့်လိုက်မိကာ

“ မင်းနဲ့ အဲဒီ့မမသိတာ ကြာပြီလား ”

“ ဟင့်အင်း. . . အခု ကိုရန်နဲ့သူဇာ ပြန်ပေါင်းထုပ်ပြီးတဲ့နောက်ပိုင်းမှ ”

“ ဟင် ”

ဦးရန်အောင် ဘယ်လိုမှ ဟန်မဆောင်နိုင်သော်လည်း မျက်စိမျက်နှာပျက်သွားသည့်အဖြစ်အား သူဇာ ဘာမှသတိမထားမိ။

“ လူတစ်ယောက်ဟာ အကုသိုလ်ဝင်တာလည်း စပြုဝင်လာတာပဲသိလား။ ဘာလုပ်လုပ် အများတွေ ဒုက္ခတွေပဲဖြစ်တယ်။ ကံကောင်းပြီဆိုတော့လည်း ဘာလုပ်လုပ် အဆင်ကိုပြေနေတာပဲ မမနဲ့သူဇာခင်လာတာ ဘာမှမဟုတ်တဲ့ခင်တာ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်

ရှေးရေစက် ရှိကြလို့ထင်တယ် အရမ်းကို ခင်မင်သွားခဲ့ကြတာ ကိုရန့်ရဲ့ အပြင်မှာ ခဏခဏ ဆုံဖြစ်တယ် တစ်ခါတလေ မမက ပါတီပွဲတွေ ဘာတွေ တက်ဖူးတယ်ရှိအောင်ဆိုပြီး သူဇာ့ကိုပါ လာခေါ်တတ်သေးတယ် ''

ဦးရန့်အောင် မျက်လုံးကြီးက ကျဉ်းမြောင်းလိုက်၊ ပြူးကျယ်လာလိုက်

'' ကိုရန့်နဲ့သူဇာ ပွဲတက်ခွင့်မရပေမယ့် သူဇာ အခုပွဲတက်နိုင်ပါပြီ၊ ဟွန်း။ မမနဲ့အတူသွားရတာ တကယ့်လူကုံထံတွေထဲမှာ အရမ်းမျက်နှာပွင့်တာပဲ ''

'' သူဇာ ''

ဦးရန့်အောင် ခပ်ဆတ်ဆတ်ခေါ်လိုက်တော့ သူဇာစကားသံတွေ ရပ်တန့်သွား၏။

'' မင်း အဲဒီမိန်းမနဲ့ ငါ့သူဌေးအိမ်ကို ရောက်သေးလား ''

'' ရောက်တယ် ''

'' ဘာ ''

ဦးရန့်အောင်၏ တုန်ခိုက်သွားသည့် '' ဘာ ''သံကြီးကို သူဇာ ထိတ်လန့်အံ့ဩသွားသလို ပြန်ကြည့်သည်။

'' ဘာဖြစ်လို့လဲ ကိုရန့် မမက သူများခြံဝင်းထဲကို စည်းကမ်း

ရှိုင်မလိုက်ပါဘူး။ သူဇာ့ကို အဲဒီကနေ ခပ်လှမ်းလှမ်းမှာပဲ ချပေးတာ"

" ဘယ်နှစ်ခါ ရှိပြီလဲ "

" နှစ်ခါ "

" အဲဒီခြံအကြောင်း ဘာတွေမေးလဲ "

" ဟင့်အင်း "

သူဇာ ခေါင်းခါပြီးမှ

" အဲ. . .ဘယ်သူ့ခြံလဲလို့ မေးဖူးတယ် ဟိုနေ့ကတစ်ခါ လူလည်းမတွေ့ဘူး။ မိသားစု ဘယ်နှစ်ယောက်နေလဲတဲ့ "

မိုးကောင်းကင်

ရင်ထဲမှာ ရှေရွှတ်လိုက်ရင်း လက်ဖျားခါသွားမိပါ၏။

ဒီမိန်းမ ဒီလောက်ထိ တော်လိမ့်မည်ဟု မထင်မိခဲ့။

" သူဇာ "

" ဟင် "

" နောက်ကို ကိုးဂဏန်းကာမခေါ်ဘဲ မင်းအဲဒီခြံကို မသွားနဲ့"

" ဘာဖြစ်လို့လဲ ကိုရန်ပဲ ကိုရန်မပါလည်း သွားချင်စိတ်ရှိရင် သွားနေဆို၊ သူဇာ ဟိုမှာရောက်နေလည်း ကိုရန့်ကိုလှမ်းဖုန်းဆက်တာပဲ ဟာ ဘာလဲ ကိုရန့်သူဌေးက မကြိုက်လို့လား "

" ဟုတ်တယ် စက်က ငါ့ကိုခင်လို့ ဝင်ထွက်ခွင့်ပြုထားတာ

မိန်းမတွေသိပ်ရှုပ်လာရင် ကြိုက်မှာမဟုတ်ဘူး ဘာပဲဖြစ်ဖြစ် နောက်ထပ် သွားလာဖို့လည်း မလိုတော့ပါဘူး ''

သူဇာကလည်း အကောင်းပါးသည်။

ဦးရန်အောင် တစ်ခုခုကို ဖုံးကွယ်ထားသည့်မှန်း ရိပ်မိ၏။

'' ဘာဖြစ်လို့လဲ ကိုရန် မသွားချင်ပါဘူးဆိုတုန်းကတော့ ကိုရန့်ပဲ ဒီမှာပဲကောင်းတယ် လို့ပြောတယ်နဲ့ အခု မလိုတော့ပြန်ဘူးလား''

ပြန်မေးလိုက်သည့် သူဇာ့မျက်နှာပေါ်က မထီမဲ့မြင်အကြည့်များကို ဦးရန်အောင် မနှစ်မြို့ကဲဘဲ ဖြစ်သွား၏။

'' လိုတာမလိုတာနဲ့ မဆိုင်ပါဘူး သူများအိမ်မှာ မို့လို့ထင်မြင်တဲ့သဘောပဲ အခုမင်းက အခြားအဖော်အပေါင်းတွေနဲ့သွားလာနေတော့ မသင့်တော်ဘူးထင်လို့ ''

သူဇာက ခေါင်းညိတ်သည်။

ဒါကိုလည်း ဦးရန်အောင်က စူးစိုက်ကြည့်နေ၏။

တကယ်တော့ သူဇာ့ကိုသနားညှာတာစိတ်ရှိနေတာ မှန်ခဲ့သည်။

ဒီလောက်ထိ ရင်ဘတ်ထဲ ထည့်ထားဖို့ မရည်ရွယ်ခဲ့ပါ။

သူဇာကျော်ဆိုသော နာမည်ကို စက်နှုတ်များမှာ ထည့်ပြောမိလိုက်တာမျိုးသာ မရှိခဲ့ဘူးဆိုလျှင် သူ့ရင်ဘတ်ထဲမှာ ခုချိန်ထိ ရှိနိုင်တော့မည် မဟုတ်ပေ။

စက်အိမ်မှာ မိန်းကလေးတစ်ယောက် ရှိနေသည်။

ထိုမိန်းကလေးက စက်နဲ့ ဘာမှမဆိုင်။

သူနဲ့သာ ပတ်သက်သည့်မိန်းကလေး။

ထိုအဖြစ်မျိုးကို မိုးကောင်းကင် လက်ခံသွားဖို့ စက်ပြောလိုက်မိသော စကားဟာ အမှန်ဖြစ်ဖို့။

ထိုအတွက်ကြောင့် သူဇာကျော်ကို သူပြန်ဆက်သွယ်ရသည် ကျေနပ်လောက်အောင်ချော့မော့တောင်းပန်ပြီး စက်အိမ်မှာ တကယ် ဝင်ထွက်နေကျလိုဖြစ်အောင် ဖန်တီးခဲ့ရသည်။

အစကတည်းက မိုးကောင်းကင်နဲ့ပတ်သက်ပြီး လျှော့တွက်ခဲ့တာ ဘာမှမရှိ။ ခုတော့ မိုးကောင်းကင်က အားလုံးထက် သာနေသည်။

သူဇာကျော်ကို ယုံကြည်အားကိုးနေတဲ့အထိ ဆွဲဆောင်စည်းရုံးနိုင်ပြီး ဦးရန်အောင် မျက်နှာတည်ကြီးနှင့် ငြိမ်ကျသွားတော့ သူဇာက မသိမသာ ဒုက္ခခတ်နေသည်။

စကားအမှတ်တမဲ့ဖြစ်ခဲ့သည့် ပြီးခဲ့သော အကြောင်းတို့အပေါ်မှာ စိတ်ဝင်စားလာမိ၏။

ထိုစဉ် ဦးရန်အောင်က သူမကို နှုတ်ဆက်၏။

" ကိုယ်သွားလိုက်ဦးမယ် မင်းအတွက်ဘာဝယ်ပေးရမလဲ ဒါပေမဲ့ ဒီညတော့ ကိုယ်ရောက်ဖြစ်မှာမဟုတ်ဘူး "

" ဟင်၊ ကိုရန်က အလုပ်ကပြန်လာတာမဟုတ်ဘူးလား "

" ဟုတ်တော့ ဟုတ်တယ် ဒါပေမဲ့ ဟိုတစ်ယောက်က ခုတစ်လော ပစ်ပစ်တွေသိပ်ပြောတော့ ကိုယ်အသွားအလာ ဆင်ခြင်မှ"

သူဇာ့မျက်နှာလေး တင်းသယောင်ဖြစ်သွား၏။

" ဟုတ်ရဲ့လားကိုရန်၊ လေးဆယ့်လေးလမ်း တိုက်ခန်းကို သွားမလို့ မဟုတ်ဘူးလား "

ဦးရန်အောင်က ခပ်တည်တည်ပြန်ကြည့်၏။

" မင်းကို ကိုယ်ပြည့်စုံအောင်ထားတာပဲ သူဇာ နေရာတကာ ဝင်မပါနဲ့ "

" ပြည့်စုံချင်လို့ ယောကျ်ားယူထားတာမှ မဟုတ်တာ။ အားကိုးရှာကြတယ်ဆိုတဲ့ ခေါင်းစဉ်နဲ့ မိန်းကလေးတိုင်းကို သိမ်းကျုံး အထင်မသေးပါနဲ့ ကိုရန်။ သူဇာကတော့ တချို့လူတွေ ဘယ်လိုပဲဖြစ်ဖြစ် ယောကျ်ားယူခဲ့တာ အားကိုးဖို့ တစ်ခုတည်းမဟုတ်ဘူး။ မြတ်နိုးလို့ ကိုးကွယ်ဖို့ အားလုံးပါတယ်၊ အခု သူဇာ ဒီလိုအခြေအနေမျိုးမှာပဲ ရောင့်ရဲနေခဲ့တာ ကိုရန်ဘက်က ပြည့်စုံအောင်ထား ထားပေးနေလို့ လို့ ထင်လား "

" ဘာဖြစ်ဖြစ် ကိုယ့်ဘက်က တာဝန်ကျေအောင် ကိုယ်ကြိုးစား ပေးခဲ့တာပဲ မင်းနဲ့ကိုယ်လက်ထပ်ထားပြီးပြီ ဒါပေမဲ့ ကိုယ့်ဘက်က

အခက်အခဲကို မင်းနားလည်နေတာပဲ ''

'' အခက်အခဲက. သပ်သပ် ကိုရန်တမင်လမ်းကြောင်းများ နေတာတွေက တစ်ဖက်။ အဲဒါတွေသူစာ သိတယ်။ တစ်ခုကိုတော့ တောင်းပန်ချင်တယ်ကိုရန် ကိုရန် မလွတ်လပ်တာကို ထားလိုက်ပါ ထပ်ပြီး လမ်းမများချင်ပါနဲ့တော့. အပျော်တွေ ထပ်မလိုချင်ပါနဲ့ ''

''သူစာ ''

ဦးရန်အောင် လေသံက အလျှော့ပေး ချော့မော့လိုခြင်း အလျှင်း မရှိပါ။

မျက်ဝန်းတွေက အေးစက်နေသည်။

နှုတ်ခမ်းလွှာတို့က တင်းခနဲ စေ့၏။

'' အဲဒါတွေ မင်းပြောလို့မရဘူး မင်းကိုယ့်ကို ချုပ်ကိုင်တားဆီးဖို့တွေလည်း မစဉ်းစားပါနဲ့၊ ကိုယ်လိုလူဟာ ဂရုစိုက်တတ်ခြင်းကို ဘယ်သောအခါမှ ခေါင်းထဲမထည့်တတ်တဲ့သူ၊ မင်းနဲ့ကိုယ် ပတ်သက်ဖို့က ဒီ့ထက်ပိုဖို့ ဘာမှမရှိဘူး ''

'' ဘာ. . . ဘာပြောတယ် ''

ဦးရန်အောင် လှည့်ထွက်လာခဲ့သည်။

သူစာ့ကို မြတ်နိုးယုယလိုခြင်း ရင်ထဲမှာအလျှင်းမရှိခဲ့ပါ။

သူမအတွက် ရပ်တည်နေနိုင်ဖို့ နေထိုင်စရာကော၊ စားစရာ

ကော အရင်းအနှီးအားလုံးပြည့်စုံအောင် ဖန်တီးပေးခဲ့ပြီးပြီ။

ထို့ကြောင့် ကိုယ့်တာဝန်ကျေပြီဟု သတ်မှတ်လိုက်၏။

တစ်ခုရှိသေးသည်မှာ သူဇာနှင့် မိုးကောင်းကင်တို့က ငြိနေကြပြီဖြစ်သည်။

ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ထိုငြိတွယ်မှုကို သူဖျက်ဆီးဖို့ မလွယ်တော့ပေ။ ထို့ကြောင့် လွယ်တဲ့ဘက်ကနေ ကာကွယ်တားဆီးဖို့ပဲ ရှိသည်။

အဓိကက သူနှင့် နောက်ထပ် စက်ဓါတ်ခြံဝန်းထဲကို မသွားဖြစ်ဖို့သာ။

သူခေါ်မှသာ သွားဖြစ်ဖို့ရှိသော အဖြစ်ကြောင့် ထိုကိစ္စအတွက် မလိုအပ်တော့သည့် သူဇာ့အပေါ် သူ့ဘက်က ဆက်၍ ကြိုးစားနေဖို့ မလိုတော့။

ထို့ကြောင့် ဦးရန်အောင် ခပ်ပြတ်ပြတ်ပြော၍ ထွက်လာခဲ့သည်။

သူဇာ့မျက်ဝန်းမှ နာကျည်းသော အရိပ်တို့ကို တစ်ချက်မှ ပြန်ငဲ့ကြည့်ဖို့ စိတ်မကူးပေ။

သူ့စိတ်ကူးထဲမှာ အားလုံးက ပြီးဆုံးခဲ့ပြီ။

# အခန်း (၁၉)

" နေကောင်းရဲ့လားဟင် "

နဖူးလေးကို တယုတယပွတ်သပ်၍ မေးသည်။

မြတ်မြတ်နိုးနိုး ပွေ့ပိုက်ထားရင်း နမ်း၏။

" မငိုပါနဲ့ ရွှယ်စူးရယ် နောက်ဆို မင်းကို ကိုယ်စိတ်ချမ်းသာအောင် ထားနိုင်ဖို့ ကြိုးစားတော့မယ် ဒီခြံဝင်း ဒီအိမ်ထဲမှာ မင်းလွတ်လပ်သလိုသွားလာပါ အပြင်ထွက်ချင်တာကိုလည်း ကိုယ်လိုက်ပို့ပေးမယ်"

မျက်ရည်တွေ ကျလာသမျှ နိုင်အောင်သုတ်ပေးရင်း တတွတ်တွတ် ပြောနေခဲ့သည်။

ရွှယ်စူးဟာ အလွန်နုသစ်တက်ကြွသည့် လှပသည့်အရွယ်လေး။ သူ့လောကထဲမှာ နွမ်းကြေခဲ့ရပြီး မလန်းဆန်းနိုင်ခဲ့သည့် ဘဝကို နားလည်နေခဲ့သဖြင့် ကရုဏာဒေါသတွေဖြစ်၍ ထိန်းချုပ်မရ ပေါက်ကွဲ

ခဲ့ရပြီးတိုင်း စက်နောင်တရသည်။

ပို၍ ရင်နာဖွယ်ကောင်းသည်က ကိုယ်ဝန်ရှိနေသည်ဟု ဆရာဝန်ပြောသွားကတည်းက ရွှယ်ရူးမျက်ရည်ကျခဲ့တာ ခုချိန်ထိ ခြောက်လို့မရ။

မိမိရင်သွေးကို မလိုလားဘူးဆိုတာ ခံစားမိချိန်တွင် ရင်ထဲမှာ အဆမတန် ကြေကွဲခဲ့ရသည်။

ရွှယ်ရူးမမှားပါဘူးဟု ပြောသိမ့်နေမိပေမယ့် ကိုယ်မှားနေတာကိုလည်း ဘာနဲ့ပေးလျော်ရမှန်းမသိ။

ရွှယ်ရူးကို သူချစ်သည်။

ဒါပေမဲ့ စိတ်ချမ်းသာအောင် မထားနိုင်။

ရှေ့လျှောက် နောက်ထပ်၍ ရွှယ်ရူးဒီလိုသာ ငိုကြွေးနေရမည်ဆိုလျှင်

" ရွှယ်ရူး "

သူ နီရဲ တုန်လှိုက်နေသည့် ရွှယ်ရူးနှုတ်ခမ်းဖျားလေးတွေကို ပါးပြင်တစ်ဖက်နှင့် ဖိကပ်ဖက်ထားရင်းမှ

" မင်းအပြစ်တစ်၊ နာကျင်ခံစားနေရတာတွေ ပျောက်ကုန်အောင် ကိုယ်ကြိုးစားမယ်။ ဒီပတ်ဝန်းကျင် ဒီအနံ့အသက်တွေနဲ့ ဝေးရာကို ကိုယ်တို့သွားမယ်၊ ရွှယ်ရူး စိတ်မဆင်းရဲပဲနဲ့နော် ကိုယ့်ရင်သွေးလေးကိုတော့

မပစ်ပယ်လိုက်ပါနဲ့ အမုန်းစိတ်တွေ မဝင်လိုက်ပါနဲ့ ရွှယ်စုးရယ်၊ အဲဒါ ကိုယ်အကြောက်ဆုံးပဲ၊ မင်းကို ကိုယ်ချစ်လို့ သိမ်းပိုက်ခဲ့မိတဲ့ ဖြစ်ရပ်တွေ ထဲမှာ လိမ်ညာဖို့ လှည့်ပတ်ဖို့ ဘာမှမပါခဲ့ပါဘူး။ အားလုံးဟာ မရှည်ရွှယ် ဘဲ သူ့အလိုလိုဖြစ်ခဲ့တာ ကိုယ့်ရင်ထဲမှာ မင်းကိုချစ်ခဲ့တဲ့ မြတ်နိုးခြင်း တွေ၊ တန်ဖိုးထားခြင်းတွေကလွဲပြီး ဘာမှမရှိဘူး ''

'' ဦးစက် ''

'' ဟင် ''

ရွှယ်စုး လူးလွန့်လာသည်။

မွန်းကြပ်နေအောင် ဖက်ထားသည့် စက်၏လက်တွေကို အသာလေးဖယ်ပစ်၏။

ရွှယ်စုး၏ လှုပ်ရှားမှုတွေတိုင်းမှာ ဆန္ဒအလျောက်ဆိုတာ ဘာမှ မရှိ။

စိတ်ပျက်ညစ်ညူးနေသလို ခြေကုန်လက်ပမ်းကျနေခြင်းမျိုး။

'' ပြောလေ ရွှယ်စုး။ ကိုယ်ဘာလုပ်ပေးရမလဲ ''

'' ရွှယ်စုး သီချင်းနားထောင်ချင်တယ် ''

'' ဘယ်လို ''

သူထပ်မေးတော့ ရွှယ်စုး မျက်ရည်တွေ ကျလာပြန်သည်။

'' လောင်းရိပ်ဆိုတာ ရွှယ်စုးနဲ့ ငယ်ငယ်ကတည်းက အတူ

သော့ အတူကြီးပြင်းခဲ့တဲ့သူငယ်ချင်းပါ မမဆုံးကာနီးကျမှ သူနဲ့ကွဲကွာခဲ့ကြတာ အဲဒီအချိန်ထိလည်း သူငယ်ချင်းပါပဲ ယောက်ျားဆိုလို့ ဦးစက်ကလွဲပြီး ရွှယ်စုးရင်းနှီးခဲ့တာ သူပဲ။ ဒါပေမဲ့ ဦးစက်ကို ရင်းနှီးခဲ့တာမျိုးနဲ့ ဘာမှမဆိုင်ပါဘူး အဲဒါကို ယုံချင်မှ ယုံပါ ''

'' ရွှယ်စုးရယ် ''

'' ခုချိန်မှာ ဦးစက်ထားရစ်ခဲ့တဲ့ အချိန်တိုင်း ဝမ်းနည်းအားငယ်ခဲ့ရသမျှ သူ့ကိုပြန်တွေ့လိုက်တော့ မိဘမောင်ဘွားတစ်စုံတစ်ယောက်ရဲ့ လက်တစ်ဖက်လို ရွှယ်စုးအားရှိခဲ့တယ်။ သူနဲ့ စကားပြောနေချင်တယ် အဲဒါလည်း သန့်ရှင်းပါတယ်။ ရှိုးသားတယ် မရိုးသားဘူး ဦးစက်မယုံကြည်လို့ စွပ်စွဲနေဦးမယ်ဆိုလည်း ရွှယ်စုးမဖြေရှင်းတော့ဘူး၊ တစ်ခုကိုပဲ ပေးပါ ''

ပြောနေရင်း နောက်ဆုံးလက်ဖျားချင်း ထပ်ဆုပ်ထားတာကိုပါ ရွှယ်စုးက ဖယ်ချပစ်လိုက်၏။

'' ဦးစက် ခုပြောနေသလို ရွှယ်စုးကို စိတ်ချမ်းသာစေရမယ်ဆိုတာ တကယ်ပြောတာဆိုရင် ရွှယ်စုးရှုးသွပ်ပါရစေ။ ရှုးသွပ်ခွင့်ပေးပါ အဲဒီသီချင်းလေး ရွှယ်စုး နားထောင်ချင်တယ် ''

'' ကိုယ် ''

'' ဟိုနေ့က ဦးစက် နားထောင်လိုက်တဲ့ သီချင်းလေးပါ

ဖြန့်ရှာပေးပါနော် "

" ရွှယ်စုံးရယ်၊ ကိုယ့်မှာ. . . "

" အဲ့ဒါကိုပဲ ဖြည့်ဆည်းပေးပါ ရွှယ်စုံးကို ဘာမှမပြောပါနဲ့"

" ကိုယ်ပေးချင်တယ် ဒါကို. . . "

" ဘာတွေဖြစ်ဖြစ် မလိုချင်ဘူး။ အဲဒါကို ကြားပါရစေ "

ရွှယ်စုံး ခေါင်းခါလျက် ဘာပြောလို့မှ နားမထောင်တော့ပါ။

မျက်ရည် သွယ်သွယ်ကျရင်း အရှုံးမပေးလို့ ဒါကိုပဲ ထပ်တလဲလဲ။

စက် ခေါင်းညိတ်လိုက်ရတော့သည်။

" ကိုယ်ရှာပေးပါ့မယ် မင်းပြောသမျှကိုလည်း ကိုယ်ယုံတယ် ဒါပေမဲ့ ကိုယ်ပိုင်ဆိုင်ခွင့်ရထားတဲ့ မင်းရဲ့ခင်ပွန်းအဖြစ် မင်းအားကိုးတာ ရင်းနှီးကြင်နာတာကို လိုချင်တယ် အဲဒီ အခွင့်အရေး ကိုယ်ရခွင့်ရှိရင် ကိုယ့်ကိုချစ်တယ်လို့ ပြောပါလား ရွှယ်စုံးရယ်၊ မင်းရဲ့ အချစ်ကို သာရမယ်ဆိုရင် ကျန်တာအားလုံး ကိုယ့်အတွက် အသေးအဖွဲ ဖြစ်သွားမှာပါ "

ငံ့မိုးကြည့်နေသော မျက်ဝန်းတို့ကို မော့ကြည့်ရင်း ရွှယ်စုံး အင့်ခနဲ ရှိုက်သည်။ အချစ်ဆိုင်ရာညှိစကား။

အချစ်အတွက် ခံစားနိုင်ဖို့ သူမမှာ အခွင့်အရေးရှိသေးလို့လား။

ချစ်ပါတယ်လို့ ပြောရအောင် ဦးစက်ကို ရွှယ်ရွှေတကယ် ပိုင်ဆိုင်ခွင့်ရနေလို့လား။ မဟုတ်ဘူး။ ဦးစက်ကို ငါမပိုင်ပါဘူး။

တကယ်တော့ ငါဟာ. . .

ရွှယ်ရွှေမျက်ရည်တွေ တလိမ့်လိမ့်ကျလာကြ၏။

" ရွှယ်ရွှေ မင်း. . . မင်း မငိုပါနဲ့တော့ ကိုယ်မမေးတော့ဘူး တိတ်နော်၊ မင်းဘယ်လိုပုံစံနဲ့ပဲ ဆက်ဆံ ဆက်ဆံ ကိုယ်ကျေနပ်ပါတယ် နောက်ထပ်လည်း မမေးတော့ဘူး မငိုနဲ့ "

မျက်ရည်သုတ်ပေးသည့် စက်ဓါလက်ကို ရွှယ်ရွှေထပ်ဆုပ်ထားမိသည်။ အချစ်ကို ကြောက်လို့ပါ။

မခံစားပါရစေနဲ့. . .

အချစ်ကို မေ့ခွင့်ပြုပါ ဦးစက်ရယ်. . .

ရွှယ်ရွှေဆိုသော သူမ၏ ဘဝတစ်လျှောက်လုံးမှာ စိတ်ချမ်းမြေ့သာယာခွင့်တစ်ရက်၊ တစ်မနက်လေးဖြစ်ဖြစ် ရခွင့်ရှိနိုင်မည်ဆိုလျှင် ထိုအချိန်လေးကို မက်မောစွာ ဖက်တွယ်ရင်း. . . သူမ. . .

## အခန်း (၂၀)

ခြံထဲမှာ ပန်းရနံ့တွေနှင့် သင်းပျံ့ကြိုင်လှိုင်နေသည်။

ရောင်စုံလိပ်ပြာလေးတွေက လေဟုန်စီးနေကြ၏။

လေညှင်းညှံ့ညှံ့က ပျင်းရိပျင်းရွဲ့ ပုတ်ခတ်နေသဖြင့် ပန်းပွင့်၏ ညှာတံတို့ကလည်း လှုပ်လီလှုပ်လဲ့ ယိမ်းနွဲ့နေကြရရှာ၏။

လေတိုးလို့ လှုပ်ခတ်နေရသည့် ပန်းကလေးတွေ ပျော်နေ သလား။

စိတ်ညစ်နေကြသလား။

ပန်းတို့မှာ မခံစားတတ်ပေမဲ့ ရှင်သန်ခြင်းတော့ ရှိနေကြသည် ပဲ။

ဒါဆို သူတို့တွေမှာ ရွယ်ရူးထက် အများကြီးချမ်းမြေ့ကြမှာပါ။

ပလပ်စတစ်ခုံလေးပေါ်မှ ထရပ်လိုက်ရင်း ရွယ်ရူးမြက်ခင်း

ပေါ်မှာ ပုဆစ်တုပ်လေး ထိုင်လိုက်သည်။

မြက်ခင်း စိမ်းစိမ်းလေးတွေကို လက်ဖဝါးနှင့် လျှောက်ပွတ်သပ်ရင်း ကောင်းကင်ကြီးကို မော့ငေးမိပြန်သည်။

ပြီးတော့ မျက်နှာတို့က စားပွဲလေးပေါ်က လက်တစ်ဝါးလောက်ရှိသော ကက်ဆက်လေးဆီ ပြန်ရောက်၏။

သီချင်းထည့်ပြီးသည့် MP 4 ဝယ်ပေးသည်။

" ဟင့်အင်း နားမှာကပ်ထားချင်တာမဟုတ်ဘူး "

ရွှယ်ရူး ငြင်းပစ်လိုက်သည်။

" ဘယ်အချိန်ဖြစ်ဖြစ် ကြားနေချင်တာ နားနားမှာ ကပ်ကြားရတာမျိုးလေးဖြစ်ဖြစ် ဒါမှသည်း ရူးရူးရှရှ "

ရွှယ်ရူးပြောလိုက်တော့ စက်က ဒီကက်ဆက်လေးထဲ ထည့်ပေးပြန်သည်။ ဒီသီချင်းကိုပဲ ဖွင့်နေခဲ့တာ ဘယ်နှစ်ကြိမ်ရှိနေပြီမှန်းမသိ။

ဟိုတုန်းကတည်းက စွဲလမ်းနှစ်သက်ခဲ့တာမျိုးလည်း မဟုတ်တဲ့ ဒီသီချင်းကို ရူးသွပ်ခဲ့မိတာ ဘယ်ကြောင့်မှန်းမသိလိုက်။

ရိပ်နှင့်မထင်မှတ်ဘဲ ဆုံဆည်းမိစဉ်မှာ သူဆွဲပေးခဲ့ဖူးသည့် ပန်းချီကားမျိုးကို တွေ့ခဲ့သည်။

ပြောခဲ့ဖူးသည့် စကားတွေကိုရှာ၊ ရိပ်ဆွဲပေးခဲ့ဖူးသော ဗလာစာရွက်လေးပေါ်က ဖြစ်သလိုရေးခြစ်ပေးခဲ့သည့် ကောက်ကြောင်းလေး

တွေကိုပါ သတိတရ ဖြစ်ခဲ့သည်။

ငှက်မောင်နှမနဲ့ တောင်သမံအင်းဟာ ရွှယ်စူးနဲ့ရိပ်တို့၏ ပုံရိပ်တွေ ဖြစ်လာခဲ့သလိုလို။

သူမတို့၏ ရင်နှင့်ပတ်သက်ခဲ့ကြသော အဝိတ်က ခြေရာတို့ကိုပဲ ဖွင့်ဆိုထားသလိုလို။

ဒီအချိန်ကျမှ ဒီသီချင်း၊ ဒီစာသားတွေကို ဘဝနဲ့ရင်း၍ မြတ်နိုးနေခဲ့မိသည်။

ဒီသံစဉ်တွေကိုပဲ ရှုးသွပ်စွာ မက်မောနေခဲ့မိ၏။

သူမနဲ့ ရိပ်တို့တစ်နေ့နေ့ ဒီလိုပဲ ကြုံတွေ့ကြရမည်လား။

မကြုံချင်ပါ။

သူမဟာ ဒိုင်းခင်ခင်ဖြစ်ခဲ့ပါစေ။ ဒီထဲမှာ ရိပ်ကို မောင်ဖေငယ်လို အဖြစ်မဆိုးစေရ။

ရိပ်နဲ့ သူမတို့၏ ခင်မင်မှု၊ သက်တမ်း ဒီမှာတင်ပဲ ရပ်ပါစေ။

ရိပ်ကို ဘယ်တော့မှ ဒုက္ခမပေးတော့ဖို့ဆုံးဖြတ်ရင်း စက်ကတံခါးတွေ ဖွင့်ပေးထားခဲ့ပေမယ့် အပြင်ကိုလည်း မထွက်ချင်တော့။

ဒီသီချင်းလေးနဲ့ပဲ ရိပ်ကိုလွမ်း၍ တမ်းတရင်း တစ်ယောက်တည်းနေတော့ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ။

ပြီးတော့ ဦးစက်ရယ် ရင်ခွေးလေးရယ်။

ပြီးဆုံးခဲ့သော မှားယွင်းမှုတွေကို ရင်ထဲက ပရိုဂရမ်တစ်ခုအနေဖြင့် ထာဝရ သိမ်းထားလိုက်တော့မည်။

သူမအဖြစ်က မှားတာတွေကိုကော မမှန်ခဲ့တာတွေအားလုံး ဘာကိုမှ ဆုပ်ကိုင်လို့မရ။ ဒါပေမဲ့ လွှင့်ပစ်လို့လည်းမရခဲ့ပါ။

ထို့ကြောင့် ရင်ထဲက ပရိုဂရမ်များအဖြစ်တော့ ရှိနေမှာပါ။

ရိပ်ရယ် ငါဟာ နင့်အတွက်မဟုတ်ခဲ့ပေမယ့် နင့်ကို ငါ့ဘဝလောက် ခင်တွယ်ခဲ့တာပါ။

ဒါပေမဲ့လေ ငါဦးစက်ကိုပဲ ချစ်ခဲ့တာ။

ဒါပေမဲ့ ငါတမ်းတနေတာ နင့်ကိုပဲဖြစ်နေတယ်။

ဒါပေမဲ့ ငါတို့က ချစ်သူတွေမှ မဟုတ်ခဲ့ဘဲ။

ဒါပေမဲ့ မေ့မရဘူး ရိပ်ရယ်။

ဒါပေမဲ့ပေါင်းများစွာနှင့် မပြတ်သေးခဲ့သော ရွှယ်ရူး၏ အတိတ်ပစ္စုပ္ပန်အားလုံးကြောင့် အနာဂတ်က ဝေဝါးနေခဲ့သည်။

ယောက်ျားနှစ်ယောက်အပေါ် တစ်သားတည်းထပ်တူ ချစ်တွယ်နေခဲ့သော ရင်ထဲက ခံစားချက်များဟာ သေချာကြည့်တော့လည်း အနီနဲ့အမြင့်မည်း။ သို့သော် ခွဲခြားထုတ်ကြည့်လို့မရ။

ရွှယ်ရူးလက်ဖဝါးလေးက ကက်ဆက်ခလုတ်လေးတွေပေါ်မှာ ခိုရှိလေး ဖြတ်လျှောက်သွားသည်။

သီချင်းသံ ငြိမ့်ငြိမ့်လေးပေါ်လာ၏။

ဒါဟာ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ။

♫ ငှက်မောင်နှံ. . . တောင်ပံချင်းယှက်. . . မိုးထက်သို့ပျံ

. . . တောင်သမံအင်းရဲ

နိဗ်ရယ်။ နင်ငါ့ကိုမေ့လိုက်ပါ။

ငါလေ နင့်ကိုတွေ့ဖို့ နောက်ထပ်ဒုက္ခပေးဖို့ ဘယ်တော့မှ မကြိုး

စားတော့ဘူး

♫ ချစ်သူ. . . အလှဒိုင်းခင်ခင်ရယ်. . . ငယ်ပေါင်းတွေမို့

နှမလိုတစ်မျိုး. . ချစ်သူလိုတစ်သွယ်. . . ရင်မှာမျှိုသိပ်. . .

ချစ်စိတ်တွေလည်း. . . ဖွင့်မပြောရက်ခဲ့တယ်. . .

ရွှယ်ရုံးမျက်ရည်တစ်စက် ပေါက်ခနဲကျလျက် နှုတ်ခမ်းကလေး

တွေပြုံးသွား၏။

ဟုတ်တယ်။ နင်မျှိုသိပ်ခဲ့တယ်။

ဒါပေမဲ့ ငါ့ကို နှင်ပြောခဲ့ပါသေးတယ်။

ခုတော့ ငါ့ဘဝကို ဦးစက်အတွက်ပဲ ပုံရတော့မယ်။

သူ့အတွက် ငါရင်သွေးလေး မွေးပေးရဦးမယ်။

နောက်ထပ် ငါပေးဆပ်ရဦးမယ့် မရှုမလှဘဝထဲမှာ နင်မပါ

ပါနဲ့တော့။ ငါ့ဒုက္ခတွေကို မျှဝေခံစားပေးဖို့ မကြိုးစားပါနဲ့ သူငယ်ချင်း

ရယ်။

𝄞 မောင်ဖေငယ်ရဲ့ ရင်နင့်စရာဖြစ်ပုံဆန်းကြယ်
ဘယ်လိုအဖြစ်မျိုးနဲ့မှ . . . ဖြေမရနိုင်ဘူးကွယ်
ချစ်သူအလှအတွက် ဘဝရှင်ရဲ့အတွက် အသက်ကိုပင်
စတေးခဲ့လေတယ်. . .

သီချင်းဆုံးတော့ ရွှယ်စုးရှိုက်ငိုသည်။

စားပွဲစွန်းမှာ လက်နှစ်ဖက် ယှက်တင်၍ ပါးပြင်လေးကပ်ရင်း ငိုဇာ၏။ ဒီနေ့ထိ ဦးစက်နဲ့ ပတ်သက်ခဲ့သော သူမထက်ကံကောင်း၍ ပိုင်ဆိုင်ခွင့်ရနေခဲ့သူတစ်ယောက်၏ နာမည် ဘယ်သူလဲဆိုတာ ရွှယ်စုးမသိပါ။

မေးလည်း မမေးခဲ့မိ။

ဦးစက်ကလည်း မပြောချင်၍လား။ တမင်ချန်လှပ်ခဲ့သည်လား မသိ။ ထိုအကြောင်းကို ပြောပြဖူးခဲ့ပေမယ့် နာမည်ကို မပြောခဲ့ပေ။

စကားထဲမှာ ထည့်ပြောသွားခဲ့သည်ရှိဦးတော့ ရွှယ်စုးဘာမှ မှတ်မထားခဲ့မိ။

ဦးစက်ကိုချစ်၍ မကြားရဲတာလား။

စိတ်ကဘယ်လိုမှ လက်မခံနိုင်တာလား။

ဒါဆို ဦးစက်အကြောင်း နာမည်လေးတောင်မှ မမေးခဲ့တော့သည့် ရိပ်ရင်ထဲမှာ ဘယ်လိုရှိမလဲ။

ရွယ်ရူးလိုပဲ နေမှာပါ။

ရိပ်ရယ် နင်နဲ့ငါ။

ဘာမှမသိ။ မမြင်မကြားရတဲ့ နယ်မြေတစ်ခုစီပဲ. . .

✿ ✿ ✿ ✿ ✿



# အခန်း (၂၁)

ပြုံးရယ်နေသည့် ရွှယ်ရူးမျက်နှာလေးကို ကားမောင်းနေရင်း လှည့်ကြည့်ရတာ အားမရနိုင်။

စက်က ကားကို မှောင်ရိပ်ကျနေသည့် အဆောက်အဦးကြီး တစ်ခုဘေးနားမှာ ရပ်ပစ်လိုက်သည်။

" ဘာဖြစ်လို့လဲ ဦးစက် ညည့်နက်နေပြီဆို "

" အင်း. . . နက်ပစေကွာ ဒီအချိန်လေးကို ကိုယ်အမိအရ ဆုပ်ကိုင်ထားနိုင်ဖို့ပဲ အရေးကြီးတာ "

" ဒီအချိန် "

ရွှယ်ရူးက နားမလည်သလိုလေး လှည့်မေးလာတော့ သူရွှယ်ရူး လက်ဖဝါးလေးကို ထွေးဆုပ်ထားလိုက်သည်။

" ဟုတ်တယ် မင်းပြုံးနေတဲ့အချိန်လေ "

စက်က ကားဓါးကို အပြာရောင်လှဲလှဲလေးနှင့် ချိန်းပစ်လိုက်သည်။ ရွှယ်စုးမျက်နှာလေးက ဖြူဖျော့ဖျော့ ပြာရိပ်သမ်းလျက် ငိုရှိုက်လှုပသွားသည်။

ညိုမှောင်သော ဆံနွယ်တွေ ဖားလျားပြန့်ကျနေကာ အပြာရောင်ဝတ်စုံလေးနှင့် ပြာလဲ့သော မီးရောင်အောက်မှာ စက်ကြည့်လို့မဝ။

လက်ဖျားကလေးကို ဆွဲယူလိုက်တော့ ရွှယ်စုးကိုယ်လေးသွဘာက်ကို ယိုင်နွဲ့ပါလာ၏။

" ပျော်လား "

ရွှယ်စုးခေါင်းလေးညိတ်၍ စက်ဇါခါးကို ပြန်ဖက်လိုက်မိသည်။ ညနေကတည်းက ရွှယ်စုးကို သွားချင်သည့်နေရာတွေအစုံ စက်လိုက်ပို့ခဲ့သည်။

အိမ်ထဲမှာတောင် တစ်ခန်းထဲမှာပဲ တံခါးပိတ်ထားခဲ့သော စက်သည် တစ်ညနေ တစ်ညလုံး ရွှယ်စုးလက်ဖဝါးလေးကိုဆုပ်ကာ

တစ်လောကလုံးကို ရှိသည်ဟုပင်မှတ်ပုံမရဘဲ ရွှယ်စုးမျက်နှာလေးကိုပဲ အရိပ်ကြည့်ကြည့်။

နောက်ခန်းထဲမှာ ဝယ်ခြမ်းထားခဲ့သည့် ပစ္စည်းတွေ အထုပ်တွေသည်း ပြည့်နေပြီ။

ဒါတောင် ဘယ်သွားဦးမလဲ။ ဘာလိုချင်သေးလဲမေးတုန်း။

လွတ်လပ်စွာ သွားလာလည်ပတ်နေခဲ့စဉ် ဦးစက်၏ လက်တစ်ဖက်ထဲမှာ ရွှယ်ရူးတစ်ဘဝလုံး နွေးထွေးနေခဲ့သည်။

လုံခြုံသွားသလို ကြည်နူးပျော်ရွှင်ခဲ့၏။

ထိုအချိန်မှာ ဘာဆိုဘာမှ သတိမရတော့ဘဲ ရှိလေသည်။

ညကလေးဟာ ဒီအတိုင်းမို့ မလင်းဘဲရှိပါစေ. . .

" ရွှယ်ရူး "

" ရှင် "

" မင်းကို ကိုယ်သိပ်ချစ်တာ "

တိုးသဲ့သော လေသံလေးပင်ဖြစ်သော်လည်း ရွှယ်ရူးနားထဲမှာ မာကျောနိုင်မာနေသည်။

ယုံကြည်ပါသည်။ ချစ်ချင်ပါ၏။

ဒါပေမဲ့ ဦးစက်နဲ့သူမဟာ မတူညီသော ဆုံမှတ်တစ်ခုစီလို။

" နောက်ဆို မင်းနဲ့ထက် ပျော်ရမှာပါ "

တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်ထားမိကြသည်။

" ရွှယ်ရူး. . . နားထောင်နော် ကိုယ်လေ မင်းကို စက်ဘူ ခေါ်သွားမယ် အဲဒီမှာပဲ ကိုယ်တို့အခြေချမယ် မင်းမှာရော ကိုယ့်မှာရော ဒီမှာ တစ်ကောက်ကြွက် ဘဝချင်းအတူတူပဲ ကိုယ်ခေါ်ရင် လိုက်မှာ မဟုတ်လားဟင် "

" ဦးစက်ကလည်း "

ရွှယ်စုးရှက်နေတာလေးကို မျက်နှာလေးကို သေချာမော့ယူကြည့်၍ စက်ကရယ်သည်။

" တကယ်လိုအပ်တယ် ရွှယ်စုးရဲ့ သားသမီးဆိုတာ ရတနာအိမ်ထောင်စုတစ်ခုမှာ မိသားစုဆိုတာဖြစ်ဖို့ သားသမီးရှိမှဖြစ်မှာ ဒါမှ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေး အစစ်အမှန်ကိုရမှာ ကိုယ်ဝန်ကို ဂရုစိုက်နော် ဒီနေ့ကစပြီး မင်းမျက်ရည်မကျရဘူး "

" ဦးစက် တံခါးပိတ်ပြီး ထွက်သွားရင် ငိုချင်တယ် "

" တံခါးလည်း မပိတ်တော့ဘူး အလုပ်ထဲလည်း မသွားတော့ဘူး ဒီမှာ လုပ်ငန်းကိစ္စရှင်းလင်းစရာတွေ ရှင်းမယ် ဗိုဇာကိစ္စကတော့ ကိုယ့်လူတွေ စီစဉ်ပေးကြမှာပါ ဒီကြားထဲမှာ သွားလာဖို့ကိစ္စနဲ့ အပြင်ကို ခဏတဖြုတ်ထွက်ရတာမျိုးပဲရှိမယ် အဲဒီအချိန်လေးကိုတော့ မငိုနဲ့ကွာ. . . နော် နားလည်ရဲ့လား "

" ဦးစက်. . . ဦးစက် တကယ့်ကို စီစဉ်ထားပြီပေါ့နော် ရွှယ်စုး မျှော်လိုက်တာ "

သွားလေးတွေပေါ်အောင် ပြုံးရယ်နေရင်း ရွှယ်စုးမျက်နှာလေး တစ်မျိုးဖြစ်သွားတာကို စက်က သတိထားမိကာ

" ဘာဖြစ်သွားတာလဲ ရွှယ်စုး။ ဘာလိုသေးလို့လဲ "

ရွယ်ရှုးက စက်ဓါ်မျက်နှာကိုမော့ကြည့်သည်။

မျက်တောင်ဖျားလေးတွေ မလှုပ်မခတ်နှင့်ပြောဖို့ စကားအတွက် စဉ်းစားပြီးမှ

" တကယ်သွားဖြစ်တော့မယ်ဆိုတော့ ရိုပ်ကို သတိရလိုက်တာ ဦးစက်ရယ် ရိုပ်က ရွယ်ရှုးရဲ့ တကယ့် ရဲဘော် ရဲဘက် သူငယ်ချင်းကောင်းပါ မသွားခင် သူနဲ့တွေ့ပြီး နှုတ်ဆက်ချင်တယ် "

စက်မျက်နှာပျက်သွားတော့ ရွယ်ရှုးမျက်နှာလေးနှစ်ဖက် စုတွန့်သွားခဲ့၍

" ဦးစက်ပဲ အားလုံးကို နားလည်ပေးတယ်ဆို ရိုပ်နဲ့ရွယ်ရှုးကို မယုံနိုင်သေးဘူးလားဟင် "

" မဟုတ်ပါဘူး ရွယ်ရှုးရယ် မယုံကြည်တဲ့စိတ် တကယ်ရှိနေရင်တောင် ရှိခဲ့ဖူးတဲ့ ဟိုတုန်းကတည်းက မင်းတို့ရဲ့ သံယောဇဉ်ကို ကိုယ်နားလည်ပေးမှာပါ ကိုယ့်မှာလည်း အပြစ်ကင်းစင်ခဲ့တာမှ မဟုတ်တာမင်းအပေါ် တစ်ကိုယ်ကောင်းဆန်ဆန် ကိုယ်မချုပ်ကိုင်ဘူး တစ်ခုတော့ စိတ်ထဲမှာ လိုချင်တာရှိတယ် အဲဒါက ကိုယ်တို့သွားတဲ့ဆီကို မင်းရဲ့စိတ် မင်းရဲ့ကိုယ် အားလုံးကို အပြီးအပိုင်ထုတ်နှုတ် ခေါ်သွားချင်တာ ဟိုရောက်ပြီးတဲ့အချိန်မှာ မင်းနဲ့ကိုယ်ဟာ ဘဝသစ် တစ်ခုထဲမှာလေ "

စက်က သက်ပြင်းတစ်ချက်ချပြီးမှ

" ဘာကြောင့်ရှိဖြစ်ဖြစ် မင်းရဲ့စိတ်ကို မြန်မာနိုင်ငံထဲမှာ ငြိတွယ် မကျန်ခဲ့စေချင်ဘူး "

" ဟို. . . ရွှယ်စူးကလေ "

" ပြောပြတာပါ ရွှယ်စူးကို ကိုယ်အပြစ်တင်တာမဟုတ်ဘူး မင်းစိတ်ဆင်းရဲအောင် နောက်ထပ်ကိုယ်မလုပ်ဘူးလို့ ဆုံးဖြတ်ပြီးပြီ ဘာမှ ထပ်မဖြစ်စေရဘူး ပြောလေ သူ့ကို ကိုယ်အကြောင်းကြားပေးမယ် ဘယ်မှာနေတာလဲ ဒါမှမဟုတ် ကိုယ်တိုင်ဆက်သွယ်ချင်တာဆိုရင် ကိုယ် ကိုယ်တိုင် ပို့ပေးမယ် "

ရွှယ်စူး ကြည်နူးသွားသည်။

စက်ရင်ခွင်ထဲ တိုးဝင်၍ မျက်ဝန်းလေးတွေကိုလည်း မှိတ်ထား လိုက်၏။

ဒါဟာ ဆန္ဒပဲရှိတာပါ။

တကယ်ဆို ရိုပ်တယ်မှာနေတယ်။ ဘယ်က ရောက်ရောက်လာ တယ်ဆိုတာ ရွှယ်စူး ဘာမှမသိ။

✿ ✿ ✿ ✿ ✿

# အခန်း (၂၂)

' ဒီမှာရပ်တော့ 'ဟု ပြောသဖြင့် နားထဲမှာ ထူးဆန်းသွားသလိုဖြစ်ကာ တစ်ချက်တော့ လှမ်းကြည့်လိုက်မိသည်။

ဒါပေမဲ့ ရပ်ဆိုတော့လည်း ရပ်ပေးလိုက်ရုံပဲရှိသည်။

လမ်းထဲကို မဝင်နိုင်းသော်လည်း ဟိုတစ်ခါ သူဇာကျော်ဆိုသည့် အမျိုးသမီးကို ပို့ပေးခဲ့ရသည့်လမ်းဆိုတာကိုတော့ သိသည်။

ပို၍သေချာသည်က မင်းစက်ရာဆိုသော မိုးကောင်းကင်၏ ခင်ပွန်းနေသည့်လမ်း။

ကိုယ်တိုင်ရောက်လာရသည့် အဖြစ်ဟာ ပြဿနာကြီးထွားနေခြင်းကို ဖော်ပြလိုက်ခြင်းဖြစ်၏။

ပြီးတော့ သူဇာနှင့်မိုးကောင်းကင် ဖုန်းပြောနေကြတာလည်း သူကြားခဲ့သည်။

တစ်ခွန်းတစ်စ ကြားသော စကားများအရ မိုးကောင်းကင် အသည်းအသန် လိုက်နေသည့် လျှို့ဝှက်ကိစ္စတချို့ကို သိရှိအောင်မြင်ခဲ့ပုံပေါ်သည်။

ဖုန်းရတာနှင့် သူ့ကိုမရမက လိုက်ပို့ခိုင်းခဲ့၏။

" မင်းသွားခါ လာခါနီးမှ မနိုင်းချင်ပါဘူး ဒါပေမဲ့ နည်းနည်းတော့ ကူညီဦး "

ဟု ဆို၏။

တကယ်တော့ ရိုပ် သင်္ဘောထွက်ဖို့ သေချာနေပြီဖြစ်သည်။

သူ့ကံကောင်းသည်က သူငယ်ချင်းနှင့်သူ့သူငယ်ချင်း၏ မိသားစုတစ်စုလုံးက နိုင်ငံခြားသင်္ဘောလိုက်ကြသည့် မျိုးဆက်များဖြစ်သလို အားလုံးသူ့ကို ကူညီပေးကြသည်။

ငွေအား လူအား သူများစိုက်ရသလောက် မစိုက်ရဘဲ လိုက်ခွင့်ရခဲ့တာဖြစ်၏။

နောက်တစ်ပတ်ဆိုရင် သူထွက်တော့မည်။

မိုးကောင်းကင်ထံမှ စောစောကတည်းက ခွဲထွက်နေဖို့ဖြစ်ပေမယ့် သူက တားဆီးခဲ့သည်။

" ဒီမှာပဲနေပါ သွားတော့မှသွားပေါ့ မင်းကို တို့ဆီမှာ ညီသည်လိုပဲထားမှာပါ အေးအေးဆေးဆေးနေ မင်းကသွေးကွဲချင်

ပေမယ့် တို့ကတော့ မောင်လေးတစ်ယောက်လို သဘောထားခဲ့တာ မင်းသွားတဲ့အခါ တို့ကိုယ်တိုင် အပ်နှံပို့လိုက်ချင်တာ ''

ဟုပြော၏။

ဘယ်လိုမှ ငြင်းလို့မကောင်းအောင် တားဆီးတောင်းပန်ခဲ့သဖြင့် သူမထွက်ဖြစ်ခဲ့ပေ။

တကယ်လည်း မိုးကောင်းက သူ့ကို ဟိုပို့ပါ။ ဒီပို့ပါဘာမှ မနိုင်းတော့ဘဲ တစ်နေ့တစ်နေ့ သူလိုအပ်မယ်ထင်တာတွေ တစ်ခုပြီး တစ်ခု ဝယ်ခြမ်းပေးနေခဲ့၏။

အဝတ်အထည် အသုံးအဆောင် အစစအားလုံး။

" ရော့ ဒါလေးတွေလည်း မင်းလိုမှာပဲ ယူထား "

ဆိုတာမျိုး

" ရော့ဒါတွေယူ ဘာလို့ဦးမလဲစဉ်းစားနေ့ တို့လည်း အပြင်ထွက်တိုင်း စိတ်ကူးပေါ်သမျှတော့ စုဆောင်းနေတာပဲ မင်းသွားရင် ပြည့်ပြည့်စုံစုံလေး ဖြစ်သွားစေချင်တာ ''

ဟုလည်း ပြောသေးသည်။

မိုးကောင်းကင်ကို သူအားနာလာရသည့် အဖြစ်ပါ။

သူကတော့ သွားတော့မှာပဲဆိုသည့် အတွေးနှင့် မိုးလင်းတာနဲ့ အပြင်ထွက်သည်။

" ဒီတော့လည်း 'ကားယူသွား' ဟု ဖွတ်ပေးတာပဲ ဖြစ်၏။

ဒါပေမဲ့ ယူဖြစ်တာလည်း ရှိသည်။ မယူခဲ့တာလည်း ရှိ၏။

တစ်နေကုန်မှ ပြန်လာတာမျိုးရှိလျှင်တောင် ထမင်းစားဖို့ စောင့်နေတတ်သေးသည်။

" ပြောပါဦး၊ တစ်နေကုန် ဘယ်တွေသွားနေတာလဲ " ဟုလည်း မေးတတ်၏။

" သူငယ်ချင်းတွေကို နှုတ်ဆက်နေတာပါ " ဟုသူလွယ်လွယ် ပြောခဲ့၏။ တကယ်က သူနေ့ရောညရော ရှာဖွေနေတာ ' ရွှယ်ရုံး ' ကို ဖြစ်သည်။

သီချင်းထည့်ထားသည့် MP 4 လေးတစ်ခုကို ကိုင်၍ရှာဖွေခဲ့ရတာ ကြာပါပြီ။

ရွှယ်ရုံးဘယ်ကို ရောက်နေပြီမှန်းမသိ။

တစ်ယောက်နဲ့တစ်ယောက် ဆုံဖြစ်ခဲ့ကြသော်လည်း သူဘယ်မှာ နေမှန်းမသိ။ ကိုယ်ဘယ်ကလာလဲ မမေး။

ဝေးခဲ့ကြသောအခါ ထိုအဖြစ်တို့ကိုတွေးရင်း ရင်နာမိခဲ့သည်။

ရွှယ်ရုံးကို နာကျင်တာမဟုတ်ပါ။

ဖွင့်မပြောနိုင်သည့်အဖြစ်တွေ ရှိနေနိုင်သည့် ရွှယ်ရုံး၏ဘဝနှင့် သူ့အဖြစ်ကြောင့်သာ။

ခုတော့ သူမြန်မာနိုင်ငံက ထွက်ခွာဖို့ လေးရက်သာလိုတော့သည်။

" ဟော့ ဘာငေးနေတာလဲ "

" ဗျာ "

အတွေးလွန်နေသဖြင့် သူ့ကို မိုးကောင်းကင်ခေါ်နေတာ ရုတ်တရက် မကြားမိလိုက်။

သူဆတ်ခနဲ လှည့်ကြည့်လိုက်တော့ မိုးကောင်းကင်က လက်ကိုင်အိတ်ကို ပခုံးမှာပြောင်းလွယ်လိုက်ပြီး ရယ်သည်။

ပြီးမှ နောက်ထပ် ငုံ့ကြည့်ကာ

" မင်းသွားချင်တာရှိရင် ဟိုနား ဒီနားသွားလေ။ နောက်နာရီဝက် . . . အဲ၊ မိနစ် (၂၀)လောက်ဆို "

" ရတယ် မမမိုး။ ကျွန်တော်စောင့်နေပါ့မယ် "

" အိုကေ "

✿ ✿ ✿ ✿ ✿

# အခန်း (၂၃)

" ဘာ "

ဦးရန့်အောင်ကိုယ်ကြီး တုန်ခါသွား၏။

" သူ့ဖာ မင်းကောက်ကျစ်လှချေလား "

ဖုန်းကို ကျိုးကျသွားမတတ် ဖိဆုပ်ထားလိုက်မိ၏။

ဖုန်းထဲမှာ သူ့ဇာ့ရယ်သံက နှလုံးနာဖွယ် မပြီးနိုင် မစီးနိုင်။

" မင်း ငါ့ကိုကျေကျေနပ်နပ် ငါ့ကိုပဲ တုံ့ပြန်ပါလား ဒီ အပြစ်မရှိတဲ့သူနှစ်ယောက်ကို မင်းမို့ ကဲနောက်ထပ်ဘာတွေ လုပ်ထား လဲ . . . ပြောစမ်း"

" ဒေါသတွေ သိပ်ကြီးမနေနဲ့ကိုရန် ရှင်ဒီလို အရေးတကြီး ဖုံးကွယ်ဖို့ရှိရင် သူ့ဇာမေးတုန်းက ပွင့်ပွင့်လင်းလင်းပြောခဲ့ဖို့ ကောင်းတာ ပေါ့။ လင်ခိုးမယားဖြစ်ပြီး သူ့ဇာ့ကို မယုံကြည်နိုင်တဲ့သူအတွက် သူ့ဇာက

သစ္စာရှိရမှာလား ''

'' မင်း . . . ကွာ ''

'' တကယ်တော့ ရှင်က သူ့ဇာတ်ကို ရှင့်ရဲ့သူငွေ့အတွက် အသုံးချခဲ့တာ။ ခြံလေးတစ်ခြံ၊ အိမ်ကလေးတစ်လုံးနဲ့လာဘ်ထိုးပြီး ခုတုံးလုပ်သွားခဲ့တာ မိန်းမတစ်ယောက်ရဲ့ မာနနဲ့အချစ်ကို ရှင်နားလည်ဖို့ အခုသူ့ဇာတ်ပြလိုက်တာပဲ။ ရှုပ်ထွေးသုဘဏ္ဍာလို အပြီးမျိုးလေ။ အဲဒါ အချစ်ကြီးရုံသက်သက်မဟုတ်ဘူး။ မာနလည်းပါတယ်။ သူ့ဇာတ်ဆိုတဲ့မိန်းမဟာ ရှင့်ရဲ့ပြည့်စုံစေမှုတွေကို မက်မောနေသလား။ မမက်မောဘူးလားဆိုတာ မြင်တတ်အောင် ကြည့်လိုက်စမ်းပါ။ ဟွန်း . . . ခုလောက်ဆို မမက ရှင့်သူငွေ့ အိမ်ကို တောင် ရောက်နေလောက်ပြီ ''

'' ဟင် ''

ဦးရန်အောင် ခေါင်းခနဲ့ထရပ်လိုက်သည်။

သူ့ဇာတ်ရယ်နေတာကို မှန်းတီးမနေအားဘဲ စက်ဆီကို ဖုန်းဆက်လိုက်သည်။

အားလုံးသွားပြီ။

# အခန်း (၂၄)

ဘယ်လိုမှ တားဆီးလို့မရဘဲ ဖွတ်ဝင်သွားသည့်ကားကို လှမ်းကြည့်ပြီး ဦးတိုး စက်ထဲသို့ ဖုန်းခေါ်လိုက်၏။

မိုးကောင်းကင်ကတော့ ပေါ်တီကိုအောက်မှာ တစ်ချက်ရပ်လိုက်ပြီး လေခါးထစ်တွေပေါ် တက်လိုက်သည်။

ပြီးမှ လက်က လူခေါ်ဘဲလ်ကို လှမ်းနှိပ်လိုက်၏။

ထိုအသံကို မျှော်လင့်နေပုံရသည့် အရိပ်လေးတစ်ရိပ် လှစ်ခနဲ ပြေးထွက်လာတာကို မြင်လိုက်ရသည်။

သူ့အာပြောသည့်မိန်းကလေးလား။

ခါးလောက်ရှည်သည့် ဆံပင်ဖြန့်ချလျက် နို့နှစ်ရောင်ပိုးပျော့ဂါဝန်ရှည်ကြီးကို တစ်ဖက်က 'မ'၍ အပြေးတစ်ပိုင်း ထွက်လာတာဖြစ်သည်။

တံခါးဆီကို လှမ်းမြင်လိုက်မှ တုံ့ခနဲဖြစ်သွားကာ မျက်နှာလေးမှာ အံ့ဩထိတ်လန့်သွားသည့် အမူအရာလေးတွေ ထင်လာ၍

" တံခါးလာဖွင့်စမ်းပါ "

မိုးကောင်းကင်က တုံ့နှေးသွားသည့်ခြေထောက်တွေကို စိုက်ကြည့်၍ ခပ်တင်းတင်း လှမ်းပြောတော့ သူ့မျက်ဝန်းလေးတွေ ပို၍ဝိုင်းသွား၏။

" ဒီနေ့ ကိုရန်မပါဘဲ ခြံစောင့်အဖိုးကြီးကို သူဇာတစ်ပတ်ရိုက်ဝင်ခဲ့တယ် အထဲမှာ မိန်းမတစ်ယောက်ရှိတယ် မမ ပိတ်ထားတဲ့အခန်းတွေကို သူဇာလိုက်ခေါက်တော့ အခန်းတစ်ခန်းထဲက သူထွက်လာတယ် သူဇာလည်း မထင်မှတ်ဘဲမြင်တော့ အံ့ဩပြီးကြည့်နေမိတာ သူလည်း အကြာကြီး မျက်လုံးပြူးကြည့်နေပြီးမှ ချက်ချင်းပြန်ဝင်ပြေးတာ ဘာမှတော့ မပြောလိုက်ရဘူး ဒါပေမဲ့ မမပြောသလို မိန်းကလေးတစ်ယောက်ရှိနေတယ်ဆိုတာတော့ သေချာတယ် "တဲ့။

သူဇာ့ရှေ့မှာတုန်းက မဲ့ပြုံးတစ်ခုနဲ့ သရုပ်ဆောင်နေလိုက်ရပေမယ့် ရင်ထဲမှာပြင်းထန်လွန်းသည့် ယမ်းတို့နှင့်ပေါက်ကွဲမှုတွေ ဆက်တိုက်ဖြစ်သွားခဲ့တာ ဘယ်လိုထိန်းချုပ်လို့မှ မရ။

သံသယဖြစ်ခဲ့ပေမယ့် ဒီလိုမျိုး ရဲရဲတင်းတင်းကြီး တိုက်ထဲအိုးသွင်းဝှက်ထားတဲ့အထိ ဖြစ်နေမည်ဟု မထင်ခဲ့မိတာ အမှန်ပင်။

နတော့ သူက ဒီလိုလုပ်နေခဲ့သတဲ့လား။

ရှေ့ကို တစ်လှမ်းချင်း တိုးလာနေသည့် ကိုယ်လုံးအလွန်လှ၍ ဖြူနွဲ့နွဲ့ မိန်းမငယ်လေး၏ မျက်နှာကိုစူးစိုက်ကြည့်ရင် မိုးကောင်းကင် မျက်ဝန်းမှ မီးပွင့်မီးပွားကွေ စင်ထွက်နေ၏။

ဤသည်ကို ရွယ်စူးသိခဲ့သည်။

အရှည့်ပျော်မတတ် ပူပြင်းလောင်မြိုက်စေသော ထိုမျက်ဝန်း ပိုင်ရှင်ဟာ ရွယ်စူးမပိုင်ခဲ့သော နေရာတစ်ခု၏ ပိုင်ရှင်။

“ မင်းနာမည် ဘယ်သူလဲ ”

တံခါးပွင့်သွားတော့ သူမက အိမ်ပေါ်ကို လှမ်းတက်သည်။

ရွယ်စူးကိုယ်လေး ရှို့၍နောက်ဆုတ်၏။

“ ဟော့. . . ပြောစမ်း ”

“ ရွယ်စူး ”

နှုတ်ခမ်းမဲ့တာကော အံကြိတ်လိုက်တာကော ရွယ်စူးမြင်သည်။

မျက်လုံးထဲမှာ နောက်ထပ်အရိပ်တစ်ခုကို မြင်လိုက်သလို ဖြစ်သွားစဉ်

“ အား ”

ကြမ်းပြင်ပေါ်သို့ ခွေခေါက်ပစ်ကျသွားခဲ့၏။

ခေါင်းတစ်ခုလုံး မူးိုက်ပေါက်ကွဲသွားသလိုပင်

အမြင်အာရုံတွေပြာဝေမှောင်မည်းသွားသည်။

နာကျင်တာလား. . . ရွှယ်ရူးမေ့မျောသွားခဲ့သည်လား။

ထိုစဉ် လက်နှစ်ဖက်ကြားထဲမှာ သူမခြောက်ခနဲ ကျွံပါသွားပြန်၏။ ငါသတိမလစ်သေးပါလား။

ဟင့်အင်း. . . သတိလစ်ပါစေ တစ်ခါတည်း ဒီနေရာမှာသေဆုံးခွင့်ပေးပါ။

ရွှယ်ရူး ထိုလက်များထဲမှ ရုန်းကန်မိသည်လား ငြိမ်းဆန်မိသည်လား။

" ရွှယ်ရူး ဟုတ်လား ဒီမှာငါ့ကိုကြည့်စမ်း "

ကြည့်နိုင်းပေမယ့် ပြာဝေနေဆဲမျက်လုံးတို့က မျက်ရည်ပူတို့ဖုံးလွှမ်းနေပြန်ကာ ဘာဆိုဘာမှမမြင်

" မင်းလိုမိန်းကလေးမျိုးက ငါနဲ့နေရာဝင်လုတာ မိုက်တာပဲ ရွှယ်ရူး မိုးကောင်းကင်ဆိုတာ မင်းနည်းနည်းမှ မကြားဖူးဘူးလား"

" ရွှယ်ရူး. . . ရွှယ်ရူးကိုလွှတ်ပါ ရွှယ်ရူးတကယ် ဘာမှမသိခဲ့ပါဘူး. . . တကယ်မသိတာပါ "

" ဘာမသိတာလဲ မင်း သူ့ဇော့ကိုမြင်တော့ ပုန်းရကွယ်ရမှန်းသိနေခဲ့တာ ညာချင်သေးလို့လား "

" အဲဒါ "

" တိတ်စမ်း "

သူမက ဆောင့်ခါချသည်။

ဒီတစ်ခါ ရွှယ်ရှူးပစ်လဲကျမသွားအောင် ထိန်းရင်း အခန်းဆောင့်ထိ ဒယိမ်းဒယိုင် ရောက်သွားလေသည်။

နိုးရိမ်စိတ်နှင့် ဗိုက်ကိုပွေ့ပိုက်ထိန်းရင်း ဒဏ်ရာနှင့် လဲကျမသွားအောင် ထိန်းမိသည်။

ရွှယ်ရှူး ဗိုက်ထဲမှာ ကိုယ်ဝန်နဲ့ပါ။

အလွန်ဂရုစိုက် ယုယတတ်သော ဦးစက်ကို တမ်းတမိသည်။

ထို့နောက် ခါးသီးနာကျင်စွာ အံကြိတ်ထားမိသည်။

ရိပ်သည် မောင်ဖေငယ်လို အနစ်နာခံမည့်သူဆိုပါလျှင် သူမဟာ ဒိုင်းခင်ခင်လို အဖြည့်ခံပေးဆပ်ရမည့်သူလေး။

ဤသည်မှန်ခဲ့သော မိုးကောင်းကင်သည် အချစ်ကိုတစ်ဦးသာ ပိုင်ဆိုင်ခံနိုင်လိုချင်သော စုဖုရားလတ် ဝင်စားခဲ့သည်သာ။

✿ ✿ ✿ ✿ ✿

# အခန်း (၂၉)

ကားသံဝေါခနဲကြားလိုက်သဖြင့် ဒီတိုင်းငုတ်တုတ်ထိုင်စောင့်နေသည့် ရိပ်ကပျာကယာ နောက်လှည့်ကြည့်လိုက်မိ၏။

ကားတစ်စီး ကွေ့ဝင်လာပုံက တကယ့်ကို အကြမ်းဗရမ်း။

ဘေးလမ်းကလေးပေါ် ဘီးတစ်ဖက်တင်၍ ခပ်စောင်းစောင်းရပ်ထားသည့် ကိုယ့်ကားကိုအပြစ်လွတ်ပါ့မလားဟု စိုးရိမ်မိသွားသော်လည်း ဘာမှပြင်ဆင်ချိန်မရခဲ့။

ကားက ဒလကြမ်းတိုးဝင်လာကာ အနားကနေပွတ်ကပ်ကွေ့ချသွား၏။

လမ်းဘေးကျင်းချိုင့်တွေထဲမှာ ခုန်ပေါက်ဆောင့်ခါလျက် လွန်သွားမှ လမ်းပေါ်ပြန်တက်သည်။

ရိပ် မျက်စိတစ်ဆုံး လိုက်ကြည့်နေရင်း အံ့ဩလို့မဆုံး။

ကားပေါ်က လူရိပ်ကို မှန်တွေကြောင့် သေချာမမြင်ရပေမယ့် ယောကျ်ားတစ်ယောက်မောင်းသွားတာကို သိလိုက်သည်။

ဘာတွေအရေးတကြီးဖြစ်သွားမှန်း တွေးလို့မရဘဲ သက်ပြင်းသာချမိ၏။

နာရီတစ်ချက်ငုံ့ကြည့်ပြီး ကိုယ်နဲ့အတူပါနေတတ်သည့် MP 4 ကို ထုတ်လိုက်သည်။

သတိရလိုက်တာ ရွှယ်စုးရယ်။

သီချင်းသံလေးပျံ့လွင့်လာတော့ ရင်ထဲမှာ ထုံထိုင်းဆွေးမြေ့သွား၏။ ဒီသီချင်းကိုမှ နားထောင်ချင်ပါသည်ဟု ပူဆာခဲ့သော ရွှယ်စုးရင်ထဲကို သူနားလည်ခဲ့၏။

ကာမပိုင် ခင်ပွန်းရှိနေပြီဆိုပေမယ့် သံယောဇဉ်အရင်းခံနှင့် အားကိုးခင်တွယ်စိတ်က သူ့အပေါ်မှာ နိုင်မြဲနေဆဲ။

လက်ရှိဘဝမှာ ရွှယ်စုး မပျော်ပိုက်ရှာတာလည်း ခန့်မှန်းမိ၏။ ချစ်တော့လည်း ချစ်နေပြန်သတဲ့။

ဆုပ်လည်းစူး စားလည်းရူးဆိုသော ဘဝမျိုးနဲ့လား။

" ဟင် "

ရှေ့ကလမ်းကလေးကို မျက်စိအရောက်မှာ အတွေးစတို့ ပြတ်တောက်ကုန်လျက် ရိုပ်ခါးမတ်မတ်ဖြစ်သွားသည်။

စတီယာရင်ကို တစ်ဖက်ကဆုပ်ကိုင်ထားရင်း တစ်ဖက်က တံခါးကိုလည်း အဆင့်သင့်ဖွင့်ထားပေးလိုက်၏။

မိုးကောင်းကင်ပြန်လျှောက်လာပုံက အသွားတုန်းကလို စတိုင်ကျကျမဟုတ်တဲ့ ခြေလှမ်းကျဲကျဲ ဆက်တောက်တောက်။

ပခုံးအောက်ထိ ကွေးကောက်ပြန့်ကျနေသော ဆံပင်ကိုဘေးနှစ်ဖက်မှ လုလုပပ သိမ်းလှန်ထားသည့် ကျောက်ဆံထိုးတစ်ဖက် ပါမလာတော့ဘဲ ထိုဘက်က ဆံပင်တချို့ ဖရိုဖရဲ အုပ်ကျနေ၏။

" တောက် "

တံခါးကို စိတ်ရှိလက်ရှိ ဆွဲဖွင့်ဆောင့်ထိုင်ကာ တက်ခေါက်သံပါ ကြားလိုက်ရ၏။

ဒိုင်ဘာမှ မပြောတဲ့ ကားကိုအသာလေးနောက်ပြန်ဆုတ်ခဲ့သည်။

ပြန်ပိတ်ဖို့မေ့ကာ ဒီတိုင်းလှမ်းချထားလိုက်မိသည့် MP 4၏ တေးသံက နားထဲမှာ ငြိမ့်ငြိမ့်လေး တိုးဝင်နေဆဲ။

𝄞 မောင်ဖေငယ်နဲ့ ရင်နင့်စရာဖြစ်ပုံဆန်းကြယ်... ဘယ်လိုအဖြစ်မျိုးနဲ့မှ... ယှဉ်မရနိုင်ဘူးကွယ်... ချစ်သူအလှအတွက် ဘဝရှင်ရဲ့အတွက် အသက်ကိုပင်စတေးခဲ့လေတယ်... 𝄞

✿ ✿ ✿ ✿ ✿

# အခန်း (၂၆)

ပါးပြင်တစ်ဖက်မှာ သွေးခြည်ဥကျန်ခဲ့သည့် လက်ဖဝါးရာက မပျောက်မပျက် ထင်ကျန်ခဲ့၏။

ထိုအပေါ်မှ မညှာမတာ ဖြတ်စီးကျနေသော မျက်ရည်ကြောင်းတို့က မစဲဘဲရှိရာ ထိုမျက်နှာလေးကို စက်ဘယ်လိုမှ မကြည့်ရက်နိုင်။

" ရွှယ်စုးရယ် "

ဒရင်းဘတ်ပေါ်မှာ ပုံ့ပုံ့လေးခွေခေါက်နေသည့် ရွှယ်စုးကိုယ်လေးကို သူသိမ်းကျုံးပွေ့ပိုက်လိုက်မိသည်။

သတိရနေပြီဖြစ်ပေမယ့် မျက်လုံးမဖွင့်ဘဲနေခဲ့သော ရွှယ်စုး၏ မျက်ရည်စိုလွှမ်းနေသည့် မျက်တောင်ဖျားလေးတွေက လှုပ်လှုပ်ခတ်ခတ် ရှိနေကြ၏။

" ကိုယ့်ကိုခွင့်လွှတ်ပါ မင်းကို တစ်ယောက်တည်း အကြာကြီး

ထားခဲ့မိတာ ကိုယ့်အမှားပါ ရွှယ်ရှူးရယ် ဒီမိန်းမ ဒီလောက်ထိရက်စက်တတ်မှန်း သိရက်နဲ့ ကိုယ်သတိလစ်သွားတာ ''

အထပ်ထပ်တောင်းပန်ရင်း ကိုယ်တိုင်ကြေကွဲနေမိတာ ရွှယ်ရှူး ပါးပြင်လေးကို တယုတယ ပွတ်သပ်ပေးမိသည်။

ဆံစလေးတွေကို သပ်တင်ပေးမိ၏။

ထိုအခါ ရွှယ်ရှူးမျက်တောင်တွေ ပိုမိုလှုပ်ခတ်လာရင်းမှ မျက်ဝန်းတွေ တဖြည်းဖြည်းဖွင့်လာသည်။

မျက်ရည်တို့ပြည့်ဝိုင်းလျက် အလိမ့်လိမ့်ဆင်းကျသွားပြီးမှ

'' ဦးစက် ''

'' ဟင် ရွှယ်ရှူး. . . ပြောလေ ပြောပါကလေးရယ် နစ်နာခဲ့ပြီးတဲ့ မင်းကိုမှ ကံကြမ္မာက ဒီလိုထပ်ရက်စက်ခဲ့တယ် အဲဒါကိုယ့်ကြောင့်ပါ ကိုယ့်ကြောင့် မင်းနစ်မွန်းခဲ့တာ ဘာပြောချင်သလဲ ကြိုက်သလိုပြောအားရအောင် အပြစ်တင်စမ်းပါ ''

'' ဟင့်အင်း ''

ရွှယ်ရှူး ခေါင်းခါရင်း အင့်ခနဲ ရှိုက်သည်။

'' မပြောဘူး ရွှယ်ရှူးမှာပဲ အပြစ်ရှိတာ ရွှယ်ရှူးကို ထားခဲ့ပေးပါနော် ပြီးတော့ ရိဂ်ကိုရှာပေးပါ ရွှယ်ရှူးရဲ့ဒုက္ခကို သူကူညီနိုင်မှာပါ ရွှယ်ရှူးကို သနားရင်လွှတ်လပ်ခွင့်ပေးပါ ဦးစက်ရယ် ''

" ရွှယ်ရူး "

" မပြောပါနဲ့ သူ့ကို ရွှယ်ရူးကြောက်တယ် နောက်ထပ်တစ်ကြိမ် ဆိုရင် သေရမယ်ထင်တယ် "

ရှိုက်ငင်ငိုကြွေးနေသော မိန်းမလှလေးကို ပွေ့ဖိုက်ရင်း စက်မျက်ဝန်းမှာပါ မျက်ရည်ဝဲခဲ့မိသည်။

မခံချင်သော ချုပ်တီးထားရသော

ကိုယ်မမှားခဲ့တဲ့ အမှားဖြစ်ခဲ့ရသည့် ကြိတ်မနိုင်ခဲမရ မျက်ရည်ပဲ ဖြစ်လေသည်။

" မင်းဘာမှ မဖြစ်ရဘူး ရွှယ်ရူး မင်းကို ကိုယ်ကာယ်သူလက်ထဲ မှလည်း မထည့်လိုက်နိုင်ဘူး သုံးရက်ပဲ လိုတော့တယ်။ အဲဒါကိုမင်း စောင့်ပေးပါ "

" မလိုက်ပါရစေနဲ့တော့ နိုင်ငံခြားသွားရင်တောင် သူအလျှော့ ပေးမှာမဟုတ်ဘူး ဒီဘဝမျိုးမှာ ရွှယ်ရူးဘက်က ဘာမှရင်ဆိုင်နိုင်စွမ်း မရှိပါဘူး ရွှယ်ရူးကို သနားရင် လွှတ်လပ်ခွင့်ပေးပါဦးစက်ရယ် နော်"

စက် ခေါင်းတွင်တွင်ခါ၍ တစ်ကိုယ်ကောင်းဆန်စွာ ဖက်တွယ် ထားမိသည်။

တကာယ်မလွယ်ဘူးဆိုတာ သိနေပေမယ့် မစွန့်လွှတ်နိုင်။

မိုးကောင်းကင်ကို မကြောက်ပေမယ့် ရွှယ်ရူးကို ငဲ့၍ပဲ သူ

တတ်နိုင်သမျှ ဖုံးကွယ်ရှောင်ရှားခဲ့သည်။

နလုံးသားချင်း ခွေမျိုးမတော်ခဲ့သော်လည်း ပတ်ဝန်းကျင်လူမှု ရေးနယ်ပယ်အရ

ဥပဒေရှိခဲ့သည့်အတိုင်း အနေအထားမျိုးဖုံး ရှုထောင့်မျိုးစုံက ကြည့်တော့ မိုးကောင်းကင်ဘက်မှာ အခွင့်အရေးတွေ ရှိနေသည်။

ထို့ကြောင့် ဘာမှမပတ်သက်တော့ဘူးဆိုတာ သိနေပေမယ့် သူ့ဘက်မှာ မသင့်တော်တာလေးတွေ ရှိနေခဲ့သည်။

တကယ်တော့ ရှောင်မှ ပိုဆိုးသွားတာဖြစ်၏။ အစကတည်းက တည့်တည့်ရင်ဆိုင်ခဲ့လျှင် ဒီလိုဖြစ်နိုင်ဖို့မရှိ။ ရှောင်ခဲ့မိတော့ ရှောင်တဲ့သူဟာ အပြစ်ကျူးလွန်ခဲ့သလို အလိုလိုဝန်ခံလိုက်တာနှင့် တူသွားသည်။

ထိုအချက်ကြောင့် မိုးကောင်းကင် ထင်တိုင်းကြသွားခဲ့၏။

သူ့အချိန်မီ မရောက်ခဲ့သဖြင့် ရွယ်စူးကြမ်းပေါ်မှာ ပုံလဲနေခဲ့ သည့် မြင်ကွင်းက မရှုမလှ။

ဘာကိုမှ မဆင်ခြင်မိတော့လည်း သူ့ရိုက်ချက်တစ်ချက်ကြောင့် မိုးကောင်းကင်ပို၍ ဈေ့ဈေ့ခုန်သွားသည်။

" မင်းက အပြစ်လုပ်ခဲ့ပြီး တို့ကို ဒီလိုနည်းနဲ့တောင်းပန်လိုက် တာပေါ့ ဟုတ်လားစက် "

မာနပြင်းပြင်းက မိုးကောင်းကင်သူ့ရှေ့မှာ မျက်ရည်တစ်စက်မှ

မကျခဲ့ပေ။

ပါးပြင်ကို ယောင်ယမ်း၍ပင်မစမ်းဘဲ လက်သီးနှစ်ဖက်ဆုပ်၍ ရဲရဲရင့်ရင့် ရှေ့တိုးသည်။

" မင်း ဒီကိစ္စကို ရပ်မလား မရပ်ဘူးလား "

" ရပ်ဖို့ရှိတယ် အဲဒါခင်ဗျားနဲ့ပတ်သက်ခဲ့သမျှ. . . "

" ဘာ "

" ဒီမှာ မိုးကောင်းကင်၊ ဒီပုံစံ နောက်ထပ်ခင်ဗျားစော်ကားကြည့် မင်းစက်ရာ လူမသတ်ဘူးလို့ အာမ မခံဘူး အဲဒါ အချစ်ကြောင့်။ ကျုပ်ဘဝမှာ ကျုပ်အချစ်ဆုံးက တစ်ယောက်ပဲ။ သူ့ကို ခင်ဗျားနောက်ထပ် ထိကြည့် ဒီနေ့ကစပြီး ခင်ဗျားနဲ့ကျုပ် ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ဖို့ စိန်ခေါ်တယ် ခင်ဗျားလုပ်ကြည့်လိုက် "

" ဟား . . . ဟား. . . ဟား "

နာကျင်စွာရယ်လိုက်သံက နားဝင်ဆိုးဝါးလှ၏။

" စိန်ခေါ်တယ် ဟုတ်လား ဟား. . . ဟား၊ မိုးကောင်းကင်ကို မင်းက စိန်ခေါ်တာလား မင်းလူမိုက်ပဲ မင်းစက်ရာ ဟွန်း. . . မင်းက လူသတ်ခဲ့ရင် မိုးကောင်းကင်က စက်တိုင်ထိ တက်ရဲတယ်ဆိုတာ မှတ်ထားစမ်းပါ ငါ့ရဲ့ အတွေ့တွေထဲမှာ အချစ်ကြောင့် ကြောင်တောင်တောင်အစွဲတွေ ဘာမှမပါဘူး ယောကျ်ားတစ်ယောက်အတွက်နဲ့ ငါဒီလောက်

မဖျင်းဘူးစက် အရှုံးမပေးချင်တာ ချန်ရစ်ထားခဲ့ရတဲ့ ဘဝကို မလို ချင်တာ မင်းက ဘာလဲ ငါက ဘာလဲ မင်းလိုလူက 'ဆောရီး' လုပ်သွား တာ ငါလိုမိန်းမက ခေါင်းငုံ့ခံဖို့ လိုသလား ''

သူမလေသံက ချက်ချင်းထသတ်တော့မလို ကြာလေအေးစက် မာကြောလာခဲ့လေ။

'' ငါဘယ်တော့မှ မရှုံးဘူး အဲဒါ မင်းစောင့်ကြည့်လိုက် ''

'' လုပ်ကြည့်ပါ ခင်ဗျားကို ကျွပ်ပြောပြီးသား ရွှယ်စူးကို ခင်ဗျားသိကြည့် ''

'' မင်းက အရင်းကနေ ခုတ်လှဲဖို့ကြိုးစားရင် ငါကမြေကြီးကို တူးပြီး အမြစ်ပါနှုတ်ပစ်မှာ စောင့်ကြည့်လိုက်စမ်းပါ ငါက မိုးကောင်းကင် ''

ထွက်ခွာသွားသည့် ခြေသံဖြစ်သည် သူလှည့်မကြည့်ပါ။

မေ့မျောနေသော ရွှယ်စူးကို ပြေးပွေ့ ဆရာဝန်ခေါ်။

ရွှယ်စူး သတိရချင်း ခံကြိတ်မိ မျက်ရည်ဝေ့မိ။

ကိုယ့်ကိုကိုယ် ဘာကောင်ဖြစ်နေပြီမှန်းလည်း မသိတော့။

မိုးကောင်းကင်နဲ့သူကြားက ဘာမှန်းမသိခဲ့သော ပတ်သက် နေခြင်းတစ်ရပ်ကြောင့် ရှင်းမရအောင် ဖြစ်လာခဲ့ခြင်းကို ဘယ်လိုမှ မခံစားနိုင် တကယ်ဆို မိုးကောင်းကင်ဟာ သူ့အပေါ်ဘယ်တုန်းကမှ

အနိုင်ယူ စိုးမိုးနိုင်ခဲ့တာ မရှိ။

သူကလည်း မိုးကောင်းကင်ဆိုသည့် မိန်းမတစ်ယောက်ကို ခေါင်းထဲထည့် အလေးထားခဲ့တာမဟုတ်။

ခုကျမှ ချစ်မိတာအပြစ်တစ်ခုလား။

သူ့တစ်ဘဝလုံးမှာ မိုးကောင်းကင်မှလွဲ၍ တခြားတစ်စုံတစ်ယောက်ကို ရွေးချယ်ခွင့်မရှိတော့ဘူးလား။

စက် အံကြိတ်သည်။ မဖြစ်မနေ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်၏။

အင်အားလိုနေတာက ချစ်သူ၏လက်တစ်ဖက်ပဲ ဖြစ်၏။

ထိုလက်ကလေး သူ့လက်ထဲကနေ ရုန်းဖယ်ပျောက်ကွယ်သွားခဲ့လျှင်။

✿ ✿ ✿ ✿ ✿

# အခန်း (၂၇)

အရက်တွေတစ်ခွက်ပြီးတစ်ခွက် ငှဲ့လိုက်မော့လိုက်နှင့် ရေချိန်လွန်နေပြီဖြစ်သော ရိုပ်ကို သုတက စိုးရိမ်သည့် မျက်လုံးများနှင့် ကြည့်လာ၏။

နောက်ထပ် ပုလင်းကိုကိုင်လိုက်တော့ ထိုလက်ကို သုတက ဖယ်ချပစ်လိုက်၏။

" ရိုပ် . . . မင်းသောက်နေတာ အရှိန်းတွေနော် ဝိုင်ချိုမဟုတ်ဘူး တော်ပါတော့ အရက်တွေအလွန်အကျွံသောက်ပြီး ဒုက္ခဖြစ်လိမ့်မယ် "

သူ့ဆီ ဖုန်းဆက်ခေါ်ပြီး လာလိုက်ရတာ။

ကားနဲ့အတူထွက်လာကြတော့ စားသောက်ဆိုင်ကြီးငယ်တွေ ကော်ဖီဆိုင်တွေအားလုံးကို ချန်ထားကျော်ဖြတ်ခဲ့သည်။

တကယ့်လမ်းသွယ်လမ်းကြားလေးထဲက အခန်းကျဉ်းကလေးနဲ့ ရောင်းနေသည့် အရက်ဆိုင်ရှေ့ကျမှ ကားရပ်၏။

ဆိုင်ကလေးက ကျဉ်းပေမယ့် အပြည်းကတော့ အစုံရသည်၊ ပြီးတော့ နေ့လည်ခင်းကြီးမို့ လူလည်းရှင်းနေသည်။

စားပွဲသုံးပိုင်းရှိနေပြီး လူတစ်ယောက်မှမရှိ။

မင်းဘာလုပ်မှာလဲမေးတော့ 'သောက်ချင်လို့'ဟု ဖြေသည်။

သူနဲ့ရိုပ် ပြန်လည်ဆုံဆည်းခဲ့သည့်နေ့ကလည်း ဒီလိုပဲ အထိမ်းအမှတ်ဟု သတ်မှတ်ကာ ဘီယာအတူ သောက်ခဲ့ဖူးသည်။

သည်တုန်းကလည်း ရိုပ်အလွန်အကျွံသောက်တာပဲ ဖြစ်သည်။

ဒါပေမဲ့ ဒီလိုအဖြူအရိုင်းတွေမဟုတ်တော့ သူစိုးရိမ်တာလည်း ဒီလောက်မဟုတ်ခဲ့ပေ။

ပုလင်းနှစ်လုံးကိုရော ဖန်ခွက်ကိုရော စားပွဲအစွန်းကို တွန်းပို့ပစ်လိုက်ပြီး ရိုပ်ပခုံးကို သူကိုင်လှုပ်ခေါ်သည်။

" ရိုပ် "

" နေစမ်းပါ ဘယ်မှာလဲ ငါ့ဖန်ခွက် ပုလင်းရော "

ရိုပ်က ခေါင်းကိုအနိုင်နိုင်ထူ၍ ပုလင်းရှာသည် လက်က ဖန်ခွက်ဆီလှမ်း၏။

" ဟာ. . . ပြောနေတာလည်း နည်းနည်းပါးပါး ဂရုစိုက်ဦးကွာ

မနက်ဖြန်ဆို ခရီးထွက်ကြရမှာ မင်းဖက်ကျိုးအောင်လုပ်မနေနဲ့လေ"

" ဖက်ကျိုးနေလည်း တစ်ညပေါ့ကွာ မနက်ဖြန် ထနိုင်ပါတယ် ငါဒီည ဒီ. . . မှာ. . . အေ့. . . မြန်မာပြည်မှာ. . . နောက်ဆုံး. . ."

" မင်းကွာ ဘယ်တော့မှ ပြန်မလာရမှာကျနေတာပဲ ဘာလဲ မြန်မာပြည်ကို မခွာနိုင်တာလား "

မျက်လုံးမဖွင့်ဘဲ လက်က စားပွဲပေါ်မှာ မီသမျှလိုက်စမ်း ပွတ်သပ်နေကာ ရိုပ်က ခေါင်းခါနေသည်။

အာလေးလျှာလေးနှင့် စကားပြောရ မလွယ်သော်လည်း သုတ ပြောသမျှကို သူကြားသည်။

အားလုံးကို နားလည်နေ၏။

" ငါ. . . ငါ့ဘဝထက်ပိုပြီး ချစ်ရတဲ့သူတစ်ယောက်ကြောင့် အေ့ "

စကားမဆုံးဘဲ စားပွဲပေါ်သို့ နဖူးက ဒုတ်ခနဲဆောင့်၏။

ပြန်၍ထူမတ်ဖို့ ကြိုးစားနေသည့်သူ့အဖြစ်ကို စိတ်မသက် မသာကြည့်ကာ သုတ ရှုံ့မဲ့ခေါင်းယမ်းနေလေသည်။

" သု. . . တ "

" ဟင်. . . ပြော ငါရှိတယ် ပြောချင်တာပြောကွာ နားထောင် ပေးမယ် ထပ်မသောက်နဲ့တော့ "

သုတ ခေါင်းကုတ်၍ ပြောသည်။

" ငါရွှယ်စူးကို သိပ်ချစ်တယ် "

" မဖြစ်နိုင်တာ ရိုပ်ရာ မင်းကလည်း ဒါတွေပဲ အပ်ကြောင်းထပ်နေပြီ "

" ဟုတ်တယ် ငါ. . . ငါက ရယူလိုခြင်းနဲ့ တမ်းတနေတာ မဟုတ်ဘူး ငါလေ. . . အော့ . . . သူ့ကို ထားခဲ့ရမှာ စိတ်မချဘူး "

မျက်ကြောတွေစင်းကျလျက် သုတမျက်နှာကိုငေးကြည့်ရင်း ဝေဝါးသော အမြင်အာရုံထဲမှာ ရွှယ်စူးထိုင်နေသည်ဟု မြင်သည်။

ပြီးတော့ ရွှယ်စူးငိုနေ၏။

မဟုတ်သေးဘူး။

မျက်လုံးတွေကို ဖိမှိတ်ခေါင်းခါလိုက်တော့ သုတ၏ပုံရိပ် ပြန်ပေါ်လာသည်။

" ရိုပ် မင်းကိုယ့်စိတ်ကို ပြန်ထိန်းဦး "

သုတက ရိုပ်ဘယ်လောက်ထိ ကြေကွဲနေသည်ကို သိသည်။

ရင်ထဲမှာ ဘာတွေဖြစ်နေမှန်းလည်း သိ၏။

ထို့ကြောင့် ကရုဏာဒေါသတို့နှင့် မျက်နှာသစ်ရှုံ့မဲ့စိတ်ပျက်နေပေမယ့် မျက်နှာမလွှဲနိုင်။

ရွှယ်စူးဆိုသည့် နာမည်ဟာ ရိုပ်နှုတ်များမှာသာ ရှိခဲ့တာမဟုတ်။

ရိပ်၏ ရင်ထဲမှာ အချိန်တိုင်း ရှိခဲ့သည့်ရွှယ်စူး။

" ငါ့မှာ ချစ်သူရှိတယ် "

" ငယ်ငယ်လေးကတည်းက အခိုင်အမာဖွဲ့တည်ခဲ့တဲ့ သံယောဇဉ်တွေနဲ့ ဖြစ်ခဲ့တဲ့အချစ် "

" အဖေလည်းမရှိတော့ဘူး ဒါပေမဲ့ ငါကြိုးစားရမယ် အဲဒါ ရွှယ်စူးအတွက် "

" မိုးကောင်းကင်ဆိုတဲ့ အမျိုးသမီးက အတ္တတစ်ခုနဲ့ နာမည်ကြီးခဲ့တဲ့ မိန်းမ "

" ငါအဲဒီမှာမနေဘူး ပြီးတော့ ရွှယ်စူးအတွက် ငါမကြိုးစားလို့ မဖြစ်ဘူး "

အထက်တန်းကျောင်းမှာ ရှစ်တန်းထိ အတူတက်ခဲ့ဖူးသည့်မို့ ရွှယ်စူးကို သုတလည်း သိသည်။

မထင်မှတ်ဘဲ အခု ရိပ်နဲ့သုပြန်ဆုံကြတော့ ကွဲကွာခဲ့ကြသည့် အဖြစ်တွေကိုပါ ကြားခဲ့ရသည်။

" ရွှယ်စူးကို မတွေ့တွေ့အောင် ငါရှာမှာ ဒါပေမဲ့ ငါ့လက်ထဲမှာ ရွှယ်စူးအတွက် ပြည့်စုံအောင် စုဆောင်းထားပြီးဖြစ်နေဖို့ လိုသေးတယ် "

" မင်းကလည်း ရွှယ်စူးက အဲဒီအချိန်မှာ အိမ်ထောင်တွေ

ဘာတွေကျနေရင် ဘယ်လိုလုပ်မလဲ " လို့တောင်သူ သတိပေးခဲ့သေးသည်။

" အခြေအနေအချိန်အခါကိုတော့ ငါမသိဘူး၊ ဒါပေမဲ့ ရွယ်ရူးသူ့ဆန္ဒအလျောက် အိမ်ထောင်ပြုသွားဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး အဲဒါကို ငါယုံကြည်တယ် ရွယ်ရူးနဲ့ ငါ့ရဲ့ သစ္စာတရားကို ငါတို့နှစ်ယောက်ပဲ သိကြတာ "

ဟု ပြောခဲ့သူ။

နောက်တော့ ရိပ်ခေါင်းငိုက်စိုက်ကျခဲ့ရှာသည်။

" သူ့ကို ငါပြန်တွေ့ခဲ့ပြီ သုတ "

" သူအိမ်ထောင်ကျနေပြီ "

" ဒါပေမဲ့ သူစိတ်ဆင်းရဲနေတယ်ကွာ "

" သူဘာဖြစ်နေနေ ရွယ်ရူးကို ငါပစ်မထားနိုင်ဘူး "

ရွယ်ရူးနဲ့ ပတ်သက်သမျှ သူသိခဲ့ရသည်။

ထို့ကြောင့်လည်း၊ အစက ခပ်ပေါ့ပေါ့ပဲ ပြောခဲ့မိသည့်သဘောလိုက်ဖို့ကိစ္စကို အတည်ဖြစ်အောင် သူကြိုးစားခဲ့၏။ သို့သော်

အများတကာ အပတ်တကုတ်ကြိုးစားခဲ့မှ လိုက်ခွင့်ရတာကို သူအလွယ်တကူလိုက်ရဖို့ သေချာခဲ့တာတောင် ရိပ်က ဝမ်းသာအားရ သိပ်မရှိ။

" မင်းက သဘောသားဖြစ်ရမှာကိုတောင် ဝမ်းနည်းနေသေးလား "

" မဟုတ်ပါဘူး ငါကြိုးစားရမယ့် အောင်မြင်မှုတွေက ပန်းဝင်ကြိုးပျောက်နေခဲ့လို့ " တဲ့။

ရိုပ်သည် ဘဝကိုရော အနာဂါတ်ရည်ရွယ်ချယ် အားလုံးကို ရွယ်ရူးအတွက်သာ ပုံအောပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့သည့်သူ။

ရိုပ်၏ အဖြစ်ဝဒ္ဓိကို ပြန်တွေးရင်း သုတသက်ပြင်း ချလိုက်မိသည်။ သူလည်း သောက်ထားသည်ပါပဲ။

ဒါပေမဲ့ ရိုးရိုးလေးပဲ မူးနေတာဖြစ်သည်။

ရိုပ်ကတော့ အလွန်အကျွံသောက်ထားပြီး အချစ်နှင့်ရော၍ ကျွမ်းစိုင်းအောင် မူးနေပြီဖြစ်၏။

" သုတ မင်းရှိနေသေးလား "

ခေါင်းစိုက်ပေမယ့် ရိုပ်ကသတိမလစ်။

" ရှိတာပေါ့ မင်းနားက တစ်ဖဝါးမှ မခွာသေးဘူး ထပါကွာ ပြန်ရအောင် မင်းအတွက် ငါကြိုးစားထားရတာတွေ အလကားဖြစ်အောင် မလုပ်ပါနဲ့ မနက်ကျတော့ သွားလာဖို့ကိစ္စ ခေါင်းထဲထည့်ဦး "

" ထည့်တယ် မင်းကြိုးစားပေးတာကိုသိလို့ ငါကျေးဇူးတင်တာ ပြောမပြတတ်အောင်ပါပဲ ဒါပေမဲ့. . .ဒါပေမဲ့ ကွာ ငါကြိုးစားခဲ့

တာကိုတော့ ကျေးဇူးတင် ဂုဏ်ပြုမယ့်သူ မရှိတော့ဘူး ''

ခေါင်းထူရင်း ပြန်လဲကျရင်းနှင့် မျက်နှာကိုပွတ်သပ်နေတော့ နိုင်ငိုနေပြီမှန်း သုတ သိလိုက်၏။

ဩော် အရက်သောက်ထားသူတွေ ငိုလွယ်၊ ရယ်လွယ်တယ်ဆိုတာ ဒါမျိုးပဲလား

'' စိတ်ကို ကြံ့ဖန်ဖြေဝမ်းပါကွာ၊ ဘာဖြစ်လို့ပဲ ရွေးရွေး သူ့ရဲ့ ဘဝကြင်ဖော်ကို သူကိုယ်တိုင်ရွေးသွားခဲ့ပြီပဲဆိုတော့ ကောင်းတာကတော့ သူကံကြမ္မာပေါ့ မင်းဒီလိုရည်းနဲ့ မီးလောင်ပြာကျသေသွားတော့ရော သူ့ကို ဘာများကူညီနိုင်မှာလဲ ''

သုတပြောတော့ ခေါင်းသာမကာဘဲ နိုင်၏ ကိုယ်ကြီးပါ ထူမတ်လာခဲ့သည်။

'' မကူညီနိုင်ဘူး အေး. . . ဟုတ်တယ် ဒါပေမဲ့ ရှယ်စူးတစ်ယောက်တည်း ငါ. . . ငါမထားရက်ဘူး သူ ဒုက္ခရောက်ရင် ဘယ်သူ့ဆီ ပြေးမလဲသုတ. . . ဟင်၊ သူ့ကို ဘယ်သူကရင်ဖွင့်ကြိုဆိုမှာလဲ ''

'' သူ့ယောက်ျားက သူ့ရဲ့ကယ်တင်ရှင်ပေါ့ကွာ ခက်တာပဲ ''

'' ဟုတ်တယ် အေ့. . . အဲဒါက ခက်နေတာ သူ့. . . သူ့ယောက်ျားဆိုတဲ့ကောင်က ဘာကောင်မှန်း ငါမသိရဘူး ဒါပေမဲ့ သူ့ကို အဲဒီကောင်က စိတ်ချမ်းသာမှု မပေးဘူးကွ ''

နိုင်။

ခရီးသွားရဖို့တစ်ရက်။ တစ်နာရီ ပို၍ နီးကပ်လာလေ ရင်ထဲမှာ လောင်မြိုက်ခြင်းအဟုန်က ပိုမိုပြင်းထန်လာလေ။

ရွှယ်စုးကို နှုတ်ဆက်ချင်သည်။

သူ ထွက်ခွာရပေမယ့် ရွှယ်စုးအတွက် အမြဲအဆင်သင့်ဖြစ်နေတဲ့ သံယောဇဉ်တွေကို ပြောပြဖွင့်ချရင်း ခွဲခွာပေးခဲ့ချင်သည်။ ပြီးတော့

' ငါတို့ဆက်သွယ်နိုင်တယ် ဘယ်လိုစကားပြောကြမယ် ' ဘာညာစသော အကြောင်းအရာတွေ

' ငါဘယ်မှာ ပြောခဲ့ရမလဲ ဘယ်သူ့ကို မှာခဲ့ရမလဲ ရွှယ်စုးရယ် "

သူ့မှာ ရွှယ်စုးဘယ်ရောက်နေမှန်းမသိလေ ရှုးချင်လာလေ။

တကယ်ဆို အကွေ့အကောက်အလှည့်အပတ်တွေ များလွန်းသည့် ကံကြမ္မာကို သူမယုံသင့်။

ရွှယ်စုးဘယ်မှာနေလဲ၊ ဘယ်လိုဆက်သွယ်မလဲဆိုတာ လောက်တော့ မရမကမေးခဲ့ဖို့ကောင်းသည်။

တစ်ယောက်အကြောင်း တစ်ယောက် မစွက်ဖက်ကြေးဆို ပြီးပြီပေါ့၊ ခုတော့

ကားမောင်းနေသည့် သုတဘောမှာ ကျရှင်ကိုနှို၍ ရိုပ်တက်ခေါ်က်

သည်။ မျက်လုံးမဖွင့်ဘဲ မျက်ရည်ကျနေ၏။

တကယ်ဆို အိပ်ပျော်သွားပါတော့လား။

✿ ✿ ✿ ✿ ✿

# အခန်း (၂၈)

" မင်းစိတ်ချပါ မင်းအပေါ်မှာ ငါအကြိမ်ကြိမ်အခါခါ အခွင့်အရေးယူခဲ့ပြီးပြီ အခု ပြဿနာတွေဖြစ်ရတာလည်း သူ့ဘက်ကအစပြုခဲ့တာ ကိုယ့်ကြောင့်ပါပဲ အဲဒီအတွက် ထပ်ပြီးအမှားအယွင်းမဖြစ်အောင် ကြိုးစားပါ့မယ် မြန်မာပြည်မှာကျန်ခဲ့တဲ့လုပ်ငန်းကိစ္စအားလုံး မင်းဖြစ်စေချင်သလို တသွေမတိမ်းဖြစ်စေရမယ်လို့ ကိုယ်ကတိပေးပါတယ် "

အားလုံးဆွေးနွေးလွှဲပြောင်းပြီး ထရပ်ကြတော့ လက်ဆွဲနှုတ်ဆက်ရင်း ဦးရန်အောင်က လှိုက်လှိုက်လှဲလှဲပြောသည်။

စက်ခေါင်းညိတ်၍ပဲ အသိအမှတ်ပြုနိုင်သည်။

ဦးရန်အောင် တကယ်သစ္စာတရားနဲ့ ပြောနေသည်ဖြစ်စေ၊ အပေါ်ယံ ပြီးပြီးရော ကတိတွေပေးနေတာပဲဖြစ်ဖြစ်သူ့ဘာမှ မတတ်နိုင်တော့သည့်အဖြစ်မှာ မျက်နှာလွှဲသွားဖို့က ဆုံးဖြတ်ပြီးသား။

နိုင်ငံခြားမှာ ပညာတော်သင်လည်း နေဖူးသည်။

စီးပွားရေးနယ်ပယ်ထဲလည်း ဝင်တိုးခဲ့ဖူးသည်။

ထို့ကြောင့် လုပ်ငန်းရှင် မိတ်ဆွေအတော်များများနှင့်လည်း ရင်းနှီးကျွမ်းဝင်ပြီးသား။

ရွှယ်စုးကို ဟိုင်းကတိုးတက်ပြည့်စုံအောင် ထားနိုင်ဖို့သူ့မှာစွမ်းအား တွေ အပြည့်ရှိသည်။

မြန်မာနိုင်ငံက စီးပွားရေးကတော့ အမြတ်ကိုမမျှော်လင့်။ အရင်း ပဲ ကျန်ရင်တောင် ကျေနပ်ရမှာပါ။

ထိုကိစ္စများကြောင့် သူ့မှာ နောက်တစ်ရက်တစ်ပတ်ထပ်နေဖို့ စိစဉ်ခဲ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။

အခြေအနေက မြန်မာပြည်ကနေ ဖုတ်ပူမီးတိုက် ထွက်မှဖြစ် မည်မို့

" ကျွန်တော် သွားမယ် "

ဦးရန်အောင်က ခေါင်းညိတ်ကာ စာရွက်စာတမ်းအားလုံးပါ သည့် အိတ်ကိုဆွဲကာ ကားနားထိလိုက်ပို့၏။

" အားလုံးအဆင်ပြေပါစေ "

ကားစက်နှိုးရင်း စက်ကခေါင်းညိတ်ပြလိုက်၏။

ရွှယ်စုးကို စိတ်မချသည်မို့ ကားကိုအရှိန်မြှင့်မောင်းခဲ့သည်။

နာရီကိုကြည့်တော့ ညနေငါးနာရီ။ ရွယ်ရူးအတွက် လိုအပ်တာ ဝယ်ဖို့ဘာလိုသေးလဲ စဉ်းစားရင်းကားကို အရှိန်လျှော့ချလိုက်မိသည်။

ဘာလုပ်လုပ်ရွယ်ရူးအတွက်ပဲ စိတ်ထဲမှာရှိကာ အိမ်တန်းပြန်ရမလား။ ပလာဇာဝင်၍ ရွယ်ရူးအတွက် လိုအပ်မယ်ထင်တာတွေ ဝယ်ဖို့သွားမလား စဉ်းစားသည်။

ရွယ်ရူးကတော့ သူ့ကိုပဲ မျှော်နေမှာဖြစ်သည်။

'ကွဲပေးပါ ကွာပေးပါ 'ဟု ငိုယိုပူဆာလာတိုင်း 'မနက်ဖြန်ဒီကသွားကြတော့မှာ ' 'တော်ကြာ ထွက်တော့မှာ 'စသည်ဖြင့် သူနှစ်သိမ့်ချော့မော့ခဲ့ရသည်။

ရွယ်ရူးခမျာလည်း လွတ်မြောက်ခွင့်မရသည့်အတူတူ ဤနည်းဖြင့် လွတ်လပ်ဖို့ကိုသာ မျှော်လင့်နေလိမ့်မည်။

ထို့ကြောင့် ဆုံးဖြတ်ချက်က  အိမ်ပြန်ရန်ပဲ ဖြစ်သွား၏။

ကားကို အိမ်သို့ဦးတည်မောင်းခဲ့စဉ်

မျက်လုံးထဲမှာ ဘေးလမ်းကြောင်းကနေ ဝိုက်တက်လာသည့်ကားတစ်စီးကြောင့် စတီယာရင်ကို ဘေးသို့ခွဲချပစ်လိုက်ရ၏။

သို့သော်

" ဟာ "

" ကျွီ "

သူရှောင်သည့်အတိုင်း ကပ်ဖိပါလာသောကားကြောင့် နှစ်စီးလုံး ပူးလျက်သားနှင့် လမ်းဘေးသို့ ထိုးဆင်းသွားလေသည်။

ဘရိတ်အုပ်၍ ရပ်သွားကြတော့လည်း ပြိုင်တူ။

“ တောက် ”

ဒီဘက်မှာ စာသင်တိုက်တစ်ခု၏ ဝင်းတံတိုင်းကြီး။ ဒီဘက်မှာ တော့ ကားကလမ်းပိတ်လျက်

တံခါးဖွင့်သာရုံလေးရှိတော့သည့်အဖြစ်ကြောင့် စက်ဒေါသဖြစ် သွားကာ တက်ခေါက်လိုက်မိသည်။

“ ဟဲ့. . . ဟဲ့ ဆောရီး ”

တစ်ဘက်ကားပေါ်မှ မချိုမချဉ်မျက်နှာများနှင့် ဆင်းလာ ကြသည်။ စက်ကားပေါ်ကဆင်းတော့ ဘေးနှစ်ဖက်မှ သူတို့က ပိတ်ရပ်ပြီး

“ ဘာလဲ ကိုယ့်လူ မကျေနပ်ဘူးလား ”

မျက်နှာကိုတည့်တည့်ကြည့်၍ ရန်စသလိုမေးတော့ စက်ဒေါသ မထိန်းနိုင်။

“ ဟုတ်တယ်။ တမင်ဆိုတာ ကျေနပ်စရာမှ မဟုတ်တာ ”

အုပ်စုနဲ့မို့ အရှုံးပေး တက်ခေါက်ပြန်ဖို့လည်း စိတ်မကူး။ ထိုသူ တို့မျက်နှာကို ခွပ်ခနဲ ထိုးချလိုက်၏။

သို့သော် စက်ထိုးပစ်လိုက်သည့် လူ၏မျက်နှာ လန့်ထွက်သွား

သလို " ခွပ် "ခနဲ အသံတစ်ချက်နှင့်အတူ ခေါင်းထဲမှာ ကြယ်ရောင်စုံ ဖြာထွက်သွားကြ၏။ နောက်ကနေ ရိုက်ချလိုက်ပြီမှန်း သိလိုက်သည်။

ပြန်လှည့်ဖို့ ကြိုးစားသော်လည်း မိုက်ခနဲပြာဆင်းသွားသည့် အာရုံတို့က ဘယ်လိုမှ အဖတ်ဆယ်လို့မရတော့ဘဲ ဝက်လဲကျသွားခဲ့၏။

ထိုတစ်ခဏဟာ ရှုယ်ရုံးနဲ့သူ ထာဝရခွဲခဲ့ရခြင်းသာ ဖြစ်မှန်း အနည်းငယ်မျှပင် မသိနိုင်ခဲ့ပဲရှိရှာ။

✿ ✿ ✿ ✿ ✿

" မင်းကွာ လင်နဲ့မယား လျှာနဲ့သွားပဲ သူ့အိမ်ထောင်ရေး အဆင်မပြေတဲ့အချိန် ရင်ဖွင့်တာကို မင်းက တစ်လျှောက်လုံးအတွက် သပ်ရွဲထားလို့ ဘယ်ရမလဲ သူ့ယောကျ်ားနဲ့သူ အဆင်ပြေနေလို့ သူမင်းကို သတိမရတဲ့အချိန် မင်းက ဒီမှာအရက်ကြောင့် လောင်မြိုက်နေရပြီ "

သုတ ဘယ်လိုပြောပြော ရိုပ်ကလက်မခံ။

ကားပေါ်ကို သုတ မရမက ဆွဲခေါ်တွန်းတင်နေသည်အထိ ရိုပ်ခေါင်းမထူနိုင်ပေမယ့် ပါးစပ်ထဲမှာ ရွှယ်စုးက မချ။

" ချစ်တယ် ရွှယ်စူးရယ် "

" ငါဘယ်တော့မှ ပြောခွင့်မရတော့ဘူး "

" နင်နဲ့ငါ တကယ်ဝေးကွာရဖို့ တစ်ညပဲလိုတော့တာ သိရဲ့ လား "

သူတတွတ်တွတ်ပြောနေရင်း စကားသံတို့ တိတ်ကျသွား၏။

သုတကြားအောင် မပြောနိုင်တော့ပေမယ့် ရင်ထဲမှာပြောင်းဆန် နေဆဲ။ ရွှယ်စူး ဒုက္ခရောက်နေရတာကို သူ့စိတ်မှာခံစားမိနေသည်။

ဒါပေမဲ့ ဘာဆိုတာကိုမသိ။

သူ့ရှေ့မှာ ကျခဲ့သော မျက်ရည်စက်တို့ဟာ သုတပြောသလိုလင်နဲ့ မယား၊ လျှာနဲ့သွားဆိုတဲ့ မျက်ရည်မျိုးမဖြစ်နိုင်တာကို သိနေသဖြင့် ရွှယ်စူးနှင့်ပတ်သက်သော ဥပေက္ခာတရားကို ပီပြင်အောင် သူမထားခဲ့

" ဘယ်လိုပြောတယ် ဦးစက် "

ရွှယ်စူးမျက်နှာလေးမော့လာပုံက တကယ့်ကိုမထင်မှတ်ခဲ့သော စကားကို ကြားလိုက်ရသလိုမျိုး။

" တကယ်ပြောတာ မင်းကို ကိုယ်ပြောခဲ့သားပဲ အားလုံးနဲ့ ဝေးတဲ့တစ်နေရာထိ မင်းကိုခေါ်သွားပြီး ကိုယ့်အချစ်တွေနဲ့ နွေးထွေး လုံခြုံစေမယ်ဆိုတာလေ "

" ဦးစက် တကယ်ပြောတာလားဟင် "

" တကယ်. . . ရွှယ်စူးလိုက်မလို့လား "

" အင်း "

အလွယ်တကူပဲ ခေါင်းညိတ်လိုက်မိပြီး အတိုင်းအဆမရှိ ပျော်သွားခြင်းကို ဘာနဲ့နှိုင်းဆပြရမှန်းမသိ။

ရင်ထဲမှာ ဘာရယ်မဟုတ်တဲ့ လွတ်လပ်ခြင်းကို လိုချင်တောင့်တ စိတ်ကြောင့် အတိုင်းတာမဲ့ ပျော်သွားခဲ့၏။

နိုင်ငံခြားမှာပဲဖြစ်ဖြစ်၊ ဘယ်ကိုဖြစ်ဖြစ် ရွှယ်စူး ဒီလိုဘဝမျိုး ကနေ လွတ်မြောက်ဖို့ကိုသာ မျှော်လင့်မိသည်။

" ရွှယ်စူးရယ် ကိုယ်ရယ် ကိုယ်တို့ရလာမယ့် ကလေးလေး ရယ်. . . အဲ နောက်တစ်ယောက်ပြီးတစ်ယောက် ထပ်မွေးလာမှာတွေ ရော "

## အခန်း (၂၉)

ရင်ထဲမှာပူပူလောင်လောင်ကြီးဖြစ်လာသည်မို့ လူးလွန့်ရင်း အိပ်ရာထဲကနေ မျက်လုံးတွေ ပွင့်လာခဲ့၏။

ရေသောက်ချင်နေသည်က ပြင်းထန်နေသဖြင့် ရိုပ်လူးလဲထသည်။ ခေါင်းထဲက တဆစ်ဆစ်ကိုက်ခဲလျက် အသားတွေပါ တုန်နေ၏။ အရက်သောက်မိတိုင်း သူဒီလိုပဲဖြစ်၏။

နာရီကိုလှမ်းကြည့်တော့ ရှစ်နာရီတောင်ထိုးနေပြီ။ စားပွဲတင် နာရီလေး၏ အဏုမြူမီးရောင်များကြောင့်သာ မြင်နေရတာဖြစ်ကာ သူ့ အခန်းထဲမှာ မီးပင်ဖွင့်မသားခဲ့မိ။

သူတပဲ ပြန်အိပ်သွားတာဖြစ်သည်။

မမပိုး သူ့ကိုဒေါသဖြစ်နေပြီလားမသိ။

ခရီးသွားတော့မှာမို့ လွတ်လပ်ခွင့်တွေပေးထားတာကို အခွင့်

အရေးယူနေပြီထင်သည်။

တကယ်ဆို မမိုးက တစ်ကိုယ်တည်းနေတဲ့သူဖြစ်၏။

သူသောက်စားပြန်လာဖို့ မကောင်း။

အခန်းထဲကို ဘယ်လိုပြန်ရောက်နေခဲ့မှန်း မသိပေမယ့် သူတ ပြန်ပို့ချိန်မှာ မမိုးရှိနေ၍သာ ဒီထဲထိ ရောက်နေတာက သေချာ၏။

တွေးရင်း မမိုးကိုသနားစိတ်က အမူးတွေပင်ဘယ်ရောက် ကုန်မှန်းမသိတော့။

မီးအရင်ထဖွင့်လိုက်ပြီး ရေသောက်သည်။

ထိုစဉ်မှာပင် တံခါးခေါက်သံကြားလိုက်ရသည်။

" ရိပ် "

" ဗျာ. . . လာပြီမမိုး "

သူခေါင်းကို ခပ်ဆတ်ဆတ်ခါပစ်လိုက်ပြီး ဆံပင်တွေကို လက်နဲ့ ဖိသပ်ချသည်။

ဝတ်ထားသည့် အင်္ကျီကို ကြယ်သီးစုံအောင်ပြန်တပ်ပြီး ကိုယ်ကို ကပျာကယာပြေပြစ်အောင် ပြုပြင်ပြီးမှ တံခါးဖွင့်လိုက်၏။

" ဘယ်နှယ့်လဲ အမူးပြေပြီလား "

" ဗျာ. . . ဟို. . . ကျွန်တော် "

တံခါးဝမှာ လက်ပွေ့ပိုက်၍ မှီးကောင်းကင်က မောင်ငယ်လေး

တစ်ယောက်လို ချစ်စနိုးကြည့်ပုံမျိုးနှင့် ဝေမြိုးပြုံးကြည့်၏။

" မင်းကို သုတဆိုတဲ့ ကောင်လေးခေါ်လာခဲ့တာ အရှိုက်ကြီး ပြတ်ပဲ "

သူ့မှာ အားနာပါသည်ဆိုမှ ဝိုင်းမြင် မျက်နှာပူသွားမိလျက်။

" အဲဒါ ကျွန်တော်တောင်းပန်ပါတယ်မမမိုးရယ်. . . ဟို "

" ထားလိုက်ပါတော့ မင်းက မနက်ဖြန် ခရီးရှည်ထွက်တော့ မယ့်သူပဲ ဒီလိုနှုတ်ဆက်ပွဲမျိုးတော့ ရှိမှာပေါ့ အခုတော့ နေလို့ထိုင်လို့ ကောင်းသွားပြီလား "

ရိုပ်က မျက်နှာခပ်လွှဲလွှဲနှင့် ပြုံး၍

" ဟုတ်ကဲ့. . . ကောင်းသွားပါပြီ "

" မညာပါနဲ့ကွာ ခေါင်းတွေတော့ မူးနေဦးမှာပါ ဒါမှမဟုတ် ကိုက်ချင်ကိုက်နေဦးမယ် ဟုတ်ရဲ့လား "

ရိုပ်အံ့ဩသလို မော့ကြည့်တော့ မိုးကောင်းကင်က ဟွန်းခနဲ ရယ်၏။

" တို့သိတာပေါ့ရိုပ်ရယ် တို့လည်းသောက်ဖူးတာပဲ သူဆိုရင် တို့ကို အတိုက်အခံကိုပြောဖို့ မူးလာမှပြောချင်ဆိုချင်တာတွေ ဖွင့်ချဖို့ ဒီလိုပဲ လူမှန်းမသိ သူမှန်းမသိ ခဏခဏသောက်လာတတ်တာ. . . ကဲ လာ အမူးပြေအောင် တို့သံပရာရည် ဖျော်တိုက်မယ် လိုက်ခဲ့ "

မိုးကောင်းကင်က လှည့်ထွက်သွားသည်။

ရိပ် မျက်မှောင်ကုတ်၍ ရပ်နေမိဆဲ။

" အဲဒီအမျိုးသမီးဘေးမှာ မင်းကြည့်နေနော် လူပြောသူပြောခံရဦးမယ် သိပ်ကိုအတွေ့ကြီးတဲ့မိန်းမကြီး မင်းစက်ရာခိုတဲ့လူဘာဖြစ်သွားလဲ နည်းနည်းပါးပါး နားစွင့်ထားဦး "

သူတလည်း သတိပေးဖူး၏။

" ဟော့ . . . ဘာလုပ်နေတာလဲ လာလို့ဆို "

ညည့်ခန်းနားကနေ လှမ်းခေါ်တော့မှ သူခပ်လေးလေး ထွက်လိုက်ခဲ့မိသည်။

မိုးကောင်းကင်ဖျော်ပေးသည့် သံပရာရည်က တကယ်စွမ်းပါသည်။

သူမကြောင့် အမူးပြေချင်သလိုလို ဖြစ်ခဲ့သည့် ခေါင်းထဲမှာ အတော်လေး သာသာယာယာ ဖြစ်သွားခဲ့၏။

" ဘယ့်နှယ့်လဲ "

ဟု သူမမေးတော့ ရိပ်ခေါင်းညိတ်၍ ပြုံးပြမိသည်။

" တို့ ဒီလိုပြုစုတတ်ပေမယ့် သူကတော့ ပြုစုမခံခဲ့ပါဘူး အခုလိုမျိုး တို့ကကမ်းပေးရင် ယူသောက်ခဲ့တာမရှိဘူး ဂရုလည်း မစိုက်ဘူး "

ဝီးရောင်ဖွေးဖွေးထိန်နေသည့်အောက်မှာ အပြာပွင့်ခက်များပါသည့် ဖဲခြုံလွှာလို ညဝတ်အင်္ကျီရှည်ကြီးနှင့် မိုးကောင်းကင်၏ ပုံစံက အဝတ်အကြောင်းတို့ဆီ ဦးတိုးပြန်ဝင်လိုသလားမသိ။

ရိပ် နာရီကို လှမ်းကြည့်ပြီး ထရပ်လိုက်ပြီး

" ကျွန်တော် သွားအိပ်တော့မယ် မမိုး "

မိုးကောင်းကင်က ဖျတ်ခနဲလှည့်လာ၍

" နေပါဦး ခုမှ ရှစ်နာရီတောင် မခွဲသေးဘူး တစ်ညနေလုံး အိပ်ထားတာပဲဟာ ချက်ချင်းပြန်အိပ်လို့ ရမှာလည်းမဟုတ်ဘဲနဲ့ "

တည့်တည့်ပြော၍ တားလိုက်တော့ ရိပ်ပြန်ထိုင်လိုက်ရ၏။

မိုးကောင်းကင်က သူ့ရှေ့မှာဝင်ထိုင်လိုက်ပြီး သက်ပြင်းချသည်။

" မင်းဒီအချိန်မှာ အိပ်ရာထဲမှာပဲ ခွေနေချင်မှာကို တို့သိတယ် ဒါပေမဲ့ အရေးကြီးတဲ့ စကားပြောစရာရှိလို့ အကူအညီလည်း တောင်းချင်တယ် မင်းနဲ့မှဖြစ်မှာမို့လို့ ဆိုပါတော့ "

" ဗျာ "

ရိပ်က နားမလည်။

မိုးကောင်းကင်က ဆက်ပြော၏။

" မသွားခင်ပေါ့ မင်းတို့ကို တစ်ခုတော့ ကူညီခဲ့ပါ "

" ဘာလဲ မမိုး ပြောပါ တတ်နိုင်တာဆို ကျွန်တော် ကူညီပါ့

မယ် ''

မိုးကောင်းကင် ရိပ်ကပြင်းလိုက်မှာစိုးသည့်မျက်နှာနှင့် ကြည့်၍

'' မင်းတတ်နိုင်ပါတယ် ဒီည စက်နဲ့တို့ရှင်းစရာ ကိစ္စရှိနေလို့ပါ '' ဟု အစချီလိုက်သဖြင့် ရိပ်အံ့ညြသွား၏။

'' ရှင်းလင်းကြဖို့မှာ ဟိုမိန်းကလေးလည်း ပါမယ် တို့သူနဲ့ အဓိကရှင်းချင်တာ အသက်တွေလည်း မငယ်ကြတော့ဘူးလေ ဒီလိုတအုံနွေးနွေးနဲ့လည်း ဘယ်တော့မှ ပြီးဆုံးနိုင်တော့မှာ မဟုတ်ဘူး တို့ကြားထဲက အတွဲကြီးတဲ့ မိန်းမကြွပ်းကိုဖြစ်နေတာ ''

မိုးကောင်းကင်မျက်နှာဟာ ဒီလိုကျတော့လည်း သနားစရာမယ်ဖြစ်နေ၏။

ရိပ်ဘာမှမပြောဘဲ နားထောင်နေလိုက်သည်။

'' သုံးယောက်ဆုံပြီး တို့သူဆုံးဖြတ်ထားတဲ့အတိုင်းပဲဖြစ်စေမှာပါ နောက်တစ်ချက်က အဲဒီမိန်းကလေးကို တို့စကားပြောကြည့်ချင်တယ် အရှုံးပေးရမယ်ဆိုရင်တောင် ကိုယ့်ပြိုင်ဘက်ကို လက်ဆွဲနှုတ်ဆက်ရဲတဲ့ သတ္တိ တို့မှာရှိတယ် အဲဒါ မင်းယုံထား ''

ရိပ် ခေါင်းညိတ်လိုက်တာတော့ မဟုတ်ပါ။

ဒါပေမဲ့ စိတ်မဝင်စားသော ကိစ္စတစ်ခုကို ဘယ်သူမှန်မှန်၊ ဘယ်သူမှားမှား ဝေဖန်စဉ်းစားဖို့ ခေါင်းထဲမှာ မရှိ။

" ပြောလေ ကျွန်တော်က ဘယ်အပိုင်းက ဝင်ပေးရမှာလဲ မမိုးတို့အိမ်ထောင်ရေး အဆင်ပြေဖို့ဆိုရင် ကျွန်တော်ကူညီပါ့မယ် သူများအတွင်းရေးကို ထဲထဲဝင်ဝင် စွက်ဖက်ပေးရတာ မဟုတ်ဘူးဆို ပြီးတာပါပဲ "

" လုံးဝမဟုတ်ဘူး. . . အင်း သုံးယောက်ဆုံကြမှာဆိုတော့ ဆက်ကြမလား ပြတ်ကြမလားဆိုတာ မသေချာဘူးပေါ့ ဒါပေမဲ့ ဘာဖြစ်ဖြစ် ရှင်းလိုက်ကြတာပဲ ကောင်းပါတယ် ဒီလိုတအုံနွေးနွေး တို့ မခံစားနိုင်တော့ဘူး "

ရိုပ်ကခေါင်းညိတ်၏။

တွေ့ဆုံရှင်းလင်းကြမယ်ဆိုတာက သဘာဝကျနေသည်။

သူ့ရင်ထဲမှာလည်း နေ့လည်က အရက်တွေမူးလာခဲ့မိသည့် ကိုယ့်အပြုအမူအတွက် အားနာနေမိသည်ဖြစ်ရာ ဒီကိစ္စကိုတော့ ကူညီဖို့ ဆုံးဖြတ်လိုက်မိ၏။

" မမိုးယောကျ်ားကကော ခွေးနွေးဖို့သဘောတူလား "

မင်းစက်ရာဆိုသည့်ယောကျ်ား အချစ်သစ်တွေ့နေသည်ဆိုတာ တကယ်ဟုတ်မဟုတ် သူတစ်ခါမှ မမေးခဲ့ဘူးပါ။

မိုးကောင်းကင်ဒီကိစ္စအတွက် လှည့်ပတ်စုံစမ်းနေတာကို သိသည်။ သူ့ကို အသုံးချမှာစိုး၍လည်း မွင့်မွင့်လင်းလင်းပြောပြီး

သူရှောင်ထွက် နေခဲ့တာဖြစ်သည်။

ခုတော့ ထိုကိစ္စကသေချာသွားပြီပဲဟု တွေးမိလိုက်၏။

" မျက်နှာဆုံညီရှင်းဖို့ကို ပြောတာပါ သူက သဘောတူပါ့မလား ကျွန်တော်က ဘယ်လိုကူညီရမှာလဲ "

ရိုင်က စိတ်ပါလက်ပါ မေးလာတော့ မိုးကောင်းကင်ကျေနပ်စွာ ပြုံးလိုက်သည်။

သူမလိုချင်တာ ဒါပဲဖြစ်၏။

" အဲဒီတစ်ယောက်နဲ့ဆွေးနွေးမှုဖြစ်မယ်လို့ ယူဆတာက တို့ဆန္ဒပါ ဒါပေမဲ့ ဒါဖြစ်သင့်တာပဲလေ သူသဘောမတူလို့ ဘယ်ရမလဲ ဒါ့ကြောင့်လည်း သူ့ကားကိုတောင်ပေးထားတာ မင်းကူညီရမှာက အဲဒီတစ်ယောက်ကို သွားခေါ်ပေးရုံပဲ "

" ဗျာ "

ရိုင်ခေါင်းထောင်သွားသည်။

နားထဲမှာ အစီအစဉ်မကျဘဲ ကန့်လန့်ကြီး ဝင်သွားခဲ့၏။

" သူက သူ့အမျိုးသမီးကို ခေါ်လာရုံပဲ မဟုတ်ဘူးလားမမိုး ကျွန်တော်က သွားခေါ်ဖို့ဆိုတာ "

" သူပဲနိုင်းတာပါကွာ သူ့ကားကို မင်းမောင်းသွားရုံနဲ့ အားလုံးပြေလည်ပါတယ် သူကိုယ်တိုင် ခေါ်တင်လာပြီး တို့နဲ့ဆုံပေးတာကျတော့

သူ့အတွက် တစ်မျိုးဖြစ်နေလို့ နေမှာပေါ့ "

ရိပ်ဘာမှ မပြောနိုင်ဘဲဖြစ်သွားပေမယ့် တစ်မျိုးကြီးဖြစ်သွား၏။

" ကဲ. . . အချိန်လည်း မရှိတော့ဘူး ဘယ်လိုလဲ ခေါင်းညိတ်မှာလား ခေါင်းခါမှာလား "

နာရီကြည့်၍မေးတော့ ရိပ်အံ့ဩသွားပြန်သည်။

" ဘာ. . . ခုလား မမမိုး "

" အင်းလေ ဒီကိစ္စကိုရှင်းတာ ဒီအချိန်မကောင်းဘူးလား တို့ဘက်က ပိုင်ဆိုင်သူမို့လို့ ပြဿနာမရှိဘူး မင်းသွားမှာလာမှာနဲ့ မနိုင်းချင်ဘူး "

ရိပ်မျက်နှာမကောင်းဘဲ ဖြစ်သွားတာကို မိုးကောင်းကင်က အကဲခတ်၍

" တို့မှာ နိုင်းဖို့လူတွေရှိပါတယ် ဒါပေမဲ့ ဒီကိစ္စမျိုးဖြစ်နေလို့"

ရိပ်က မိုးကောင်းကင်စကားမဆုံးခင် ခေါင်းညိတ်လိုက်ကာ

" ကျွန်တော်ခေါ်ပေးပါ့မယ် မမမိုးလိပ်စာပြောလေ "

" မင်းသိပါတယ် သူ့ကော့ကိုပို့ပို့ပေးနေတဲ့လမ်းပဲ ခြံနံပါတ်က (----)"

ရိပ်နေရာမှ ထရပ်လိုက်တော့ ခေါင်းထဲမှာ မူးဝေဝေဖြစ်သွား၏။

" ကျွန်တော် ခုပဲပြန်ထွက်ခဲ့မယ် "

" အိုခေ "

ရိပ်ထွက်သွားသည်နှင့် မိုးကောင်းကင်နှုတ်ခမ်းလွှာတို့မှာ လျှို့ဝှက်ကောက်ကွေးသော အပြုံးနှင့် ပန်းနုစ်ဖက်ပါ ကျုံ့လှုပ်သွား၏။

ရှေ့မှာ ဘာမှမရှိဘဲ ရန်သူကောင်ကြီးတစ်ယောက်လို စူးရဲအေးစက်စွာ စိုက်ကြည့်နေသလို ဖုန်းကိုတော့ မကြည့်ဘဲ ကောက်ကိုင်သည်။

ရိပ်က ဂျင်းဘောင်းဘီနှင့် မိတ်ကပ်ရောင်စပို့ရှပ်ပေါ်မှာ ဂျင်းဂျက်ကက်ထပ်ဝတ်ထား၍ ပြန်ထွက်လာခဲ့၏။

အလုပ်တစ်ခုခုလုပ်ဖို့ထွက်ပြီဆို သူ့မှာဆိုးနှင့် သိပ်မထွက်ဖြစ်ပါ။ ညည့်ခန်းပြန်ရောက်လာတော့ မမိုးမရှိတော့ဘဲ အသင့်ချပေးထားသည့် ကားသော့ကိုပဲ တွေ့၏။

သော့ကိုကောက်ယူပြီး တံခါးဆီလှည့်လိုက်ပြီးမှ နာမည်မေးဖို့ သတိရ၏။

သူက ဘယ်လိုနာမည်မေးပြီး ခေါ်ရမှာလဲ။

မမိုးလည်း မေ့သွားသလားမသိ။

သော့ကို လက်တစ်ဖက်က ဆုပ်ထားကာ မမိုးကို ဟိုဒီလိုက်ကြည့်ရင်း နောက်ဖေးတံခါးထိ ရောက်ခဲ့သည်။

တိုက်က ဝရန်တာ လေးခုနှင့်ဖြစ်ကာအပေါ်ထပ်၊ အောက်ထပ်

ရှေ့နောက် လေးဖက်လုံးမှာ ဝရန်တာတွေရှိသည်။

နောက်ဖေးမှာတော့ ပေါ်တီကိုလို ပုံစံထုတ်ကာ ပန်းအိုးများနှင့် ခြံခတ်၍ ဝရန်တာလည်းဖြစ်အောင် စီစဉ်ထားတာဖြစ်၏။

စကားပြောသံသဲ့သဲ့ကြောင့် တံခါးနားမှာ သူရပ်တန့်သွားမိသည်။

တံခါးက အနည်းငယ်ဟနေသဖြင့် မမိုးရောက်နေမှန်း သူသိလိုက်သည်။

ခြံစောင့်ကြီးနဲ့စကားပြောနေတာလား။

ဖုန်းပြောနေတာလား။

ရုတ်တရက် အသံပေးလိုက်ဖို့ အခက်တွေ့နေခဲ့။

" အခုပဲသွားတော့မှာ "

" . . . . . . . . . "

" အေး. . . ပါလာတာမြင်တာနဲ့ ဝေးဝေးကို ပထုတ်သွားပြီး ရှင်းပစ်လိုက်တော့ "

" . . . . . . . . . "

" သေချာပါစေ ငါစီစဉ်ပေးတဲ့အတိုင်း တစ်သွေမတိမ်းလုပ်ဒါပဲ "

ရိုင်မျက်လုံးပြူးသွား၏။

ဒါပဲဆိုသည့်စကားသံအဆုံးမှာ ကိုယ်ဘာလုပ်ရမည်ကို ဦးနောက်က ချက်ချင်းသတိပေး၏။

သူ လှုပ်ခနဲ အခန်း၏ထောင့်ကွယ်ကို ပြေးဝင်လိုက်သည်။ ထို့နောက် ဧည့်ခန်းဆီ ရောက်အောင်ပြေးသွား၏။

သော့ကို စားပွဲပေါ်အပုံလိုက်ပြန်ချ၍ ခြေသံကို စောင့်လိုက်၏။

" ဟော့ ရိပ် မင်းခုထိ မသွားရသေးဘူးလား "

မိုးကောင်းကင်က အံ့ဩသလို မလိုလားသလို မျက်နှာနှင့် သော့တွဲနဲ့ ရိပ်ကိုတပြန်စီကြည့်သည်။

ရိပ်က ဆံပင်ကိုအကျအနသပ်တင်၍ ကိုယ်ကိုစမတ်ကျအောင် မြူပြင်သလို ဟိုဆွဲတင်၊ ဒီဆွဲချလုပ်ပြီးမှပြုံး၍

" အဟွန်း . . . အနံ့အသက်တွေပါမှာစိုးလို့ သန့်စင်နေတာ မမမိုးရဲ့ ရေချိုးနေရင် ပိုကြာသွားမှာလေ "

အရက်သောက်ထားတာကို ရည်ရွယ်ပြောမှန်းသိမှ မိုးကောင်းကင် မျက်နှာအနည်းငယ် ပြေကျသွားသည်။

ရိပ်က လှုပ်ရှားနေသည့်စိတ်ကို အတော်ကြီးကြိုးစားဖုံးဖိကာ သော့ကို ခုမှယူရသလိုမျိုး ကောက်ယူလိုက်၏။

နာမည်မေးဖို့ အစီကာကိစ္စကို ထပ်မေ့ပြီး တံခါးနားထိပြန် ရောက်သွားသည်။

ကားကဘယ်မှာလဲဟုတွေးမိလိုက်မှ နာမည်မေးဖို့သတိရသည်။

နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ စူးရဲဝင်းလက်နေသည့် မိုးကောင်းကင်၏မျက်လုံးများက သူ့ဆီမှာ။

တကယ် သတ်ချင်ဖြတ်ချင်နေသည့် သွေးဆာနေသော မျက်လုံးများကို သူအစကတည်းကဘာဖြစ်လို့ အကဲမခတ်မိတာလဲ။

ဘာဖြစ်လို့ ပြောတိုင်း ယုံခဲ့တာလဲ။ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်သွားမိ၏။ ကံကောင်းလို့ တစ်ပတ်ရိုက် အသုံးချတာ ခံရတော့မလို့ သိသိလေး။

မဖြစ်တော့ပါ။

ဒီမိန်းမလူသတ်ဖို့ ကြံနေပါတယ်ပြောပြီး ရဲကိုအကြောင်းကြားလိုက်သည်။

မတတ်နိုင်ပါ။ ခုပဲ သူဒီကနေ အမြီးထွက်ရွာဖို့ ဆုံးဖြတ်လိုက်၏။

ကိုယ်နဲ့မဆိုင်သည့်အရှုပ်အထွေးတွေထဲ မပါတာအကောင်းဆုံး။ လှုပ်ရှားသွားသည့်စိတ်တို့ကို တည်ငြိမ်စေပြီးမှ မိုးကောင်းကင်ကို သူ မှင်သေသေပြန်ကြည့်ကာ

" နာမည်ပြောဦးလေ မမိုး ကျွန်တော်ကဘယ်သူ့ကို ခေါ်ခဲ့ရမှာလဲ "

မေးလိုက်တော့ မိုးကောင်းကင် တစ်လှမ်းချင်း လျှောက်

ထွက်လာ၏။

" ဟုတ်တယ် ပြောဖို့မေ့သွားတာ ကောင်မလေးနာမည်က ရွှယ်ရှုးတဲ့ "

" ချွင် "

ရိုဝ်ကိုင်ထားသည့်သော့တွဲ ချွင်ခနဲ လွတ်ကျသွားလေသည်။

# အခန်း (၃၀)

ခြဝမှာ မာကျူရီမီးလုံးကြီးနှစ်လုံး တစ်ဘက်စီထွန်းထားသည်။

သို့သော် မှန်နက်တွေတပ်ထားသော မာစီဒီးကားနက်ကြီး၏ အထဲကိုတော့ လှမ်းမမြင်နိုင်ပေ။

ခြံဝမှာကားရပ်လိုက်သည်နှင့် စောင့်မျှော်နေပုံရသည့် ခြံစောင့်က ချက်ချင်းတံခါးလာဖွင့်သည်။

ဝိုင်အသံမပေးဘဲ ကားကိုအသာ ဆက်မောင်းလာခဲ့၏။

ဒါဟာ သွေးရိုးသားရိုးလှုပ်ရှားနေကြတာမဟုတ်။

အစက သူ့ဒီလိုတွေးမ်လိမ့်မည်မဟုတ်သော်လည်း ခုတော့ အားလုံးကို တွက်ကြည့်ပြီးဖြစ်သည်။

ခြံစောင့်ကလည်း ကားကိုကြည့်၍ မင်းစက်ရာဟု ထင်သော ကြောင့် တံခါးဖွင့်တာဖြစ်မည်။

သူကလည်း ကားကို အသုံးချဝင်ပြီး မင်းစက်ရာက ခေါ်နိုင်၊ သည့်ပုံနှင့် ရွယ်စူးကို ခေါ်ထုတ်သွားရမည်။

တကာယ်က မင်းစက်ရာကို သူတို့တစ်ခုခု လုပ်ထားခဲ့ပြီဖြစ်၏။

ဆန်းကြယ်လှည့်စားလွန်းသည့် ကံကြမ္မာဟာ ရွယ်စူးနှင့်သူကို နီးနီးလေးနှင့် ကျော်ချင်းကပ်လျက် မျက်ကွယ်ပြုစေခဲ့သည်။

ထို့ပြင် မိုးကောင်းကင်နှင့် မင်းစက်ရာ

မင်းစက်ရာချစ်နေသူဟာ သူ၏ သူငယ်ချင်းချစ်သူလာဖြစ်နေကာ ကိုယ့်ချစ်သူကို သေစေ၊ သတ်စေလောက်အောင် မုန်းတီးနေသူ မိုးကောင်းကင်ဟာ သူ့အလုပ်ရှင်။

အခု ရွယ်စူးကို သေတွင်းထဲတွန်းပို့ပေးရန် ဖြားယောင်းခေါ်ဆောင်ဖို့ ရောက်လာခဲ့သည့်သူဟာ သူ. . . လောင်းရိပ်ပဲဖြစ်၏။

ကားက အလွန်လှပ နန်းဆန်စွာရှိနေသော ပေါ်တီကိုမြင့်ကြီးအောက်မှာ ထိုးရပ်သွားသည်။

အထဲမှ ကြိုဆိုလာမည့် လူပ်ရှားမှု အရိပ်တစ်စုံတစ်ရာမှ ပေါ်မလာပါ။

ရိုပ်တံခါးကို အညင်သာဆုံးပိတ်ကာ စိတ္တဇဆန်သော ခြေလှမ်းတို့က လှေခါးသုံးထစ်ကို ခက်ခဲပင်ပန်းစွာ ဖြတ်ကျော်တက်ခဲ့၏။

တံခါးကို ကြည့်လိုက်တော့ စေ့ရုံပဲစေ့ထားတာ ဖြစ်သည်မို့

သူခပ်ဖိဖိ တွန်းဖွင့်လိုက်သည်။

ထိုစဉ် အတွင်းဘက်မှ သီချင်းသံသဲ့သဲ့လေးကို ကြားလာရသဖြင့် နားစိုက်ကြည့်လိုက်မိသည်။

. . . တောင်သမန်နယ်စားလေး မောင်ဖေငယ်လို အဖြစ်မျိုး။ . . . မြတ်နိုးယုယ ချစ်သူအလှဗိုင်းခင်ခင်ရယ်. . . ငယ်ပေါင်းတွေနဲ့. . . နှစ်မလိုတစ်မျိုး။ ချစ်သူလိုတစ်သွယ်. . . ရင်ဝယ်မျိုသိပ်. . . ချစ်စိတ်တွေလည်း ဖွင့်ဟပြောရက်ခဲ့တယ်. . .

နိုပ်ခြေလှမ်းတွေကို ရပ်တန့်ရမှန်းမသိ။

သူများအိမ်ဆိုသည့် အသိကပျောက်နေသည်။

သီချင်းသံထွက်ပေါ်နေသည့်အခန်းသို့ တရွေ့ရွေ့ တိုးလျှောက်ခဲ့မိသည်။

ရွှယ်ရုံးရယ်၊ နင်ပဲဖြစ်နေပါလားဟင်။

နာမည်တူမရှိနိုင်ပေမယ့် နင်မဟုတ်ပါစေနဲ့လို့ ငါဆုတောင်းခဲ့ရတာ အခုတော့ အချစ်ရေ...။

. . . ပွင့်သောပန်းတိုင်းကိုကွယ်. . . ဥယျာဉ်မှူးခြေခူးခက်လှတယ်. . . ချစ်သူအတွက် အနစ်နာခံမယ်။ မောင်ဖေငယ်ရဲ့ ရင်နှင့်စရာဖြစ်ပုံဆန်းကြွယ်. . . ဘယ်လိုအဖြစ်မျိုးနဲ့မှ မေ့မရနိုင်ဘူးကွယ်. . . ချစ်သူအလှအတွက် ဘဝရှင်ရဲ့အတွက်. . . အသက်ကိုပင်စတေးခဲ့လေတယ်။

ဖွင့်ထားသည့် တံခါးကိုတွန်းလိုက်စဉ်မှာ အသံလေးတစ်ချက် မြည်သွား၏။

ပြတင်းတံခါးပေါက်မှာ ကျောပေးရပ်နေသည့် မိန်းမလှလေးက အသက်မဲ့ရုပ်လေးလို အနည်းငယ်မျှပင် မလှုပ်။

ရိုပ်ရှေ့ဆက်တိုး၏။

သံပတ်ပေးထားသည့် အရုပ်တစ်ရုပ်လို ခန္ဓာကိုယ်ဟာ အသိစိတ်ဝိညာဉ်တို့ ကင်းမဲ့လျက် ကြောက်ရွံ့နောက်တွန့်ခြင်းကင်းစွာ တိုးသွားနေခြင်းဖြစ်သည်။

ခါးလောက်ထိ ဆံပင်တွေပြန့်ကျလည်း အနီရောင်အပွင့်နှင့် လက်ရှည်ခါးစည်းပါသော ဂါဝန်ရှည်ကို ဝတ်ထား၏။

သူမမျက်နှာမူထားသည့် တစ်ဘက်မှာတော့ လှပသော မျက်နှာလေးပေါ်မှာ မျက်ရည်စတွေ ရှိနေသည်လေလား။

ဒါမှမဟုတ်

သူ့ခြေသံကို မင်းစက်ရာဟု အတပ်ထင်ကာ အပြုံးနောက်ကျ၍ပဲ စိတ်ကောက်ကျောခိုင်းနေလေသလား။

ထိုစဉ် စားပွဲပေါ်မှာရှိနေသော ကက်ဆက်လေးဆီမှ ထွက်ပေါ်နေသော သံစဉ်လေးတွေ တိတ်ကျသွားသည်။

အတန်ကြာအောင် ဘာမှထွက်မလာတော့မှ ရှယ်ရှုးကိုယ်လေး

အနည်းငယ် လှုပ်ရှားလာသည်။

ကျောပေးရပ်နေရာမှ ဦးခေါင်းလေး အနည်းငယ် လှည့်လာ၏။ သူ့ဘက်ကို မရောက်ပါ။

ပန်းနုရောင်နှစ်ယောက်အိပ်မွေ့ရာကြီး၏ ခေါင်းရင်းမှာရှိနေသော သေးငယ်လှပသော ကက်ဆက်လေးဆီကိုသာ ဖြစ်သည်။

သူမသည် ကိုယ်လေးပါစောင်းလှည့်လာကာ ကက်ဆက်ဆီကို ဦးတည်လိုက်၏။

မျက်နှာတစ်ခြမ်းကိုတွေ့ရစဉ် ပါးဖို့လေးတစ်ဖက်ပေါ်မှ စီးလက်လက် မျက်ရည်တို့ကိုလည်း မြင်လိုက်ရသည်။

ရွှယ်ရူး

ရိပ်သိလိုက်ပါသည်။

ရွှယ်ရူး၏ စိတ်ခံစားချက်အားလုံးသည် သူမကိုယ်သူမသာမက အခန်းထဲဝန်းကျင်အကုန်လုံးကိုပါ မေ့လျော့လျက် ထိုသီချင်းသံလေးထဲမှာသာရှိနေသည်။

ရွှယ်ရူးသူ့ကို တမ်းတနေလေသည်။

ဖွေးနုလှပသော လက်ကလေးတစ်ဖက် ကက်ဆက်ဆီလှမ်းလိုက်စဉ်

" ရွှယ်ရူး "

ရွှယ်ရှုးလက်ကလေး ကက်ဆက်ကိုထိကိုင်လျက် တုံ့ခနဲရပ်တန့်သွားၿ၏။

" ဒီဘက်ကိုလာပါ။ အဲဒီသီချင်းကို ငါဆိုပြမယ် "

ဟင်

ရွှယ်ရှူးမျက်နှာလေး သူ့ထံဖျတ်ခနဲ လှည့်လာပြီး

" ရိုဝ် "

ဘယ်လိုမှ မထင်မှတ်ခဲ့သည့်မျက်ဝန်းလေး ပိုင်းပိုင်းလည်သွား၏။ ထို့နောက် ရိုဝ်ဘက်သို့ သူမကိုယ်လေး တည့်တည့်မတ်မတ်လှည့်လာ၍ ' ရိုဝ် 'ဆိုသော ခေါ်သံလေးတိုးတိုးသဲ့သဲ့လေး ထပ်မံထွက်လာ၏။

သူမ မျက်ဝန်းများမှာ အကြိမ်ကြိမ်အခါခါပြည့်တက်လျှံနေခဲ့သော်လည်း ကုန်ခမ်းသွားသည်မရှိသော မျက်ရည်တွေခိုတွဲနေခဲ့သလို

ရိုဝ်၏ပါးပြင်မှာလည်း မျက်ရည်တွေနဲ့။

" ရိုဝ် "

တုန်လှိုက်သော တတိယမြောက်ခေါ်သံလေး ပွင့်ထွက်လာပြီး ရွှယ်ရှူး သူ့ဆီပြေးဝင်လာသည်။

ရင်နှစ်လွှာ၏တွေ့ဆုံမှုက မညင်သာ။

ရွှယ်ရှူးကိုယ်လေး ယိမ်းယိုင်သွားအောင် သူဆီးမွေ့လိုက်ရင်း တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။

" ရိပ်ရယ် "

ရွှယ်ရှုးသူ့ကို ဖက်ထား၍ ရှိုက်ငိုသည်။

သူ့ရွှယ်ရှုးကိုဖက်ထားရင်း အံကြိတ်၏။

နှစ်ယောက်သား စကားမဆိုနိုင်ကြပေမယ့် ရင်ထဲမှာကျယ်လောင်စွာ ပေါက်ကွဲနေကြ၏။

ရိပ်၏ဆုံးဖြတ်ချက်တို့ ပုံ၍နိုင်မာသွားသည်။

ရွှယ်ရှုးကိုသူ ဤနေရာမှဝေးရာသို့ခေါ်၍ ပြေးတော့မည်။

သူ့နောက်မှ ထပ်ချပ်မကွာ လိုက်ပါစောင့်ကြည့်နေကြမည့် မိုးကောင်းကင်၏ လူမိုက်များလက်မှ ရွှယ်ရှုးကိုကယ်ထုတ်သွားနိုင်ဖို့ စွန့်စားရမည်။

ထိုအချိန်တွင် ရွှယ်ရှုးက သူ့ကိုရင်းပြဖို့ ကြိုးစားလာ၏။

" ငါ. . . ငါလေ. . . မင်းစက်ရာနဲ့ "

ရွှယ်ရှုးစကားမဆုံးခင် သူမကိုယ်လေးကို ရိပ်ရင်ခွင်ထဲမှ ခွာယူဆောင့်ခါ၍

" မပြောနဲ့တော့ နင်မသိတာတွေရော ငါသိခဲ့ပြီးပြီ နင်ငါနဲ့ လိုက်ခဲ့တော့ ရွှယ်ရှုး "

" ဟင် "

ရွှယ်ရှုး နှုတ်ခမ်းလေးပါပွင့်သွားသည်အထိ ရိပ်၏မျက်နှာကို

မော့ငေးလာသည်။

နိုဝ်ဘာမှ ထပ်မပြောသေးဘဲ ပြန်စိုက်ကြည့်နေသည်။

ရွှယ်ရှူး နှုတ်ခမ်းလေးကို ပိတ်ပစ်လိုက်ပြီး ခေါင်းညိတ်သည်။

နိုဝ် အံကြိတ်ရင်း ပြုံး၏။

အစကတည်းက ရှန်းထွက်လွတ်မြောက်ဖို့ ကြိုးစားပါလား။

သူနဲ့တွေ့တုန်းက ဒါတွေပြောပြခဲ့ပါတောလား။

ခုတော့ ရွှယ်ရှူးရယ်။

လူသတ်လက်နက်တွေ ကျောနောက်ကို ရောက်နေလေမှ

" သွားမယ် "

သူ ရွှယ်ရှူးလက်ဖဝါးလေးကို ဖိဆုပ်လိုက်သည်။

ထိုလက်ပေါ်သို့ ရွှယ်ရှူးက ထပ်ဆုပ်ကိုင်ကာ ရွှယ်ရှူးကိုယ်လေး သူ့လက်မောင်းပေါ် မှီနွဲ့လာ၏။

" မိုးကောင်းကင်ရဲ့လူတွေ အပြင်မှာရှိနေတယ်ရွှယ်ရှူး နောက်ဖေးက ထွက်တဲ့လမ်းရှိလား "

ရွှယ်ရှူးမျက်ဝန်းလေးတွေ ခြောက်ခြားလျက်ပြူးကျယ်ဝိုင်းစက်သွား၏။

" ဟင့်အင်း "

ခေါင်းလေးခါပြီး သူ့လက်မောင်းကို တအားကျုံးဖက်ကာ

ခေါင်းလေးခါပြီး သူ့လက်မောင်းကို တအားကျုံးဖက်ကာ

" မရှိဘူး နောက်မှာလည်း ခြတစ်ခြံရှိသေးတယ် ဘာတွေ ဖြစ်ကုန်ပြီလဲဟင် မိုးကောင်းကင် ဟုတ်လား သူက ငါ့ကိုဘာလုပ်ဦးမှာ တဲ့လဲ "

" မကြောက်နဲ့ ငါတို့ ဒီတိုင်းဖောက်ထွက်ကြမယ် လာ "

ရွှယ်ရှုးလက်ကလေးကိုဆွဲ၍ သူပြေးထွက်ခဲ့သည်။

ကားသည် ခြံဝထိ ကတိုက်ကရိုက်ထွက်လာခဲ့ပေမယ့် ဦးတိုးက တားဆီးနေသဖြင့် အပြင်ကိုမထွက်နိုင်။

နောက်ဆုံး ဦးတိုးကို မိုးကောင်းကင်၏ အကြံအစည် နှင့်လုပ်ရပ် တချို့ပြောပြ၍ မရမက ဖွင့်ခိုင်းရ၏။

ထိုအခါကျမှ အဖြစ်တွေကို သေချာသိလိုက်ရသော ရွှယ်ရှုးသည် ကားမောင်းနေသော သူ့ဘေးမှာ ပုံ့ပုံ့လေး ခွေခေါက်ပါလာရင်း

" သူက ငါ့ကိုသတ်ခိုင်းသတဲ့လား "

ဟု ပြောရင်း တရှိုက်ရှိုက်ငို၏။

" ဒီမိန်းမကြီးလက်က နပ်လွတ်အောင် ပြေးနိုင်မှာ မဟုတ်ဘူး ငါ့ကိုချထားခဲ့ပါ ရိပ်ရယ် ငါ့ကြောင့် နင်. . . "

" ဘာလို့ထားခဲ့ရမှာလဲ ငြိမ်ငြိမ်လေးနေ ငါ ရှိနေသရွေ့ နင် ဘာမှမဖြစ်ရဘူး ပြီးတော့ ရဲကိုလည်း ငါ အကြောင်းကြားထားပြီးပြီ"

ကား၏အပြေးနှုန်းက မြင့်လာသည်။

ထိုစဉ် ညဦးနက်နက် ကားရှင်းသော လမ်းမပေါ်မှာ နောက်မှ ဒလကြမ်း မောင်းလိုက်လာသော ကားမီးနှစ်လုံးကို မြင်လိုက်ရ၏။

ရှယ်စူး လက်ဖျားလေးတွေ အေးစက်ကျင်ခဲလျက် အံကြိတ်ထားပေမယ့် မရ။

ဦးစက်လည်း သူ့လက်ထဲမှာ ရောက်နေပြီ။

ရိပ်နဲ့ သူမနောက်မှာလည်း သူတို့ကပ်လိုက်လာနေပြီ။

သေခြင်းတရားဟာ အပိတ်အဆို့ အတားအဆီး ကင်းမဲ့စွာ သူမတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတော့မှာ ဖြစ်သည်။

တကယ်တော့ သူတို့သတ်ချင်နေကြတာက ကိုယ့်ကိုပါ။

မိုးကောင်းကင်ဆိုသော မိန်းမနှင့် တစ်ကြိမ်သာ ဆုံလိုက်ရသော်လည်း နောက်ထပ်ရောက်လာဦးမှာပဲ ဆိုတာလည်း အစကတည်းက သူမတွက်မိခဲ့သည်။

ထို့ပြင် မင်းစက်ရာ၏ ရင်ခွေးကို လွယ်ထားရပြီဖြစ်သော သူမအတွက် ဘယ်လိုမှ ရှေ့ဆက်မကောင်းနိုင်။

ဒါပေမဲ့ အတ္တကြီးလွန်းသော အချစ်ရူးသဘား တစ်ယောက်၏ ရန်ငြိုးကို မနိုင်မှန်းသိလျက်နှင့် ရင်ဆိုင်ဖို့ အသင့်ရှိနေခဲ့တာက ကိုယ်ဟာ သေလူအဖြစ်နဲ့ပါ။

ဒီကြားထဲမှာ ရိုဝ်က ကြားညပ်ပါနေသင့်သလား။

“ ရိုဝ် ကားရပ်လိုက်ပါတော့ ငါ့ကိုချပေးခဲ့ပါ ငါ မိုးကောင်းကင်ကို တောင်းပန်မယ် သူ့ချစ်သူကို ငါမလုဘူး ဆိုတာသိရင် သူ ခွင့်လွှတ်နိုင်မှာပါ နောက်ဆုံး သူဘာလုပ်လုပ် ငါနဲ့ပဲဆိုင်တာ နင် ဝင်မပါပါနဲ့ ကားရပ်ပေးပါ ”

ကားက အရှိန်ပိုမြင့်သွား၏။

နောက်ကကား ဒလကြမ်း လိုက်လာသည်။

“ နင် လုံးဝနေခဲ့လို့ မရဘူး ရွှယ်စူး မိုးကောင်းကင်ကို နင် ဘာမှတ်နေသလဲ သူက အနိုင်တိုက်ချင်တဲ့သူ အရှုံးပေးတာကို ကျေနပ်သွားမယ် ထင်လို့လား အခုလိုက်လာတဲ့လူတွေက နင် တောင်းပန်တာကို ယူပြီး မိုးကောင်းကင်ရှေ့ ပြန်ပို့ပေးမယ့်လူတွေ မဟုတ်ဘူး နင့်အသက်ကို ယူပြီး ဗိုက်ကြေးသွားတောင်းကြမှာ ”

ရွှယ်စူး ရိုဝ်၏ပခုံးစွန်းမှာ မျက်နှာလေး မှောက်ချ၍ တသိမ့်သိမ့် ငို၏။

ဆုပ်မှန်းမသိရလောက်အောင် တုန်ယင်ချိနဲ့နေသော လက်တို့က ရိုဝ်၏ဂျက်ကက် အနားစတစ်ဖက်ကို သတိလက်လွှတ် ဆုပ်ကိုင်ထားမိ၏။

ကား၏ပြေးနှုန်းက ညဥ့်နက်နက်မှာ ဟူးဟူးရားရား ဖြစ်နေ၏။

မာစီဒီး၏ပြေးနှုန်းကို နောက်ကားကမမီ။

ဒါမှမဟုတ် တစ်စုံတစ်ရာ ဉာဏ်ဆင်လေသလား။

ကားနှစ်စီးက အနည်းငယ် ဝေးကွာလာခဲ့၏။

" ဘယ်ကိုမောင်းနေတာလဲဟင် "

" ဘယ်ဖြစ်ဖြစ် သူတို့လက်က လွတ်ရင်ပြီးရော "

" နိုဝ် "

" ဟင် "

" ငါလေ ဟိုသီချင်းလေးကို သိပ်ကြိုက်ခဲ့တာ သိလား ငါဟာ နှိုင်းခင်ခင်လို ဘဝမျိုး ရောက်နေခဲ့မှန်း သိတယ် ဒါပေမဲ့လေ နင့်ကိုတော့ မောင်ဖေငယ် မဖြစ်စေချင်ဘူး "

ရှေ့ကိုကြည့်နေရင်း နိုဝ်က ပြုံးသည်။

သို့သော် အပြုံးမပီပြင်ခဲ့ပါ။

" သူ့ထက်မပိုရင်တောင် သူ့လိုမေတ္တာမျိုး ငါ့မှာရှိပါတယ် ရွှယ်စုးရယ် နင့်အတွက် ငါ့ဘဝကိုဖြစ်ဖြစ် အသက်ကိုဖြစ်ဖြစ် ဘာပဲ ပေးရပေးရ "

နောက်ကကားမီးရောင် ပျောက်သွားသည်။

ကားလေးက လမ်းပေါ်မှာပဲ တုံ့ခနဲ ထိုးရပ်သွား၏။

" တောက် "

မရမက အတင်းပြန်နှိုးတော့ သိမ့်ခနဲ သိမ့်ခနဲ ဆောင့်ခုန်လျက်

" ကား ဘာဖြစ်သွားတာလဲဟင် "

ရွှယ်စုး အသံလေးတွေ တုန်နေတော့ သူ ရွှယ်စုး လက်ဖဝါးလေးကို အားပေးသလို ဖျစ်ညှစ်ဆုပ်၍

" မကြောက်နဲ့ သူတို့ပါမလာတော့ဘူး ငါ ဆင်းကြည့်လိုက်မယ် "

ရှေ့နောက် ရှင်းလင်းနေသည့် လမ်းမပေါ်ကို လှမ်းကြည့်ကာ ရိုပ်က တံခါးဖွင့်ဆင်း၏။

" ရိုပ် "

ရွှယ်စုးက ရိုပ်လက်ကို အတင်းပြန်ဆွဲထားကာ

" ရိုပ်. . . နင်မဆင်းနဲ့ "

ရွှယ်စုး မျက်ရည်စက်တွေ ဖိုးဖိုးပေါက်ပေါက် ကျလာလျက် ရိုပ်ကို ကားထဲပြန်ဆွဲသည်။

" နင် ဒီမှာပဲနေခဲ့ပါ သူတို့တော်ကြာ လိုက်လာမှာပဲ ငါဒီကနေဆင်းသွားမယ် ငါ့ကိစ္စကို ငါရှင်းပါရစေ လုပ်ခဲ့တုန်းကလည်း ငါနင့်ကို တိုင်ပင်ခဲ့တာ မဟုတ်ဘူး ဒုက္ခတွေ့မှ နင် ငါ့အတွက် ဝင်ပြီးအသေခံတာ မတရားပါဘူး ရိုပ်ရယ် နှစ်ယောက်ခံရမယ့်အစား တစ်ယောက်ပဲ အနစ်နာခံပါရစေ သေတဲ့အထိ ငါကြေကွဲသွားရအောင် မလုပ်ပါနဲ့ ဒီမှာပဲ နေခဲ့ပါ "

" ရွှယ်စုး . . . "

" ဟင့်အင်း ဖယ်. . . "

ကားပေါ်မှာ နှစ်ယောက်လုံးထွေးကာ ရွှယ်စုးလက်တစ်ဖက်က ခြေထောက်နှင့် ဖိနင်းထားမိသည့် သံဂေါက်လေးတစ်ချောင်းကို ဆုပ်ကိုင်မိသွား၏။

ထုချလိုက်ဖို့ တင်းနေအောင် ဆုပ်မိပြီးမှ ရိုပ်ကို မလှုပ်ရက်သဖြင့် အံကြိတ်လိုက်သည်။

ရိုပ်ကို ရွှယ်စုး အသေမခံနိုင်။

အသက်နှင့်ဒဏ်ရာကို မလဲလို့မဖြစ်။

အသက်အောင့်ကာ ရိုပ်၏ ခေါင်းကို မှိုက်ချပစ်လိုက်၏။

" အား "

ရိုပ်၏ညည်းသံက နလုံးသားတစ်ခုလုံးကို ဓါးနှင့်ခေါင့်ထိုးပစ်လိုက်သလို ဖြစ်သွားခဲ့သည်။

သို့သော် ငါ မုန်းလို့ရိုက်တာမှ မဟုတ်ဘဲ။

အားတင်း၍ ရိုပ်ကိုခေါင့်တွန်းပစ်လိုက်သည်။

ပြီးတော့ ကားပေါ်ကနေ ပြေးဆင်း၏။

" ရွှယ်စုး မပြေးနဲ့ မသွားနဲ့လေ "

ရိုပ် ခေါင်းကို တစ်ချက်ခါထုတ်၍ အတင်းဆင်းလိုက်သည်။

သံတုတ်နှင့် ရိုက်ထားပေမယ့် အားမပါသော ရွှယ်စုး

နှိက်ချက်က ခေါင်းကို မိုက်ခနဲ မီးပွင့်သွားရုံသာ ရှိသည်။

ဘာဒဏ်ရာမှ မရ။

သူ ကားအောက်ကို ရောက်တော့ ရွှယ်ရူးက နောက်ကြောင်းကို ပြန်လှည့်ပြေးနေတာ အတော်ဝေးဝေးကို ရောက်နေပြီ။

" ရွှယ်ရူး ရပ်လိုက်စမ်း မပြေးနဲ့ "

ရွှယ်ရူးက ပို၍ အားစိုက်ပြေး၏။

" ရွှယ်ရူး နင်ဦးနှောက်မရှိဘူးလားဟင် နင့်ကိုခေါ်ထုတ်ဖို့ မိုးကောင်းကင်က ငါ့ကိုနှိုင်းလိုက်တာ ဒီကိစ္စတွေ ငါသိသွားပြီမှန်းသိရင် ငါ့ကိုကော ချမ်းသာပေးမှာ မို့လို့လား "

ရွှယ်ရူး၏ ပြေးအားလျော့ကျသွားသည်။

မှောင်နဲ့မည်းမည်းထဲမှာ ရွှယ်ရူးအရိပ်ကလေးကို မြင်လိုက်ပြီး ခိုင် တအားပြေးလိုက်ခဲ့သည်။

" ဆက်မပြေးနဲ့ လောလောဆယ် ငါတို့မှာ ကြိုးစားခွင့် ရှိသေးတယ် ဒီညကလွှန်မြောက်တာနဲ့ ဘာအခက်အခဲမှ မရှိတော့ဘူး "

ရွှယ်ရူး ရပ်တန့်သွား၏။

ပြောလာပြန်ပြီ ဒီစကား။

" မနက်ဖြန်ဆို ကိုယ်တို့ ဒီကထွက်ကြမှာ နောက်ထပ် သူနဲ့ဘာမှရှုပ်ဖို့ မရှိတော့ဘူး မင်းကို နိုင်ငံခြားခေါ်သွားပြီးတာနဲ့ သူနဲ့ကိုယ်

ပြန်ပြီး ယောဓော ရှင်းပစ်မယ် အခုကိုယ်သည်းခံနေတာ မင်းကြောင့်ပါ"

တဲ့။

ဘာဖြစ်ဖြစ် မင်းစက်ရာဟာ မိုးကောင်းကင်အောက်က လွတ်မြောက်နိုင်ခဲ့လို့လား။

'လောင်းရိပ်ဆိုသည့် ကောင်လေးကကော'

ရွှယ်စူး လွတ်မြောက်လို၍ မဟုတ်ပါ။

ရင်ခွင်တစ်ခုကို တမ်းတလိုက်မိ၍ ဖြစ်သည်။

လွတ်မြောက်ခွင့်ကို မဟုတ်ဘဲ စိတ်ချမ်းမြေ့စွာ သေဆုံးလိုခြင်း ဖြစ်တယ်။

ရွှယ်စူး နောက်ပြန်လှည့်လိုက်သည်နှင့် ရိပ် သူ့မနားကို အမောတကော ရောက်လာ၏။

" ရွှယ်စူး "

" ရိပ်ရယ် "

မှောင်မိုက်သော လမ်းမကြီးပေါ်မှာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်မိကြသည်။

" စိတ်ကို ဒုံးဒုံးချလိုက်စမ်းပါ ငါ ငါသေမှာကြောက်တာ ဘာဖြစ်လို့လဲ သိလား ရွှယ်စူး. . . "

ရွှယ်စူး မသိချင်တော့ပါ ကြားလည်းမကြားရက်။

ခေါင်းကိုအတင်း ခါယမ်းနေမိပေမယ့် ရိုင်က ဆက်ပြောနေ၏။

" ငါ နင့်ကိုသိပ်ချစ်လို့ပါ ငါ့ဘဝကနင်ပါ ရွှယ်စုးရယ် နင်မရှိတော့ရင် ငါ့ဘဝဒီတိုင်း တည်တည်ငြိမ်ငြိမ် ကျန်ခဲ့လိမ့်မယ်လို့ နင်ထင်သလား "

သူ မော့ယူလိုက်တော့ ရွှယ်စုး မျက်နှာလေး မော့လာသည်။

ပါးချင်းကပ်မိ နှုတ်ခမ်းထပ်လျက် မပြတ်သော သစ္စာတို့ဖြင့် နောက်ဆုံး အနမ်းများမှာ ခဏတော့ မေ့မူးသွားခဲ့မိကြ၏။

" စိတ်ကို တင်းထားရွှယ်စုး. . . လာ "

ကျောပေးထားသည့် ရွှယ်စုး၏ နောက်က ကားမီးရောင် တိုးဝင်လာတာကို ရိုင် မြင်လိုက်၏။

ထိုစဉ် တစ်ဘက်ထိပ်မှာလည်း ကားတစ်စီး ထိုကားဆီ လှည့်ပြေး၍ အကူအညီတောင်းရန် စိတ်ကူးက ပြေးရင်းလွှားရင်း ပေါ်လာသေးသည်။

သို့သော် ကားနှစ်စီးစလုံး ညှပ်ပူညှပ်ပိတ် လိုက်ကြသော သူတို့ လူတွေသာ ဖြစ်နေလျှင် ဆိုသော သတိကဝင်ဝင်လာသဖြင့် ပြေးနှုန်းကို ဖိ၍ မြင့်လိုက်သည်။

ထင်သည့်အတိုင်းပဲဖြစ်၏။

ကားနှစ်စီးသည် သူတို့ပြေးဝင်ခဲ့သော လမ်းထဲသို့ ရှေ့ဆင့်

နောက်ဆင့် တိုးရွေ့ပါလာ၏။

သားကောင်ကို ဘယ်လိုမှ လက်လွတ်ခံမှာ မဟုတ်သော ခြင်္သေ့အုပ်များလို ကားမီးလုံးတို့က တဝင်းဝင်း

သူ ပြေးသလောက် ရွှယ်ရူးက မပြေးနိုင်။

ရွှယ်ရူး ညွတ်ခနဲ ခွေကျသွား၏။

" အား "

" ရွှယ်ရူး "

ရှေးဆုံးကားက တိုးဝင်လာသည်။

ဆွဲထူပေးလိုက်သဖြင့် လက်ထဲမှာပါလာသည့် ရွှယ်ရူးကိုယ်ကို ရိုပ် တအား ဆောင့်တွန်းပစ်လိုက်၏။

" ဒုန်း "

" အား "

" ရိုပ် "

ရွှယ်ရူး ဒလိမ့်ခေါက်ကွေး လွင့်ထွက်သွားရာမှ စူးရူးဝါးဝါး အော်ကာ အတင်းပြန်ကျုံးထသည်။

မှောင်ရိပ်ထဲသို့ တိုးဝင်သွားသည့် ကားဘီးရာများပေါ်မှာ ရိုပ်

" ဟင့်အင်း. . . ရိုပ်. . . ရိုပ် နင်မသေရဘူး "

နောက်ထပ် ဦးတိုက်ပြေးဝင်လာသော ကားကို ရွှယ်ရူး

မမြင်တော့

လမ်းမပေါ်မှာ သူမကို စိတ်ချလက်ချ ထား၍ မှေးစက်လဲလျောင်းနေသော ရိုပ်ထံသို့သာ ရောက်အောင်ပြေးသည်။

သို့သော်

ဒုန်းခနဲအသံနှင့်အတူ သူမကိုယ်သည် လွင့်ခနဲ။

လမ်းမပေါ်သို့ ဘုန်းခနဲ ပစ်ကျကာ ခန္ဓာကိုယ်ဟာ မွမွကြေသွားဖို့သာ ရှိသော်လည်း သူမကိုယ်သည် နွေးအိသော အရာတစ်ခုထက်သို့ ကျလေသည်။

" ရိုပ် "

ရွှယ်ရွှေ ရိုပ်၏ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားလိုက်မိသည်။

ဒါပေမဲ့ လက်တို့သည် ဖွဖွသာသာလေးသာ ထိကိုင်နိုင်ကာ ပွေ့ဖက်လို့ မရပါလား။

စိတ်ကူးထဲမှာသာ ရိုပ်ကို သူ တအားဖက်၍ ရင်ကွဲမတတ် ငိုနေခဲ့၏။

တကယ်က သူမ မငိုနိုင်တော့ပါ။

နှုတ်ခမ်းမှ ပွက်ပွက်ကျသမျှဟာ သွေးတို့သာဖြစ်လျက် စကားသံတွေ မဟုတ်ခဲ့ပေ။

သေဆုံးသွားတဲ့အထိ ငါ့ကိုကယ်ခဲ့သေးတယ် ရိုပ်ရယ်။

လွင့်တက်သွားခဲ့သော သူမကိုယ်သည် ရိုင်၏သက်မဲ့ ခန္ဓာကိုယ်ပေါ်သို့ ကျ၏။

ထို့ကြောင့် သူမ ရိုင်ကို ထိကိုင်ခွင့်ရခဲ့သည်။

ပွေ့ဖက်၍ မရပေမယ့် ရိုင်၏မျက်နှာကို ပွတ်သပ်စမ်းကိုင်နိုင်သေးသည်။

ငိုလို့မရပေမယ့် သတိရနေသေး၏။

နင် ငါ့ကိုကယ်ပေမယ့် ငါငိုဖို့ပဲ ရိုင်ရယ် မျက်ရည်ကျဖို့ပါပဲ။

နင် ငါ့ကိုတစ်ခါတည်း သေခွင့်ပေးလိုက်ပါလား။

နင်နဲ့ငါအတူတူ လိုက်ခဲ့ချင်တာ။

မျက်ဝန်းမှ စီးကျနေသည်။

မျက်ရည်လား သွေးတွေလား. . . ရွယ်ရွး ဘာမှမသိ။

စီးကျနေသည့် ရိုင်၏မျက်ဝန်းများကိုသာ တမ်းတမြတ်နိုးစွာ ထိကိုင်ကြည့်နေမိသည်။

သူတို့ ကျေနပ်သွားကြပြီ သိလား။

မိုးကောင်းကင်ဆိုတဲ့ မိန်းမတစ်ယောက် အမြဲတမ်းအနိုင်ရမှုတွေနဲ့ ဝမ်းမြောက်နေနိုင်ပါစေ။

သူမဟာ သူမချစ်သော မင်းစက်ရာဆိုသည့် ယောကျ်ားနှင့် အတူတကွ သက်ဆုံးတိုင် အေးချမ်းစွာ ပေါင်းရပါစေ။

အတူတကွ သက်ဆုံးတိုင် အေးချမ်းစွာ ပေါင်းရပါစေ။

ကျွန်မကို အလွန်ချစ်သော လောင်းနိုင်သည်လည်း နောက်ဘဝများမှာ ချစ်သောသူကို ပိုင်ဆိုင်မြတ်နိုးခွင့် ရပါစေ။

ရွှယ်ရှုးသည် အုပ်မိုးနေသော မည်းနက်သည့် ကောင်းကင်ယံထက်က ငွေကြယ်ပွင့်တို့ဆီ ငေးနေလျက် မျက်ဝန်းတို့ကို ဖြည်းလေးစွာ မှိတ်ချပစ်လိုက်သည်။

ရင်ချင်းကပ် ပါးချင်းကပ်လျက် သူမ၏လက်ဖဝါးနုနုသည် နိုပ်၏ လက်ဖဝါးနှင့်ကပ်လျက်သား။

'လောကသည် ဝဋ်ကြွေးရှိသူတို့ကို တိကျရက်စက်စွာ ဒဏ်ခတ်၍ ကျေနပ်သွားခဲ့သည်လား။

ဒါမှမဟုတ် နောက်ထပ်အလှည့်ကျမည့်သူကို ရှာဖွေနေပြီလား။

ရွှယ်ရှုးဆိုသော ပိန်းမငယ်လေး၏ ခွင့်လွှတ်ခြင်းကို နာခံ၍ မိုးကောင်းကင်ကို ဆက်လက်အောင်နိုင်ခွင့်များနှင့် အေးချမ်းသာယာသွားလေမည်လား။

အချစ်သည် အစားထိုးလို့မရ။

ဖန်တီးလို့မရသော အလွန်မာနကြီးသည့် ဒြပ်မဲ့ပုံဆောင်ခဲတစ်ခုဖြစ်သည်ဆိုလျှင် မင်းစက်ရာဆိုသည့် ယောကျ်ား၏အချစ်ကို မိုးကောင်းကင် ရနိုင်ပါမည်လား။

သေချာသည်က အသိသက်သေနိုင်လုံစွာနှင့် ဥပဒေ၏အဆုံးအမကို မိုးကောင်းကင်နှင့် လူတစ်ခုကျခံရသွားပြီဆိုတာ ရှယ်စူးမသိ ရှာလေသလား။

မပြီးဆုံးခဲ့သော အချစ် အမုန်း အတ္တ အဆိပ်အားလုံးနှင့် ကျန်ရစ်ခဲ့သည့် သူတွေ၊ ဘယ်လို ရှေ့ဆက်ကြမည်ဆိုတာ မမြင်နိုင်သော အနာဂတ်၏ ကံတရားအတိုင်းသာ ဖြစ်လေသည်။

✿ ✿ ✿ ✿ ✿

ပဒိုသတင်းအတွက်

အမြဲထင်း

မှူး